# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ် (၀၈၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပိုလန်နိုင်ငံ သံအမတ်ကြီးနှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဗယ်လ်ဒယ်မာရ် ဒူဘာန်နုရော့စကီး သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ဗန်နက်ဆာ ချန် ယွမ် ရင် သည် ညနေ ၃ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ ဗန်နက်ဆာ ချန် ယွမ် ရင် အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်


**အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း ၂၉ နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူနှင့် ဘာသာပေါင်းစုံဆုတောင်းပွဲကျင်းပ** စာ » ၃

**လူငယ်များနှင့် လွတ်လပ်ရေးနေ့**
နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး စာ » ၆

**တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုပြပွဲ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူသူများနှင့် အထူးစည်ကား** စာ » ၇


## ပိုးသတ်ဆေးဓာတ်ကြွင်းကြောင့် ပြည်ပတင်ပို့နိုင်မှု မရှိဘူးဆိုသည့် ဖော်ပြချက် မမှန်ကန်ဘဲ ယခင်နှစ်ထက်ပင် ပိုပြီးတင်ပို့ထားနိုင်သည့် အခြေအနေဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တာဝန်ရှိသူများက ဦးဆောင်၍ ပဲစားသုံးမှု မြှင့်တင်ပွဲ၊ ပဲစားပွဲတော်များ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းက ကန့်ကွက်ကြောင်း သဘောထားကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင် ပဲဈေးကွက်များရှိသော်လည်း မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်နေသော ပဲများမှာ လက်ခံနိုင်သော ပမာဏထက် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပိုမိုများပြားနေ၍ ဝယ်ယူမှုမရှိသည်ကို သိရှိရကြောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်း များပြားသော ပဲအမျိုးမျိုး သီးနှံများကို စားသုံးမိပါက အာရုံကြောထိခိုက်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်းနှင့် ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားစေနိုင်ကြောင်း၊ ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စားသုံးသူကို ကာကွယ်ရမည့်အစား ပဲစိုက်တောင်သူနှင့် ပဲကုန်သည်များ၏ မျက်နှာတစ်ခုတည်းကို ကြည့်၍ ပြည်တွင်းတွင် ပဲစားသုံးမှု မြှင့်တင်ပွဲများ၊ ပွဲတော်များကို ဦးဆောင်ကျင်းပနေခြင်းကို ရပ်ဆိုင်းရန် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က "ပဲမျိုးစုံအပါအဝင် လယ်ယာထုတ်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ GAP လို့ခေါ်တဲ့ ကောင်းမွန်သော စိုက်ပျိုးခြင်း အလေ့အထတွေ ဖြစ်ပေါ်စေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းအားထုတ်နေကြတာ အားလုံးအသိဖြစ်ပါတယ်၊ ပြည်ပကို တင်ပို့လိုက်တဲ့ အချို့သီးနှံတွေမှာ သတ်မှတ်ထားတဲ့ ပိုးသတ်ဆေးဓာတ်ကြွင်း

*စာမျက်နှာ ၁၁ ကော်လံ ၁* ▲




မြန်မာ့အလင်း

# ပစ္စည်းခွန်စနစ်

ရန်ကုန်မြို့ရှိ အိမ်တစ်အိမ်၏ ခြောက်လတစ်ကြိမ်ပေးဆောင်ရသော ပစ္စည်းခွန် **(Property Tax)** သည် ၂၂၅ ကျပ် ဝန်းကျင်ခန့်သာရှိသည်ဟု သိရှိရပါသည်။ လက်ဖက်ရည်တစ်ခွက်၊မုန့်ဟင်းခါးတစ်ပန်းကန်ပင် မဝယ်နိုင်လောက်အောင်နည်းပါးသော ငွေပမာဏ ဖြစ်ပါသည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ အိုးအိမ်ခြံမြေတို့၏ ဈေးနှုန်းသည် ကမ္ဘာ့နိုင်ငံကြီးများနှင့်နှိုင်းယှဉ်နိုင်လောက်သည်အထိ မြင့်မားနေချိန်၌ အိုးအိမ်ခြံမြေတို့အပေါ်ပေးဆောင်ရသော ပစ္စည်းခွန်က ဤမျှနည်းပါးနေခြင်းသည် မလွဲမသွေ အလျင်အမြန်ကိုင်တွယ်ဆောင်ရွက်ရမည့်ကိစ္စရပ် ဖြစ်ပါသည်။

ဉာဏ်လင်းသစ်အဖွဲ့ **(Renaissance Institute)** က လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော ပစ္စည်းခွန်စနစ်အား ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် အကြံပြုချက်တစ်ရပ်ကို ဒီဇင်ဘာ ၁၉ ရက်နေ့က ထုတ်ပြန်ကြောင်း သိရှိရပါသည်။ ဉာဏ်လင်းသစ်အဖွဲ့က ပစ္စည်းခွန် ကောက်ယူရာ၌ အဓိကပါဝင်ဆောင်ရွက်ရသည့် စည်ပင်အဖွဲ့အစည်းတို့အား ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရန် အကြံပြုထားပါသည်။ ပစ္စည်းခွန်ကောက်ယူရာ၌ လက်ရှိအောင်မြင်မှုရနေသော မြို့ကြီးတို့၏ အောင်မြင်မှုကို ကျန်မြို့များက လေ့လာအတုယူ၍ ပြုပြင်ပြောင်းလဲရန်ဟူသော ဉာဏ်လင်းသစ်အဖွဲ့၏ အကြံပြုချက်သည် လက်တွေ့ကျသော အကြံပြုချက်ဖြစ်၍ ထောက်ခံကြိုဆိုလိုပါသည်။

ပစ္စည်းခွန်ကောက်ယူရာ၌ ပြည်သူလူထု၏ ထောက်ခံပူးပေါင်းဆောင်ရွက်မှုရရှိနိုင်ရန် ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရမည်ဟူသော ဉာဏ်လင်းသစ်အဖွဲ့၏ အကြံပြုချက်သည်လည်း အလေးအနက်ထားဆောင်ရွက်ရမည့် အကြံပြုချက်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ပစ္စည်းခွန်အပါအဝင် အခွန်တို့ကို ကောက်ခံရာ၌ ပြည်သူတို့၏ မှန်မှန်ကန်ကန်သိရှိနားလည်မှုက အခရာဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပစ္စည်းခွန်ကောက်ခံရရှိမှု နှုန်းထားကို ဒေသတွင်းရှိနိုင်ငံတို့နှင့်နှိုင်းယှဉ်ကြည့်ပါက သိသိသာသာနိမ့်ကျနေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ဤအချက်က ပစ္စည်းခွန်နှင့်ပတ်သက်၍ ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေးရန် လိုအပ်သည်ကို ညွှန်ပြနေပါသည်။

ကောက်ခံရရှိသော အခွန်စာရင်းတို့ကို ကွန်ပျူတာအချက်အလက်အဖြစ် ပြောင်းလဲမှတ်တမ်းတင်ထားရှိခြင်းအပါအဝင် ဌာနအချင်းချင်း အပြန်အလှန် မျှဝေစီးဆင်းစေရန်ဟူသော ဉာဏ်လင်းသစ်အဖွဲ့၏ အကြံပြုချက်သည်လည်း စနစ်တကျတစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရမည့် ကိစ္စရပ်ဖြစ်သည်ဟု ယူဆပါသည်။ အခွန်ထမ်းဆောင်ရမည့်ပြည်သူတို့ကို ပညာပေးရုံသာမက အခွန်ထမ်းဆောင်လိုစိတ် ဖြစ်ပေါ်လာစေရန် မက်လုံးပေးဆွဲဆောင်ရမည်ဟူသော အကြံပြုချက်သည်လည်း ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့် နိုင်ငံတို့၌ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေသောစနစ်ဖြစ်၍ ဉာဏ်လင်းသစ်အဖွဲ့က ဖြစ်သင့်ဖြစ်ထိုက်သော စနစ်တစ်ရပ်ကို အကြံပြုလိုက်ခြင်းဖြစ်ပါသည်။ အိုးအိမ်ခြံမြေတို့ကို တန်ဖိုးဖြတ်ရသော ရာပြတ်စနစ်ကို ပိုမိုထိရောက်ကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်ရမည်ဟူသော ဉာဏ်လင်းသစ်အဖွဲ့၏ အကြံပြုချက်သည်လည်း လက်တွေ့ကျသော အကြံပြုချက်တစ်ရပ်ဖြစ်ပါသည်။ အခွန်ကိစ္စဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တို့အား တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် စံလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့် **(Standard Operating Procedure - SOP)** ရေးဆွဲရမည်ဟူသော ဉာဏ်လင်းသစ်အဖွဲ့၏ အကြံပြုချက်သည်လည်း အလေးအနက်သုံးသပ်ရမည့် ကိစ္စရပ်ဖြစ်သည်ဟု ခံယူပါသည်။

နိဂုံးချုပ်အနေဖြင့် ဉာဏ်လင်းသစ်အဖွဲ့၏ အကြံပြုချက်တို့သည် တာဝန်ရှိ အာဏာပိုင်အဖွဲ့အစည်းတို့က အလေးအနက်သုံးသပ်ရမည့် အကြံပြုချက်တို့ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## စာအုပ်စာပေ လှူမိတ်ဆွေ

# ကျေးရွာချင်းဆက်မြေသားလမ်းများကို ကျောက်ချောလမ်းဆောင်ရွက်

**ရွှေကူ ဒီဇင်ဘာ ၂၇**



ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ရှိ ဟင်းအွန်၊ ခိုလိတ်၊ နောင်ပင်၊ မြို့ကုန်း၊ စီသော်၊ စီငန်း၊ လိပ်စင်း၊ မိုးစစ်ကျေးရွာတို့သို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းများသည် ရွှေကူမြို့သို့သွားရန်အတွက် အားထားရသောလမ်း ဖြစ်သည်။ ကျေးရွာပြည်သူအများ စီးပွားရေး၊ လူမှုရေးတို့အတွက် သွားလာအသုံးပြုရသောလမ်းဖြစ်သည်။

မိုးစစ်ကျေးရွာအထွက် နှစ်မိုင်မှစပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အဆိုပါ ကျေးရွာချင်းဆက်လမ်းများကို ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းလမ်းသည် ယခင်က မိုးရာသီဆိုလျှင် မိုးရွာသွန်းမှုများပြားပါက လမ်းမြေသားနိမ့်ကာ ရွှံ့နွံများရှိသဖြင့် အလွန်ခက်ခဲပြီး မော်တော်ယာဉ်များ သွားလာ၍မရ၊ မိုးလေကင်းလွတ်သော ပွင့်လင်းရာသီ၌ အဆိုပါလမ်းပေါ်မှ ချိုင့်ခွက်များကို ရှောင်တိမ်းပြီး သွားလာနေရသောကြောင့် ခရီးမတွင်ကျယ်ဘဲ ကြန့်ကြာခဲ့ကြရသည်။

ထိုကျေးရွာချင်းဆက် မြေသားလမ်းအရှည်ခုနစ်မိုင်ကို လမ်းအကျယ် ၁၂ ပေချဲ့ပြီး ကျောက်လမ်းများအဖြစ် ဆောင်ရွက်လျက်ရှိရာ တစ်မိုင်ခန့်သာ ကျောက်ခင်းရန် ကျန်လျက်ရှိသည်။

ယင်းကျောက်ချောလမ်းပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေးလွယ်ကူချောမွေ့စွာ အသုံးပြုနိုင်တော့မည်ဖြစ်၍ ထိုလမ်းကို အားထားသွားလာနေရသော ပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**



## မယင်း(ရွာမ)ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မယင်း(ရွာမ)ကျေးရွာ၌ ကိုရီးယားနိုင်ငံ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေးနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများ လူထုအင်အားဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ချက်များအနက် လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်လလျှင် နှစ်ကြိမ်သန့်ရှင်းရေးဆောင်ရွက်ရာတွင် ရွာသူရွာသားများ၊ ကျောင်းသားကျောင်းသူများက ကျေးရွာဘုန်းကြီးကျောင်း၊ ရွာလယ်လမ်းမနှင့် လမ်းကြားများ အမြန်ပြီးမြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

*ထင်သာမြင်သာ ပြုပြင်စရာ*

## ကမာရွတ်မြို့နယ် ရပ်ရွာနေပြည်သူအခြေပြုအဖွဲ့ရုံး ပြန်လည်ဖွင့်လှစ်ပေးစေလို

ကမာရွတ်မြို့နယ်၌ ရပ်ရွာနေပြည်သူအခြေပြုအဖွဲ့သည် အမှတ်(၃)ရပ်ကွက် လှည်းတန်းဘူတာအနီး စိန်ဂေဟာမှ လျှောဒါန်းသည့် အဆောက်အအုံကို ညတိုင်းလာရောက်ခဲ့ရာ အများပြည်သူတို့ လုံခြုံရေးအတွက် ဝမ်းပန်းတသာရှိခဲ့ကြပြီး ခရီးသွားပြည်သူများ စိတ်အေးချမ်းသာ သွားလာနိုင်ခဲ့သည်။

“ အရင်က အဲဒီအဖွဲ့ရှိတော့ တော်ရုံတန်ရုံ အမှုအခင်းမဖြစ်တော့ဘူး၊ အခုနှစ်လနီးပါး မီးမှောင်ချပြီး အဲဒီအဆောက်အအုံကို သော့ခတ်ပိတ်ထားပါတယ်၊ ဒါကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ပေးစေလိုပါတယ်”ဟု လှည်းတန်းဘူတာအနီးတွင် နေထိုင်သူ တစ်ဦးက ပြောသည်။

အဆိုပါ လှည်းတန်းဘူတာအနီးရှိ မီးမှောင်ချပြီး သော့ခတ်ပိတ်ထားသော အမှတ်(၃) ရပ်ကွက် ရပ်ရွာနေပြည်သူအခြေပြုအဖွဲ့ အဆောက်အအုံကို သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ရပ်ကွက်နေသူများက မျှော်လင့်နေကြကြောင်း သိရသည်။

၃၄၉

## ရွှေ၊ ငွေ၊ စက် သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၀၆၅၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၅/၇၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၇၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၃၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၅/၈၁၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၇ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ·၁ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၂ |
| တရုတ် | တစ်ယွမ် | ၂၀၈ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ ·၁ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း ၂၉ နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူနှင့် ဘာသာပေါင်းစုံ ဆုတောင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း ၂၉ နှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေးအလှူကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၅၄ ရှိ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ပြုလုပ်သည်။

**အနုမောဒနာတရား နာယူ**

နှစ်ပတ်လည် ဆွမ်းကျွေးအလှူတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ အမှူးပြုသော သံဃာတော် ၁၅ ပါးတို့အား ပင့်ဖိတ်ကာ ဆွမ်းနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူသည်။

**ဆုတောင်းမေတ္တာပို့သ**

မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာအလိုက် အောက်မေ့ဖွယ်ရာ ဆုတောင်းမေတ္တာများ ပို့သကြသည်။

**မေတ္တာစကားပြောကြား**

ဘာသာပေါင်းစုံ ဆုတောင်းခြင်းအခမ်းအနားတွင် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာ၊ ဘဟာအီဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များက မေတ္တာစကားပြောကြားခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ အမှူးပြုသော သံဃာတော်များအား သင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာပေါင်းစုံ ဆုတောင်းခြင်း အခမ်းအနားတွင် ဘာသာပေါင်းစုံမှ ဘာသာရေး ခေါင်းဆောင်များက အောက်မေ့ဖွယ် ဆုတောင်းမေတ္တာပို့သစဉ်။

သတင်းစဉ်

# ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာမြှင့်မားရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်သည့် ဥပဒေဖြစ်ရန်လို

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၇)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများ ကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက Bar Council Act ကို ဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုပြီး ဖြစ်၍ မကြာမီ ထုတ်ပြန်မည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ၎င်းကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အကြံဉာဏ်ကို ရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပိုမိုပြည့်စုံကောင်းမွန်သည့် ဥပဒေဖြစ်ပေါ်လာရေးအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များကလည်း အကြံပြုပေးစေလိုကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ပြည်သူများအား ဥပဒေဆိုင်ရာ အထောက်အကူများပေးရေး၊ ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာမြှင့်မားရေး စသည့်လုပ်ငန်းများကို အထောက်အကူပြုနိုင်သည့် ဥပဒေဖြစ်ရန်လည်း လိုအပ်ကြောင်း။

ယနေ့ အစည်းအဝေး၌ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုပါရန် လျှောက်လွှာ ၆၅၃ စောင်ကိစ္စ၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ Online ဖြင့် ဖွင့်လှစ်သင်ကြားသော ဘွဲ့လွန်ဥပဒေပညာ ဒီပလိုမာသင်တန်း အောင်မြင်သူများက တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုပါရန် လျှောက်လွှာ လေးစောင်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအချို့၏ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုနှင့် စပ်လျဉ်း၍ သဘောထားတောင်းခံလာသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေအချို့အပေါ် ကျင့်ဝတ်သိက္ခာနှင့် ပတ်သက်၍ အရေးယူပေးပါရန် တင်ပြလာသောစာများအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ လွှဲပြောင်းပေးပို့ခြင်းအား မှတ်တမ်းတင်ခြင်းကိစ္စ စသည်များကို



ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တရားလွှတ်တော်ရှေ့နေများ ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



## သံအမတ်ခန့်အပ်လွှာ ပေးအပ်

ဒီဇင်ဘာ ၂၇ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဗယ်လ် ဒယ်မာရ် ဒူဘန်နုရော့စကီးက ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ (သတင်း-ရုပ်ရှေ့ဖုံး)

သတင်းစဉ်

## သံအမတ်ကြီး ဦးမိုးကျော်အောင် အိန္ဒိယနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင်သည် ၎င်း၏ ခန့်အပ်လွှာကို ဒီဇင်ဘာ ၂၂ ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ်နက်သ် ကိုဗင့်ဒ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများမှ ထူးချွန်သင်တန်းသူများကို နိုင်ငံခြားဟိုတယ်ဝန်ဆောင်မှုသင်တန်းသို့ ဆက်လက်စေလွှတ်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Luxembourg Agency For Development Cooperation၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း (MHPA) နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ ညှိကြို သင်တန်း၊ အိမ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းများဖွင့်ပွဲအား ယနေ့နံနက် ၉ နာရီခွဲတွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပခုက္ကူ)၌ ဖွင့်လှစ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းမောင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

### သင်ကြားပေးလျက်ရှိ

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် ဘဝရပ်တည်နိုင်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် နယ်စပ်ဒေသအသီးသီးမှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကိုးကျောင်း ဖွင့်လှစ်ပြီး လက်သမား၊ ပန်းရန်၊ သံချည် သံကွေး သင်တန်း၊ လျှပ်စစ်ဂဟေသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ လက်ကိုင်တယ်လီဖုန်းပြုပြင်ခြင်း သင်တန်းစသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးလျက်ရှိပါကြောင်း။

အမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၃ ကျောင်း ဖွင့်လှစ်ပြီး သက်မွေးပညာရပ်များဖြစ်သည့် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ ကနုကမာကျောက်စီပန်းချီသင်တန်း၊ အိမ်တွင်းမှုလက်မှု ကြိမ်၊ ဝါးသင်တန်း၊ ဟင်းလျာချက်ပြုတ်နည်းသင်တန်းတို့ကို သင်ကြားပေးလျက်ရှိပြီး အိမ်တွင်းမှုသင်တန်းကျောင်း ဖွင့်လှစ်နိုင်ခြင်း မရှိသည့် ဒေသများမှာ Mobile သင်တန်းများကိုလည်း ဒေသ၏ လိုအပ်ချက်အရ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

### ဝိုင်းဝန်းကူညီဆောင်ရွက်

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည်လည်း အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာမည်ကို တွေ့ရှိရပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းလုပ်ဆောင်နေသည့် နယ်မြေများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာသည့်နည်းတူ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းက ဖော်ဆောင်ပေးနေကြောင်း၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသူများအနေဖြင့် သင်ကြားပေးသော သင်ခန်းစာများကို ကြိုးကြိုးစားစား သင်ယူကြရန်လိုကြောင်း၊ သင်တန်းသူ အဆက်မပြတ်ရရှိရေး၊ သင်တန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားကြရန် မှာကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယခုဖွင့်လှစ်ပေးသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၌ ထူးချွန်သည့် သင်တန်းသူများကို နိုင်ငံခြားဟိုတယ်ဝန်ဆောင်မှုသင်တန်းများသို့ ဆက်လက်စေလွှတ်သင်ယူစေမည် ဖြစ်ပါကြောင်း၊ ယခုသင်တန်းဆင်းများကိုလည်း လုပ်ငန်းခွင်သို့ တစ်ပါတည်း ခန့်အပ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်စဉ် မိမိဝါသနာပါသည့် နိုင်ငံခြားဘာသာစကားများကိုလည်း ပြောဆိုနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုလို ဟိုတယ်ဝန်ဆောင်မှုသင်တန်းများကို အခြား ပြည်နယ်၊ တိုင်းဒေသကြီးများ၌လည်း ဆက်လက်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး **(အပေါ်ပုံ)** ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာ၊ စားဖိုဆောင်၊ အိပ်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ပေးခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ပခုက္ကူ)မှ သင်တန်းသူ ၇၅ ဦး၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပုသိမ်)မှ သင်တန်းသူ ၇၅ ဦး စုစုပေါင်း ၁၅၀ တို့အား ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စာတွေ့သုံးလနှင့် လက်တွေ့သုံးလ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပခုက္ကူ)၌ ကျောင်းအုပ်၊ နည်းပြများ၊ သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❋ *ကျောဖုံးမှ*

ရတနာပုံအတွက် ချေပဂိုးကို ဝင်းနိုင်စိုးက သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ Southern အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲ လေးပွဲမြောက်ကစားရာတွင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ Southern အသင်းအတွက်ဂိုးများကို ဒီမီထရီ၊ ရဲထက်အောင်၊ သက်ပိုင်စိုးနှင့် သန်းဇော်မျိုးတို့က သွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက်ဂိုးများကို နေလင်းထွန်းနှင့် ရွှေကိုတို့က သွင်းယူပေးခဲ့သည်။ ရောဝတီအသင်းသည် မြန်မာ ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသား တိုက်စစ်မှူး မိုက်ကယ်၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ အခြားပွဲတွင် မကွေးအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ညနေပိုင်း၌ယှဉ်ပြိုင်ကစားသည့်ခြေစမ်းပွဲတွင် ရန်ကုန်အသင်းက GFA အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဖိုးသော်ဇင်**

◆ *ကျောဖုံးမှ*

လာရောက်ကြည့်ရှုသူများပြီး လိုအပ်ပါက တစ်လတိတိ ရက်ထပ်တိုးပြသသွားနိုင်ရန် စီစဉ်ထားကြောင်း LJ LED ကမ္ဘာမီးအလှဆင်ကုမ္ပဏီမှ ကိုရဲမြင့်က ပြောသည်။

"ပြည်တွင်းခရီးသွားတွေ၊ ဒေသခံပြည်သူတွေအပြင် နိုင်ငံတကာ ခရီးသွားတွေလည်း စိတ်ဝင်တစားနဲ့ လာရောက်ကြည့်ရှုလေ့လာကြတယ်၊ တချို့နိုင်ငံခြားသားတွေဆို မိသားစုလိုက်လာကြပြီး အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတာကို တွေ့ရပါတယ်၊ ဒီ LED မီးလုံးတွေကို နိုင်ငံတကာမှာ အိမ်တိုင်း အလှဆင်ချိတ်ဆွဲထားကြတာကို သိစေချင်တဲ့ ရည်ရွယ်ချက်ပါ၊ ဒီမှာလာပြီး ချိတ်ဆွဲပြသတာက အမရပူရ မြို့မိ မြို့ဖနဲ့ ဒေသခံတွေရဲ့ ဖိတ်ခေါ်မှုနဲ့ အားပေးကူညီမှုကြောင့် ဒီလိုပြသနိုင်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

Myanmar LED Beautiful world မီးအလှဆင်ပြပွဲတွင် LED မီးလုံးများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နာမည်ကျော် ရဲတိုက်များ၊ အဆောက်အအုံပုံများနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များကို ပုံစံပြသထားပြီး ပြည်တွင်း၊ ပြည်ပမှ လာရောက်ခံစားလေ့လာကြည့်ရှုသူများကို လူကြီး ငွေကျပ် ၂၀၀၀ နှင့် ကလေး ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး သံဃာတော်များ၊ သက်ကြီးရွယ်အိုများ၊ လူမှုအဖွဲ့အစည်းများ၊ မိဘမဲ့ဂေဟာများ၊ ဘုန်းတော်ကြီးသင် ကျောင်းများနှင့် မသန်စွမ်းသူများအား အခမဲ့ဝင်ရောက်ကြည့်ရှုခွင့်ပြုထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**




## ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်

**ပြည်သူရဲ့ထောက်ခံမှု၊ ပြည်သူရဲ့ယုံကြည်မှု၊ ပြည်သူရဲ့ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လို အခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ၊ ပြည်သူရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၂-၁၀-၂၀၁၇ ရက်နေ့ ပြည်သူသို့ တင်ပြချက်မှ ကောက်နုတ်ချက်)

# မြန်မာနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Dr. Ito Sumardi ဦးဆောင်သော JAPFA Comfeed Myanmar Lte., Ltd မှ Managing Director, Mr. Gerald Eman နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့် ကြက်မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု၊ အခြားမွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် အစီအစဉ်များ၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ စိုက်ပျိုးရေးအထောက်အကူပြု မြေသြဇာအဖြစ် ပြန်လည်ထုတ်လုပ်ရန်များ၊ မွေးမြူရေးလုပ်ငန်းကဏ္ဍ တိုးတက်ရေးနှင့် ပြည်ပဈေးကွက်ရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးတို့ လက်ဆောင်ပစ္စည်း အပြန်အလှန် ပေးအပ်စဉ်။** သတင်းစဉ်

# ခေတ်စနစ်နှင့် လိုက်လျောညီထွေသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်တော့မည် ကလေးသူငယ်များ၏ အခွင့်အရေးလေးရပ်ကို အပြည့်အဝ ဖော်ထုတ်ပေးနိုင်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၇

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၁၇)ကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။**

**အပြည့်အဝဖော်ထုတ်ပေး**

ပြည်ထောင်စုဝန်ကြီးက လူတိုင်းကလေးသူငယ်မှအစ အခြေခံအခွင့်အရေးများ အပြည့်အဝရရှိရန် လိုအပ်ကြောင်း၊ လူ့အခွင့်အရေးဖော်ဆောင်ပေးခြင်းသည် မညီမျှခြင်း၊ စိတ်ခံစားမှုပြင်းထန်စေခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများကို လျော့နည်းစေသဖြင့် ငြိမ်းချမ်းရေးကို ဦးတည်ပါကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးကာကွယ်ပေးရေးနှင့် အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရေးအတွက် ကလေးသူငယ်ဥပဒေကို ၁၉၉၃ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ခေတ်စနစ်နှင့်လိုက်လျောညီထွေသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို မကြာမီပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း၊ ဥပဒေအသစ်ပြဋ္ဌာန်းပြီးပါက လုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးလေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် များကို အပြည့်အဝဖော်ထုတ်ပေးနိုင်ရေး နိုင်ငံတော်အစိုးရက ဦးဆောင်၍ ကြိုးစားဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

**လုပ်ငန်းတာဝန်ငါးရပ်**

ကလေးသူငယ်များ၏ အခွင့်အရေးများကို ဖော်ဆောင်ရာတွင်လည်း ကလေးသူငယ်များနှင့်ပတ်သက်၍ အကြမ်းဖက်မှုများ၊ အလွဲသုံးစားပြုမှုများ၊ လျစ်လျူရှုမှုများ၊ ခေါင်းပုံဖြတ်မှုများကို မည်သည့်နည်းနှင့်မျှ မပြုကြရန် အထူးလိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ စာချုပ်တွင် ပါဝင်သော အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ငါးရပ်ဖြစ်သည့် ဥပဒေပြဋ္ဌာန်းခြင်း၊ အမျိုးသားကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်းအဆင့်၌လည်း အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် အာဆီယံလူမှုဝန်ထမ်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်များအတွက် အကျိုးရှိသည့် ရှေ့လုပ်ငန်းစဉ်များကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးဖော်ထုတ်ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ (၁/၂၀၁၆) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါ်ရူပါမြက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံကတင်သွင်းမည့် ပဉ္စမနှင့် ဆဋ္ဌမအကြိမ် ပူးတွဲအစီရင်ခံစာနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် ကလေးသူငယ်အခွင့်အရေးလေးရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အသီးသီးရှင်းလင်းတင်ပြခဲ့ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပညာရှင်များက ကလေးသူငယ်အခွင့်အရေးများကို အပြည့်အဝ ဖော်ထုတ်ပေးနိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# "အဂတိလိုက်စားမှု တွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာ မြှင့်တင်စို့" စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေးတို့ကို အဓိက ဟန့်တားနှောင့်ယှက်နေသော ဘေးအန္တရာယ်တစ်ရပ်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ယင်းဘေးအန္တရာယ်ကို တိုက်ဖျက်နိုင်ရန် ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးဖြစ်သည့်အပြင် ရေရှည်လုပ်ငန်းစဉ်အတွက် မဟာဗျူဟာစီမံချက်တစ်ရပ်ကိုလည်း ရေးဆွဲလျက်ရှိသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုနှင့် ပတ်သက်သူများသာမက ကင်းရှင်းသူများကပါ အဂတိလိုက်စားမှုကို လုံးဝသည်းခံ၊ ခွင့်လွှတ်၊ လျစ်လျူရှုကြရမည် မဟုတ်ပါ။

သို့ဖြစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်၏ ကနဦးခြေလှမ်းအဖြစ် ပညာပေးရေး၊ သတိပေးရေး၊ ဟန့်တားကာကွယ်ရေးတို့အတွက် လူ့အသိုက်အဝန်းအသီးသီးတွင် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂၊ ၂၃ ရက်တို့တွင် ရန်ကုန်မြို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းဆောင်ရွက်သော "အဂတိလိုက်စားမှု တွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာ မြှင့်တင်စို့" (Promote Integrity to Counter Corruption) ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးပွဲ (Symposium)ကို ကျင်းပသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသော ပညာရှင်များ၊ အသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများသည် စာတမ်းဖတ်ကြားဆွေးနွေးနိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ အုပ်စု (၁) အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော် myanmaracc2014@ gmail.com ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၈၁၀၃၂၇၃ တို့သို့ ၁၂-၁-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့နိုင်ပါကြောင်း သိရသည်။

ဖတ်ကြားမည့်စာတမ်း soft copy ကို ၁၆-၁-၂၀၁၈ ရက်နေ့မတိုင်မီ အထက်ပါလိပ်စာအတိုင်း ပေးပို့ပေးရန်နှင့် အသေးစိတ်သိရှိလိုပါက www.accm.gov.mm Website တွင် ကြည့်ရှုနိုင်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# တောင်ငူမြို့နယ် ပသိဆည်မှ နှမ်းစပါးစိုက်ပျိုးရန် ရေများ စတင်ပေးဝေလျက်ရှိ

**တောင်ငူ ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသရှိ တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ပသိဆည်မှ ဒီဇင်ဘာ ၂၅ ရက်က စတင်ကာ ရေများပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းတင်က ပြောကြားသည်။

ပသိဆည်ရေသောက်ဧရိယာ ၁၅၁၁ ကေရှိသည့်အပြင် ကရင်ချောင်း ရေလွှဲဆည်ရေသောက် ဧရိယာဧက ၄၄၀၊ ကမ်းနီရေလွှဲဆည် ဧရိယာ ဧက ၁၂၁၀ နွေစပါးများ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

"စပါးဈေးကောင်းတော့ တောင်သူတိုင်းလိုလို နွေစပါးစိုက်ချင်ကြတယ်၊ နွေစပါးက မိုးစပါးနဲ့မတူဘူး၊ အထွက်နှုန်းကောင်းတော့ အကျိုးအမြတ်ပိုရတယ် "ဟု ရွှေလေးအင်းကျေးရွာနေ တောင်သူ တစ်ဦးက ပြောကြားသည်။

ထို့အပြင် နွေစပါးစိုက်တောင်သူများ စိုက်ပျိုးကေတိုးချဲ့နိုင်ရန် စက်ယန္တရားများဖြင့် မြောင်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရေပေးမြောင်းများ ပြုပြင်ခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် စိုက်ကေပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လူငယ်များနှင့် လွတ်လပ်ရေးနေ့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာနိုင်ငံသည် ရှည်လျားခိုင်မာသော သမိုင်းကြောင်းများနှင့် ရပ်တည်ခဲ့သည်ကို လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြသလျက်ရှိသည်။ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်ခမ်းနားထည်ဝါစွာ နေနိုင်ခဲ့သည်ကိုလည်း ဘုရင့်နောင်၊ အနော်ရထာနှင့် အလောင်းမင်းတရားကြီးတို့၏ ခေတ်ကာလများတွင် မော်ကွန်းတင်ခဲ့သောခိုင်မာသည့် သမိုင်းအထောက်အထားများရှိနေပေသည်။ ထိုခေတ်ထိုအခါက မြန်မာဆိုလျှင် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံကြီးများကပါ အထင်ကြီးလေးစား တန်ဖိုးထားခဲ့ကြရသည်။

**သူ့ကျွန်ဘဝကျရောက်**

သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ နယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်တိုင်တိုင် ဆင်နွှဲခဲ့သဖြင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးပြန်လည်ရရှိသည့်အချိန်အထိ သူ့ကျွန်ဘဝအောက်တွင် နှစ်ပေါင်း ၁၂၀ ကျော် နေခဲ့ရသည်။ ထိုကာလများသည် ပြည်သူများအတွက် ခါးသီးသောနေ့ရက်များပင်ဖြစ်သည်။ ထိုသို့ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိရေးအတွက် ပြည်သူများ၏ အသက်သွေးချွေး မြောက်မြားစွာပေးဆပ်ခဲ့ရသည်။

**လွတ်လပ်ရေးတိုက်ပွဲဝင်**

မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားပြည်သူများသည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြသည်။ စနစ်တကျ စုစည်းတိုက်ခိုက်ခြင်းမရှိသည့်အပြင် လက်နက်အင်အားကွာခြားမှုကြောင့် အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် နယ်ချဲ့ကိုတော်လှန်လိုသည့် စိတ်ဓာတ်နှင့် လွတ်လပ်ရေးရယူလိုသော စိတ်ဓာတ်ကိုမူ လုံးဝမစွန့်လွှတ်ခဲ့ပေ။ အခွင့်ရေးရလျှင်ရသလို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

၁၉၂၀ ပြည့်လွန်နှစ်များမှစ၍ လူငယ်များအကြားတွင် မျိုးချစ်စိတ်ဓာတ်ပိုမိုပြင်းထန်လာခဲ့သည်။ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံးစသည့် အသင်းကြီးများဖွဲ့စည်းကာ လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် အမျိုးသားရေးလှုပ်ရှားမှုများဖြစ်သည့် တောင်သူလယ်သမား၊အလုပ်သမားနှင့် ၁၃၀၀ ပြည့်အရေးတော်ပုံများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများထဲတွင် မျိုးချစ်စိတ်ဓာတ်ပြင်းထန်ပြီး လွတ်လပ်ရေးကို အရယူသွားမည်ဆိုသော သံမဏိစိတ်ဓာတ်ကိန်းအောင်းနေသည့် လူငယ်တစ်ဦး ပေါ်ထွန်းလာခဲ့သည်။ ထိုသူကား အခြားမဟုတ်ချေ။ ပြည်သူအားလုံး၏ ရင်ထဲတွင်ကိန်းအောင်းလျက်ရှိသည့် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။

သခင်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်း ကြမ်းတမ်းစွာသင်ယူခဲ့ရသည်။ ထို့နောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာကိုပင် ပေးဆပ်ကာ တိုက်ခိုက်သွားမည်ဟု သစ္စာဆိုလျက် လက်မောင်းသွေးဖောက်သောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့နောက်မဟာမိတ်များကို တိုက်ခိုက်ရေးအတွက် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲ၍ ဝင်ရောက်ခဲ့ကြသည်။ ထိုစဉ်က တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးလိုသော ပြည်သူများသည် ကိုယ်ကျိုးမဖက်ဘဲ တပ်မတော်အတွင်းသို့ တဖွဲဖွဲ ဝင်ရောက်ခဲ့ကြသည်။ မျိုးချစ်မြန်မာများသည် တပ်မတော်ကို အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပြီး အင်အားတောင့်တင်းခိုင်မာအောင်စုဖွဲ့လေ့ကျင့်ကာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြီး ပြန်လည်ရရှိသည်အထိ ကြိုးပမ်းနိုင်ခဲ့ကြသည်။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်**

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပြည်တွင်းသောင်းကျန်းမှုများလည်း ပေါ်ပေါက်လာခဲ့သည်။ ယင်းမှာ နယ်ချဲ့ကိုလိုနီတို့၏ အမွေဆိုးပင် ဖြစ်သည်။ သို့သော်ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခရာကျနေသောကြောင့် အစိုးရအဆက်ဆက်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့အပြင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးညီလာခံကြီး(၂၁ ရာစု ပင်လုံ)ကိုလည်း ဒုတိယအကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံကြီးများ၌ အပြုသဘောဆောင်သော ဆွေးနွေးမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးအတွက် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်ခဲ့သည်။ တတိယအကြိမ် ညီလာခံကြီးကိုလည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်းတွင် ပြုလုပ်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

**အားလုံးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး**

“တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာလွတ်လပ်ပင် လွတ်လပ်သော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ -၁သည်တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်”ဟူ၍ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီး၌ သတိပေးပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်၏မိန့်ခွန်းသည် နားထောင်ရာတွင် နားဝင်မချိုသော်လည်း ထိထိမိမိရှိလှသည်။ နိုင်ငံသားအားလုံး သတိထားရမည့်အချက်ကို ထိထိမိမိ ပြောခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်အထိလည်း ထင်ဟပ်မှန်ကန်နေဆဲပင်ဖြစ်သည်။ ထိုမိန့်ခွန်း၏အနှစ်သာရသည် ကမ္ဘာတည်သရွေ့ဆက်လက်မှန်ကန်နေမည်ဖြစ်သည်။ တိုင်းပြည်တစ်ခုတည်ဆောက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် မည်မျှအရေးပါနေကြောင်းကို အနာဂတ်ကို မျှော်တွေးကာ သတိပေးသွားခြင်းဖြစ်သည်။

> **“တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီ ညီညွတ်ရေးနှစ်ခုမရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာလွတ်လပ်ပင် လွတ်လပ်သော်လည်း ဘယ်ပါတီ တက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ -၁သည်တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်”**

**နိုင်ငံတကာကိုသင်ခန်းစာယူသင့်**

ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲနေသော နိုင်ငံများကို ပြည်ပနိုင်ငံများက လွယ်ကူစွာ ဝင်ရောက်စွက်ဖက်လေ့ရှိကြသည်။ သာဓကအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများကို ကြည့်နိုင်သည်။ ထိုနိုင်ငံများသည် လွတ်လပ်ရေးမဆုံးရှုံးရသေးသော်လည်း ခိုင်မာသော အစိုးရတစ်ရပ်မရှိသဖြင့် အပြစ်မဲ့ပြည်သူများ ဒုက္ခပင်လယ်ဝေနေကြသည်။ ပြည်သူများသည် နေအိမ်စွန့်ခွာကာ ရွှေ့ပြောင်းဒုက္ခသည်များအဖြစ် ရပ်တည်နေကြရပြီး ကျီးလန့်စာစားဘဝမျိုးမှပင် လွတ်မြောက်နိုင်ခြင်းမရှိကြသေးချေ။

**လွတ်လပ်ရေးအရသာခံစားလိုပါသလား**

“လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကိုလုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကိုလွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ကနေ့ ပြောခဲ့ချင်တယ်”ဟုဆိုကာ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီး၌ တိုင်းသူပြည်သားများအားတိုက်တွန်းပြောကြားခဲ့သည်။ ဗိုလ်ချုပ်သည်လွတ်လပ်ရေးကို တန်ဖိုးထားတတ်စေရန် စေတနာထားပြောကြားခဲ့ခြင်း ဖြစ်သည်။

**ထာဝစဉ်မမေ့သင့်သောလွတ်လပ်ရေးနေ့**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်မှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ် ၇၀ ပြည့်တော့မည်ဖြစ်သည်။ လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သည့် အချိန်မှသာ သိရှိကြသည်။ တချို့သော မျိုးဆက်သစ်များသည် တစ်မျိုးသားလုံးအတွက် အသက်တမျှ အရေးပါလှသော လွတ်လပ်ရေးနေ့၏ အနှစ်သာရကို မေ့လျော့လာကြသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ် ၇၀ ပြည့်တော့မည်ဖြစ်သော်လည်း တိုင်းပြည်အတွင်း၌ ထာဝရငြိမ်းချမ်းရေးမတည်ဆောက်နိုင်သေးပေ။ တိုင်းရင်းသားညီအစ်ကိုများအကြား ပွင့်လင်းမြင်သာစွာ ဆွေးနွေးအဖြေရှာသွားသင့်ပြီဖြစ်သည်။ လက်ရှိအချိန်တွင် ရခိုင်အရေးကိုအကြောင်းပြု၍ ဖျာခင်းဖို့ စောင့်နေကြသည့်သူများလည်း ရှိနေကြသည်။ တိုင်းရင်းသားများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိရှိနေမှသာလျှင် မြန်မာ့ရေ၊ မြေပိုင်နက်ကို ထိပါးလာသူများကို မောင်းထုတ်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်များအနေဖြင့် ဘိုး၊ ဘွား၊ မိဘများ အသက်သွေးချွေးမြောက်မြားစွာ စတေးကာ တိုက်ယူခဲ့ရသည့် လွတ်လပ်ရေးကို မျိုးချစ်စိတ်ဓာတ်ဖြင့် ထာဝစဉ် ကာကွယ်စောင့်ရှောက်သွားနိုင်ကြပါစေ။ ။

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် “ ထာဝရငြိမ်းချမ်းရေး” ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့် အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေး မြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ရွှေဘိုမြို့၌ ညအချိန် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် လုံခြုံရေးဆောင်ရွက်

**ရွှေဘို ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မှုခင်းကြိုတင်ကာကွယ်တားဆီးရေးနှင့် ပြည်သူများ ညအချိန်ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကို စစ်ဆေးခြင်း တုတ်၊ ဓားလက်နက် ရှာဖွေခြင်းများ ပြုလုပ်လျက်ရှိကြောင်း ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတာဇံထံမှ သိရသည်။

ဒီဇင်ဘာ ၂၆ ရက် ညက ရွှေဘိုမြို့အမှတ်(၁၀)ရပ်ကွက်ရှိ ရွှေဘို - ကျောက်မြောင်းသွား ကားလမ်းပေါ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော် ပါဝင်သော ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတာဇံ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မှုခင်းကြိုတင်ကာကွယ် တားဆီးရေးနှင့် ပြည်သူများ ညအချိန် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်စေရေးအတွက် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များအား စစ်ဆေးရှာဖွေ ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



## နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကြိုဆိုပွဲ ပြုလုပ်

**ချောင်းဆုံ ဒီဇင်ဘာ ၂၇**

နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မျိုးဆက်သစ်ကလေးငယ်များအား စကားပုံဆက်နှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ချောင်းဆုံ (ပြန်/ဆက်) ဦးစီးဌာန ကလေးစာဖတ်ခန်း၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်မိသူဇာက ပြိုင်ပွဲစည်းကမ်းများအား ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင် ကလေးငယ် ၁၈ ဦးအား အဖွဲ့နှစ်ဖွဲ့ခွဲကာ စကားပုံဆက်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ပြုလုပ်ပေးကာ ဗလာစာအုပ်များ လက်ဆောင် ပေးအပ်ခဲ့သည်။

“မျိုးဆက်သစ်ကလေးငယ်တွေ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်စေဖို့၊ ကိုယ်ပိုင်အတွေးအခေါ် ပိုင်းဆိုင်ရာ မြင့်မားလာကာ သူတို့လေးတွေရဲ့အစွမ်းအစတွေ ပေါ်ပေါက်လာစေဖို့ ရည်ရွယ်ပြီး ဒီလိုပြိုင်ပွဲမျိုးတွေကို စဉ်ဆက်မပြတ် ပြုလုပ်ပေးတာ ဖြစ်ပါတယ်” ဟု ဒေါ်မိသူဇာက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုပြပွဲ လာရောက်ကြည့်ရှုလေ့လာဝယ်ယူသူများနှင့် အထူးစည်ကား

ရွှေလီ ဒီဇင်ဘာ ၂၇

**၁၆ ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရွှေလီမြို့ ကျင့်ချိန်ကျောက်မျက်ရတနာပြတိုက်၌ ဆက်လက်ကျင်းပရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ခင်းကျင်းပြသကြသည့် မြန်မာနှင့် တရုတ်နိုင်ငံတို့မှ ကုန်သည်လုပ်ငန်းရှင်များနှင့် လာရောက်လေ့လာကြည့်ရှု ဝယ်ယူသူများဖြင့် သက်ဝင်လှုပ်ရှားစည်ကားလျက်ရှိသည်။**




တရုတ်-မြန်မာ ကုန်စည်ပြပွဲ(**ယာပုံ**)တွင် တရုတ်နိုင်ငံဘက်မှ စက်မှုလက်မှု ထုတ်ကုန်ပြခန်းများ၊ လူသုံးကုန်ပစ္စည်းပြခန်းများ၊ ပရိဘောဂပစ္စည်းပြခန်းများ၊ စားသောက်ကုန်ပစ္စည်းပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၅၀ ကျော်ကို ခင်းကျင်းပြသထားရာ မြန်မာလုပ်ငန်းရှင်များနှင့် လာရောက်လေ့လာဝယ်ယူသူများက စိတ်ဝင်တစား လေ့လာကြည့်ရှု ဝယ်ယူလျက်ရှိကြသည်။

**ခင်းကျင်းပြသထား**

ထို့အတူ မြန်မာနိုင်ငံဘက်မှလည်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြခန်း၊ စီမံကိန်းလုပ်ငန်းပြခန်း၊ တိုင်းရင်းဆေးပြခန်း၊ မြန်မာ့ရိုးရာလက်မှုထည်ပြခန်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းပြခန်း၊ ရေထွက်ကုန်ပစ္စည်းပြခန်း၊ ကျောက်မျက်အချောထည်ပြခန်း၊ သစ်အချောထည်ပစ္စည်းပြခန်း၊ ဘဏ်ဝန်ဆောင်မှုပြခန်း စသည်ဖြင့် ကုမ္ပဏီပေါင်း ၃၉ ခုက ပြခန်းပေါင်း ၅၄ ခန်းကို ခင်းကျင်းပြသထားကြောင်း သိရသည်။

အဆိုပါပြပွဲသို့ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ နေ့စဉ် ၂၀၀၀ ကျော်ခန့် လာရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံမှ ခင်းကျင်းပြသထားသောထုတ်ကုန်ပစ္စည်းများအနက် ထုတ်ကုန်ပစ္စည်းသစ်များဖြစ်သည့် လျှော်ဖြူနှင့် ငှက်သိုက်ထုတ်ကုန်များကို လာရောက်လေ့လာကြသူများက အထူးစိတ်ဝင်စား ဝယ်ယူအားပေးကြကြောင်း သိရသည်။

"ဒီပြပွဲမှာ လျှော်ဖြူနဲ့ ငှက်သိုက်ထုတ်ကုန်တွေကို လေ့လာဝယ်ယူကြသူတွေ တော်တော်လေး များကြတာကို တွေ့ရတယ်။ မြန်မာနိုင်ငံထုတ် တခြားပစ္စည်းတွေကိုလည်း လာရောက်လေ့လာကြည့်ရှုတဲ့သူတွေ များပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထုတ်ကုန်သစ်**

မြန်မာ့စားသောက်ကုန်လျှော်ဖြူကို လာရောက်ခင်းကျင်းရောင်းချသည့် စောနန်းမူကုမ္ပဏီမှ ကိုကျော်သက်ခိုင်က "ဒီပြပွဲမှာ ကျွန်တော်တို့အနေနဲ့ လျှော်ဖြူကို လာရောက်ပြသတာဖြစ်ပါတယ်။ အချောထည်အနေနဲ့ ဆေးကုလားမလို့လည်း ခေါ်ပါတယ်။ ဆေးကုလားမကို တရုတ်ပြည်ဘက်မှာ ဆေးစာအဖြစ်လည်း အသုံးပြုကြတယ်။ လျှော်ဖြူမှာ အဖြူ၊ အဝါ စသဖြင့် အရောင်အမျိုးမျိုး ရှိပါတယ်။ ဒီထုတ်ကုန်ပစ္စည်းဟာ တရုတ်ဘက်က လုပ်ငန်းရှင်တွေနဲ့ ပထမဆုံး ချိတ်ဆက်ပြီး လာရောက်ခင်းကျင်း ရောင်းချတာဖြစ်ပါတယ်။ နိုင်ငံအတွက် ဘာတွေအကျိုးရှိသလဲဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ လျှော်ဖြူအများအပြားစိုက်တဲ့ တောင်သူတွေရှိပါတယ်။ ဒီအတွက် ဈေးကွက်လေးတစ်ခုလည်း ဖြစ်လာစေချင်တယ်။ လာရောက်ကြည့်ရှုသူတွေလည်း ထုတ်ကုန်သစ်အနေနဲ့ အထူးကြိုက်နှစ်သက်တာကို တွေ့ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံမှ ထောပတ်သီးများကို လာရောက်ခင်းကျင်းရောင်းချသည့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ တစ်မိုးအောက်ညီနောင်များအဖွဲ့မှ ခွန်စောသိန်းဦး က "ဒေသထွက်ထောပတ်သီးတွေကို ပထမဆုံးအကြိမ် လာရောက်ပြသရောင်းချတာ ဖြစ်ပါတယ်။ လာရောက်ရောင်းချဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ- တရုတ်-နှစ်နိုင်ငံပူးပေါင်းရေးမှာ ထောပတ်သီးတွေကို တရုတ်နိုင်ငံမှာ ဖြန့်ကြက်ရောင်းချရုံသာမကဘဲ ကမ္ဘာ့ဈေးကွက်ထိအောင် ထိုးဖောက်နိုင်အောင် လာရောက်ရောင်းချတာဖြစ်ပါတယ်၊ ဒီထောပတ်သီးတွေဟာ ဓာတုဆေးဝါးမပါတဲ့အတွက် စားသုံးသူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ပါတယ်။ ခန္ဓာကိုယ်မှာ မလိုအပ်တဲ့ အဆီဓာတ်တွေကိုလည်း လျှော့ချပေးတယ်။ ဆံပင်တွေကိုလည်း နက်မှောင်သန်စွမ်းစေတဲ့အတွက် ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်ပါတယ်။ ပြပွဲမှာ အခက်အခဲတစ်ခုရှိတာက ဘာသာစကားပါ။ ဒါပေမယ့် အကျိုးကျေးဇူးအနေနဲ့ တရုတ်လုပ်ငန်းရှင်တွေနဲ့ အချိတ်အဆက်တွေရရှိပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့ မျှော်လင့်ချက်ကတော့ မြန်မာ့ထောပတ်သီးအရည်အသွေးကို ကမ္ဘာက သိဖို့ဖြစ်ပါတယ်"ဟု ရှင်းပြသည်။



ကိုကျော်သက်ခိုင်



ခွန်စောသိန်းဦး



ဒေါက်တာ ထိန်လင်း



မစွ လင်းစု



ဒေါ်ချိုချိုဝင်း

**ကုန်သွယ်မှုမြှင့်တင်ရေး အထောက်အကူပြု**

ကုန်စည်ပြပွဲနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းက "ဒီကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်ကစပြီး မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံမှာ တစ်လှည့်စီကျင်းပခဲ့တာ အခုဆိုရင် ၁၆ ကြိမ်မြောက် ရှိလာပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာဆိုရင် အရင်က ကျယ်ဂေါင်မှာ ကျင်းပခဲ့ပြီး ဒီနှစ်မှာတော့ ရွှေလီမြို့မှာ ပထမဆုံးအကြိမ် ကျင်းပတာ ဖြစ်ပါတယ်။ အခုကုန်စည်ပြပွဲကြီးကို ဒီဇင်ဘာ ၂၆ ရက်ကနေ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမှာ ဖြစ်ပါတယ်။ မြန်မာလုပ်ငန်းရှင်တွေအတွက်ရော၊ တရုတ်လုပ်ငန်းရှင်တွေအတွက်ပါ အဓိကအရေးကြီးတဲ့ ပြပွဲကြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံကထွက်ရှိတဲ့ ပစ္စည်းတော်တော်များများကိုလည်း တရုတ်ပြည်ကနေ အဓိကထား ဝယ်ယူနေကြတာဖြစ်သလို မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေကိုလည်း တရုတ်နိုင်ငံကိုသာ အဓိကတင်ပို့နေတာ ဖြစ်တဲ့အတွက် တရုတ်ပြည်သူပြည်သားတွေအနေနဲ့ မြန်မာနိုင်ငံက ပြတဲ့ပစ္စည်းတွေကို စိတ်ဝင်တစားလာရောက်ကြည့်ရှု ဝယ်ယူနေကြတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကုန်စည်ပြပွဲကြီးကို ကျင်းပနိုင်တဲ့အတွက် ကုန်သွယ်မှုမြှင့်တင်ရေးကို များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ လာရောက်ပြသတဲ့ နှစ်နိုင်ငံမှ ကုန်သွယ်လုပ်ငန်းရှင်တွေအနေနဲ့လည်း ရင်းနှီးမှုရပြီး စီးပွားရေးဆိုင်ရာ အဆက်အသွယ်တွေနဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းတွေကိုလည်း ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

စက်ရုပ်များနှင့် စက်မှုပိုင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများကို လာရောက်ခင်းကျင်းပြသသည့် တရုတ်နိုင်ငံမှ ဆိုင်ပေါ်ထန်သိပ္ပံနှင့် နည်းပညာထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ မစွ လင်းစုက "ကျွန်မတို့ ဒီကုန်စည်ပြပွဲမှာ စက်မှုပိုင်းဆိုင်ရာပစ္စည်းတွေကို လာရောက်ပြသရောင်းချတာ ဖြစ်ပါတယ်။ အဓိကအနေနဲ့ စက်ရုပ်တွေကို လေ့လာကြည့်ရှုတဲ့သူတွေ တော်တော်ကို များပါတယ်။ ဆိုင်မှာ ခင်းကျင်းပြသထားတဲ့ စက်ရုပ်တွေကို သာမန်ပညာရှင်တွေနဲ့ စတင်တီထွင်ထားတာမဟုတ်ဘဲ ဒီစက်ရုပ်တင်တီထွင်တာက နိုင်ငံခြားပညာရှင်တွေကိုခေါ်ပြီး ဒီဇိုင်းပုံစံရေးဆွဲထားတာ ဖြစ်ပါတယ်။ ဒီဇိုင်းပုံစံရေးဆွဲတာနဲ့ ပစ္စည်းထုတ်လုပ်တာမှာ သုံးနှစ် အကြာလောက် အချိန်ယူလုပ်ဆောင်ခဲ့ရပါတယ်။ ဒီလိုခေါ်ယူ ပြုလုပ်ထားတာဖြစ်တဲ့အတွက် ဈေးနှုန်းကလည်း များပါတယ်။ စက်ရုပ်မှာ တပ်ဆင်အသုံးပြုထားတဲ့ ပစ္စည်းအချို့ဟာ ရွှေလီမြို့သာမကဘဲ ပေကျင်းမှာတောင် တွေ့ရခဲပါတယ်။ ပြပွဲရှိမှသာ ပြပွဲစည်ကားအောင် ထုတ်ပြီးပြသတာဖြစ်ပါတယ်။ လူနှစ်ယောက်စာလောက်မြင့်တဲ့ စက်ရုပ်ကြီးတွေလည်း တီထွင်ထားတာရှိပါတယ်။ ကျွန်မတို့တီထွင်ထားတဲ့ စက်ရုပ်တွေကို တစ်ကမ္ဘာလုံးက သိစေချင်ပါတယ်"ဟု ပြောသည်။

"အခုလိုကုန်စည်ပြပွဲကိုလာဝယ်ရတာ ကျွန်မတို့အတွက် ပိုပြီးအဆင်ပြေပါတယ်။ မြန်မာပြည်မှာ ဝယ်မယ်ဆိုရင် သယ်ယူရတာ အဆင်မပြေဘူး။ ဒီမှာဝယ်ပြီးရင် တစ်ခါတည်း သယ်သွားလို့ရတယ်။ မြန်မာပြည်က မှာယူမယ်ဆိုရင် ပစ္စည်းတွေက ထိခိုက်ပျက်စီးမှုတွေရှိတယ်။ သယ်ယူစရိတ်ကလည်း များတယ်။ မြန်မာပြည်ကထုတ်တဲ့ ငှက်သိုက်နဲ့ ကျွန်းထည်ပစ္စည်းတွေကို လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ မြန်မာပြည်ကထုတ်တဲ့ အစားအသောက်တွေလည်း ဝယ်တယ်။ ပြပွဲလုပ်ပြီဆိုရင် ကျွန်မနဲ့ ကျွန်မရဲ့မိတ်ဆွေတွေအားလုံး ဒီမှာ လာဝယ်ဖြစ်တယ်။ စားသောက်ကုန်ထဲမှာဆိုရင်လည်း ဆန်၊ ဆီနဲ့ ကော်ဖီတို့ကိုလည်း ဝယ်ဖြစ်တယ်။ အခုလိုပြပွဲတွေရှိတာ အများကြီး အဆင်ပြေပါတယ်။ ပြပွဲလုပ်တဲ့အချိန်တိုင်းလည်း လာရောက်ဝယ်ဖြစ်ပါတယ်"ဟု ရွှေလီမြို့၌ နေထိုင်သည့် ကိုးကန့်လူမျိုး ဒေါ်ချိုချိုဝင်းက ပြောသည်။

**တင်မောင်လွင်၊ မျိုးသူဟိန်း**

# ခေတ်မီ မိုးလေဝသတိုင်းထွာရေးစက် စတင်တပ်ဆင်

**မြင်းမူ ဒီဇင်ဘာ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်ရုံးတွင် ဒီဇင်ဘာ ၂၆ ရက်မှစ၍ ခေတ်မီအလိုအလျောက် မိုးလေဝသတိုင်းထွာရေးစက်အသစ်များ တပ်ဆင်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရှိရသည်။

ယခုတပ်ဆင်မှုမှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Meteorological Institute (KMI) တို့ ပူးပေါင်း ဆောင်ရွက်နေခြင်းဖြစ်ပြီး မိုးလေဝသဖြစ်စဉ်များကို အလိုအလျောက် တိုင်းတာပေးသောစက်များဖြစ်၍ မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်သော ထူးခြားမှုအခြေအနေများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ကာ စိုက်ပျိုးရေး၊ ခရီးသွားလာမှုများအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာထံမှ သိရှိရသည်။

တပ်ဆင်မှုလုပ်ငန်းများအား ကိုရီးယားနိုင်ငံ NOAA SNC Co..,Ltd မှ ပညာရှင်များနှင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ ကလေးဝမြို့၊ ကသာမြို့၊ မြင်းမူမြို့၊ စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ တောင်တွင်းကြီးမြို့၊ ပခုက္ကူမြို့၊ မင်းဘူးမြို့၊ ကျောက်ဆည်မြို့၊ မိတ္ထီလာမြို့၊ ရမည်းသင်းမြို့၊ ပင်လောင်းမြို့၊ ညောင်ဦးမြို့၊ ပြင်ဦးလွင်မြို့၊ မြင်းခြံမြို့၊ ခရမ်းမြို့၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တံတားဦး၊ နေပြည်တော် (လောမြို့)နှင့် ရေဦးမြို့ တို့ပါဝင်ပြီး မြို့ပေါင်း ၂၀ တွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။



**အောင်စိုးဇေ (မြင်းမူ)**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ (၁၀၅ ဒသမ ၁၀၀) သန်း နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၂၃၄ ဒသမ ၉၇၄) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ သန်း | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ သန်း |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၁ | ၆၅.၄၄၀ | ၁ | ၁၄၃.၂၆၈ |
| ၂။ | စက်မှုကဏ္ဍ | ၁၀ | ၃၃.၃၇၅* | ၁၀ | ၄၇.၉၁၀* |
| ၃။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁ | ၃.၆၈၅ | - | - |
| ၄။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | - | - | ၁ | ၀.၃၀၀ |
| ၅။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၂ | ၂.၆၀၀ | ၂ | ၁၂.၄၀၀ |
| ၆။ | သတ္တုတွင်း ကဏ္ဍ | - | - | | ၁.၃၁၀* |
| ၇။ | လယ်ယာကဏ္ဍ | - | - | ၂ | ၁.၀၈၀ |
| ၈။ | စက်မှုဇုန် တည်ဆောက်မှု ကဏ္ဍ | - | - | ၁ | ၂၈.၇၀၆ |
| | **စုစုပေါင်း** | **၁၄** | **၁၀၅.၁၀၀** | **၁၇** | **၂၃၄.၉၇၄** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး ကျပ် (၃၉၂ ဒသမ ၇၀၀) သန်း နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် (၁,၄၁၉,၈၉၆ ဒသမ ၆၃၀) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ် သန်း | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ် သန်း |
| ၁။ | အိမ်ရာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၁,၃၀၅,၂၈၅.၄၄၀ |
| ၂။ | စက်မှုကဏ္ဍ | ၁ | ၃၉၂.၇၀၀ | ၉ | ၄၈,၂၃၈.၀၀၀ |
| ၃။ | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | - | - | ၅ | ၃၁,၂၁၄.၈၉၀ |
| ၄။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၅၀၀.၀၀၀ |
| ၅။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | - | ၁ | ၂၂,၅၀၀.၀၀၀ |
| ၆။ | အခြားလုပ်ငန်း ကဏ္ဍ | - | - | ၃ | ၁၂,၁၅၈.၃၀၀ |
| | **စုစုပေါင်း** | **၁** | **၃၉၂.၇၀၀** | ၂၀ | **၁,၄၁၉,၈၉၆.၆၃၀** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလ | နိုဝင်ဘာလ |
| ၁။ | လယ်ယာကဏ္ဍ | - | ၄၅ |
| ၂။ | မွေးမြူရေး နှင့် ရေလုပ်ငန်းကဏ္ဍ | - | ၁၀၇ |
| ၃။ | စက်မှုကဏ္ဍ | ၆,၇၄၉ | ၇,၄၂၅ |
| ၄။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၆ | - |
| ၅။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၇၉ | ၇၀ |
| ၆။ | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | - | ၇၂ |
| ၇။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၃၉ | ၃၀ |
| | **စုစုပေါင်း** | **၇,၀၈၃** | **၇,၇၄၉** |

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလအတွင်း | နိုဝင်ဘာလအတွင်း |
| ၁။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၃၉ |
| ၂။ | စက်မှုကဏ္ဍ | ၃၅ | ၁,၁၇၈ |
| ၃။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၅၀၄ |
| ၄။ | အိမ်ရာ နှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | ၂၇၆ |
| ၅။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၁၆၉ |
| ၆။ | အခြားဝန်ဆောင်မှု ကဏ္ဍ | - | ၇၆၄ |
| | **စုစုပေါင်း** | **၃၅** | **၂,၉၃၀** |

# ကျောက်ကပ်နှင့် အသည်းဝေဒနာရှင်များအတွက် ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၇

**မန္တလေးမြို့ မြို့တော်ဆေးရုံနှင့် အိန္ဒိယနိုင်ငံ Fortis Hospital တို့ ပူးပေါင်းကျင်းပသည့် ကျောက်ကပ်နှင့် အသည်းဝေဒနာရှင်များအတွက် ကျန်းမာရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် သိပ္ပံလမ်း၊ ၆၅လမ်းနှင့် ၆၆ လမ်းကြားရှိ အဆိုပါမြို့တော်ဆေးရုံခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



**ဆွေးနွေး**

ရှေးဦးစွာ မြို့တော်ဆေးရုံ ဆေးရုံ အုပ်ကြီး ဒေါက်တာဒေါ်နွယ်နွယ်ဝင်းက အမှာစကားပြောကြားပြီး Dr.Rajeev Sood (Fortis Hospital) က ကျောက်ကပ်ရောဂါနှင့် အစားထိုးကုသမှု အကြောင်း၊ Dr.Sood က ကျောက်ကပ် အစားထိုးကုသခြင်း၏ အကျိုးကျေးဇူးနှင့် Dr.Manav Wadhawan က အသည်း၏ လုပ်ငန်းဆောင်တာများနှင့် အရေးကြီး ပုံတို့ကို ဆွေးနွေးခဲ့သည်။

**အကျိုးကျေးဇူးများ**

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းခြင်းနှင့် ဆရာဝန်ကြီး များက အသေးစိတ်ပြန်လည် ဖြေကြားခြင်းများ ပြုလုပ်ခဲ့ပြီး Fortis Hospital တွင် ကျောက်ကပ်အစားထိုးကုသမှု ခံယူခဲ့သော Mr.Kumor ကလည်း ခွဲစိတ်မှုနှင့်ပတ်သက်၍ အကျိုးကျေးဇူးများနှင့် အတွေ့အကြုံများကို ပြန်လည်ဝေမျှပေးခဲ့သည်။

အခမ်းအနားသို့ မြို့တော်ဆေးရုံ ဆေးရုံ အုပ်ကြီး ဒေါက်တာဒေါ်နွယ်နွယ်ဝင်း၊ အိန္ဒိယနိုင်ငံ Fortis Hospital မှ ကျောက်ကပ်နှင့် အသည်း ရောဂါ အစားထိုးကုသမှုဆိုင်ရာ ဆရာဝန်ကြီး များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမ များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း IP Networking Laboratory ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် Huawei Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် IP Networking Laboratory ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက် ၁၀ နာရီ က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအောက်ရှိ ဌာနကြီး ၁၈ ခုမှ ဝန်ထမ်းသင်တန်း သား ၁၀၀၀ ကျော်တို့အား သင်တန်းပို့ချပေးမှု အခြေအနေနှင့် သင်တန်း တွင် ကွန်ပျူတာဘာသာရပ် လက်တွေ့လေ့ကျင့်သင်ကြားပေးမှုကို ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် IP Networking Laboratory ဖွင့်လှစ်နိုင်ရေးအတွက် Laptop Computer နှင့် ဆက်စပ်ပစ္စည်း များ လှူဒါန်းပေးရခြင်းအကြောင်းကို Huawei Myanmar မှ Deputy Managing Director Mr.Zhu Bo က ပြောကြားသည်။ ယင်းနောက် Huawei Myanmar မှ Mr.Alex Lee က Huawei IP Networking Laboratory အကြောင်းကို ရှင်းလင်းတင်ပြရာ ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က ပံ့ပိုးကူညီမှု အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Huawei Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်သည့် IP Networking Laboratory ကို ဗဟိုပို့ဆောင် ဆက်သွယ်ရေး ကျောင်း ကျောင်းအုပ်ကြီး မင်းချစ်ဦး၊ ဒုတိယကျောင်းအုပ် ကြီး ဦးဝင်းနိုင်၊ အလှူရှင် Huawei Myanmar မှ Deputy Managing Director Mr.Zhu Bo နှင့် Mr.Alex Lee တို့က အာရုံခံဒစ်ဂျစ်တယ်ဘောလုံး ကိုင်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် IP Networking Laboratory ဖွင့်လှစ်နိုင်ရေးအတွက် ပံ့ပိုးကူညီလှူဒါန်း သည့် Huawei Myanmar မှ Deputy Managing Director Mr.Zhu Bo ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာကို ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က ပေးအပ်သည်။ ဆက်လက်၍ IP Networking Laboratory သင်တန်းတွင် တက်ရောက်ခဲ့ကြသည့် ဗဟိုပို့ဆောင်ဆက်သွယ်ကျောင်းမှ သင်တန်းသား သင်တန်းသူ များအား Mr. Zhu Bo က သင်တန်းဆင်း လက်မှတ်များ ပေးအပ်ပြီးနောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက IP Networking Laboratory တွင် သင်တန်းသားများ သင်ယူနေမှု အခြေအနေများကို ကြည့်ရှုကြသည်။

မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် IP Networking Laboratory ဖွင့်လှစ်နိုင်ရေးအတွက် Latop Computer (Brand New) ၃၀၊ ကွန်ပျူတာတင်စားပွဲ နှင့် ကုလားထိုင် ၃၀၊ Latop Computer ( Second Hand ) ၅၀၊ Air Con ( 2HP ) Floor Stand နှစ်ခု၊ Projector တစ်ခုတို့ကို ပံ့ပိုးကူညီလှူဒါန်းသည့်အပြင် IP Networking Laboratory သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



**IP Networking Laboratory သင်တန်းတွင် သင်တန်းသား သင်တန်းသူများ သင်ယူနေမှုကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ ကြည့်ရှုစဉ်။**

# လူထုအခြေပြု တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းဆန်းစစ် ဆွေးနွေး

**ထားဝယ် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် တနင်္သာရီ တိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့သည့် ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်း၏ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်က ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာ အေးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ရှင်းလင်းတင်ပြရာ ဒေါက်တာဝေဝေလွင်က တင်ပြချက်များအပေါ် သုံးသပ် ဆွေးနွေးပြီး တိုင်းဒေသကြီးတီဘီဆရာဝန်က လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်း ဆွေးနွေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ကျေးရွာများတွင် ဓာတ်ပုံနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသ အသိပညာပေး

**အင်းတော် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လစဉ်သွားရောက်၍ နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ လုပ်ငန်းဆောင်ရွက်ချက်များ၊ မြို့နယ်အတွင်း လှုပ်ရှားမှုမှတ်တမ်းများ၊ မူးယစ်ဆေးဝါး၊ လူကုန်ကူး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ပညာပေးဓာတ်ပုံများ၊ နံရံကပ်စာစောင်များကို ပြသကာ ကျေးရွာနေပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၂၆ ရက်တွင် အင်းတော်မြို့နယ် မံထုံကျေးရွာအုပ်စု မံထုံကျေးရွာ တေဇဂုဏ်ရည်စာကြည့်တိုက်သို့ ကွင်းဆင်း၍ ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ပြသခဲ့ရာ ဒေသခံများက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာတွေကို အခုလို ဓာတ်ပုံနဲ့ နံရံကပ်စာစောင်များကို လာရောက်ပြသတဲ့အတွက် ဗဟုသုတတွေ ရရှိပါတယ်။ ကျွန်တော်တို့ရွာတွေမှာ အင်တာနက်ကို အသုံးပြုကြတယ်ဆိုပေမယ့် လူငယ်ပိုင်းတွေကပဲ သုံးကြတာပါ၊ လူကြီးတွေက ဖုန်းဆို စကားပဲပြောတတ်ကြတာ၊ အခုလို လာပြပေးတော့ ကျွန်တော်တို့အတွက် ဗဟုသုတရတာပေါ့၊ နောက်ကိုလည်း မကြာမကြာ လာရောက်ပြသပေးစေလိုပါတယ်"ဟု မံထုံကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ကျော်သီဟ**


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )

၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်




နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုသောအားဖြင့် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက် နယ်မြေ ၆ မင်္ဂလာလမ်းတွင် ရွှေလရောင် ပြည်သူ့အကျိုးပြု ပရဟိတ အသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင်-ဦးဇော်ဌေးနှင့် အသင်းသူ၊ အသင်းသားများက ရပ်ကွက်အတွင်းရှိ ကလေးငယ်များအား သီချင်းဆိုပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ ပြုလုပ်ပေးပြီး အနိုင်ရရှိသူများအား ဆုချီးမြှင့်ပေးစဉ်။ ရွှေလရောင်

# လွတ်လပ်ရေးပွဲတော် ဈေးရောင်းချသူများ ဆိုင်ခန်းခ မြင့်တက်ခြင်းကြောင့် အခက်တွေ့

**တောင်ငူ ဒီဇင်ဘာ ၂၇**

ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်ကြီးကို တောင်ငူမြို့ မိုင်ဒါအားကစားကွင်းအတွင်း၌ ဇန်နဝါရီ ၁ ရက်မှစ၍ ၁၀ ရက်အထိ ၁၀ ရက်တိုင်တိုင် အစဉ်အလာမပျက် ကျင်းပမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတော်ကြီးတွင် ဈေးဆိုင်ခန်းပေါင်း ၆၀၀ ကျော် ပါဝင်ခင်းကျင်းရောင်းချမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲအနေဖြင့် ရဟတ်၊ မျက်လှည့်၊ ဆပ်ကပ်၊ ဇာတ်ပွဲများ၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရိုးရာအထည်ဆိုင်များ အပြင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၊ ထိုင်းလက်ဝှေ့သမားတို့၏ အထူးစိန်ခေါ်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ လွတ်လပ်ရေးပွဲတော်ကြီးတွင် လာရောက်ရောင်းချသည့် ၁၂ ပွဲဈေးသည် ကိုအောင်ကျော်ဖြိုးက "ကျွန်တော်တို့က နှစ်တိုင်းလာရောင်းတယ်၊ ဒီနှစ် လေလံကြေးက မနှစ်ကထက် လျော့တယ်၊ ဆိုင်ခန်းခကတော့ မလျော့ဘူး၊ တစ်ခန်းကို နှစ်သိန်းနဲ့ အနည်းဆုံးငါးခန်း ယူရတယ်၊ ခါတိုင်းနှစ်တွေလို ဆိုင်ခန်းမဲနှိုက်စနစ်နဲ့ဆို ဈေးရောင်းချသူအားလုံး ပိုအဆင်ပြေတယ်၊ ဟိုးအရင်နှစ်တွေထက် ဈေးနှစ်ဆဖြစ်နေတယ်၊ ပြန်သွားတဲ့ ဈေးသည်တွေရှိတယ်၊ သိပ်မကိုက်ဘူးဗျ၊ နောက်နှစ်ဆိုရင် လာရောင်းဖို့ မသေချာတော့ဘူး"ဟု ဈေးရောင်းချမှုအခြေအနေကို ပြောပြသည်။

နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဈေးဆိုင်ခန်းများ လေလံအောင်သူ ဦးစန်းမောင်က ဈေးဆိုင်ခန်းများကို ကုမ္ပဏီခန်းများမှအပ ကျန်အခန်းများကို တစ်ခန်း နှစ်သိန်းနှုန်း သတ်မှတ်ထားကြောင်း၊ ပုံကျဈေးသည်များကို ကပ်ကြမ်း တစ်ချပ်စာကို ခြောက်သောင်းနှုန်း သတ်မှတ်ထားကြောင်း ပြောသည်။

တောင်ငူမြို့တွင် ကျင်းပသည့် လွတ်လပ်ရေးပွဲတော်ကြီးသည် နှစ်စဉ်ကျင်းပခဲ့သည်မှာ ဆယ်စုနှစ်အထိ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များနှင့်ကျေးရွာများမှ ဒေသခံများသည် တစ်နှစ်တစ်ခါကျင်းပသည့် လွတ်လပ်ရေးပွဲတော်ကြီးကို စောင့်မျှော်နေကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသည့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို စောင့်၍ဝယ်ယူကြသည်။

**သူရ(တောင်ငူ)**



တောင်ငူမြို့ မိုင်ဒါကွင်း၌ ဈေးဆိုင်ခန်းများ ဆောက်လုပ်မှုကို တွေ့ရစဉ်။

# မဲခေါင်-လန်ချန်း သတင်းမီဒီယာလေ့လာရေးမှသည် . . .

**ကျော်သူဝင်း (မြန်မာ့အလင်း)**

**မဲခေါင်-လန်ချန်း မီဒီယာပူးပေါင်းဆောင်ရွက်ရေးအတွက် ပထမအကြိမ် ထိပ်သီးအစည်းအဝေးနှင့် မဲခေါင်နိုင်ငံများမှ သတင်းသမားများ လေ့လာရေးခရီးစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပြုလုပ်ရာ မြန်မာသတင်းမီဒီယာအဖွဲ့တွင် ပါဝင်တက်ရောက် လေ့လာခွင့်ရရှိခဲ့ပါသည်။**



နွေရာသီနန်းတော်၌ လေ့လာနေကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများကို တွေ့ရစဉ်။ ဓာတ်ပုံ- သက်ထက်

မြန်မာသတင်းအဖွဲ့တွင် သတင်းသမားခုနစ်ဦးသည် တရုတ်နိုင်ငံ မဲခေါင်- လန်ချန်း မီဒီယာလေ့လာရေးအဖြစ် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ ကူမင်းလေဆိပ်၊ ထိုမှတစ်ဆင့် ပေကျင်းလေဆိပ်မှတစ်ဆင့် ညပိုင်းတွင် နေထိုင်မည့် ဟိုတယ်သို့ ရောက်ရှိခဲ့ကြသည်။ မြန်မာသတင်းအဖွဲ့များနည်းတူ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ သတင်းမီဒီယာသမားများနှင့် ပုဂ္ဂလိက သတင်းမီဒီယာသမားများ ရောက်ရှိနေကြပြီ ဖြစ်သည်။

### မဲခေါင်-လန်ချန်း စတင်အခြေတည်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး၏ အဓိကအသက်သွေးကြောဖြစ် သည့် လန်ချန်းမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် ရှိသော ကျင်းဟိုင်ပြည်နယ်က တန်ကူလာတောင်တန်း၌ မြစ်ဖျားခံပြီး စတင်စီးဆင်းနေသည်။ လန်ချန်းမြစ်သည် တိဘက်ဒေသနှင့် ယူနန်ပြည်နယ် တစ်လျှောက် တောင်တန်း၊ လျှိုမြောင်၊ ချိုင့်ဝှမ်းများကြားမှ ခရီးရှည်ဖြတ်သန်း စီးဆင်းခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနားဒေသ အထိ လန်ချန်းမြစ်အမည်ဖြင့် စီးဆင်းခဲ့ရာမှ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား နှင့် ဗီယက်နမ်နိုင်ငံတို့အထိ ဆက်လက်ဖြတ်သန်းစီးဆင်းသည့်အခါတွင် မဲခေါင်မြစ် ဟု အမည်သစ်တွင်ခဲ့လေသည်။ ထိုမဲခေါင်-လန်ချန်းမြစ်သည် အရှေ့အာရှက တရုတ် နိုင်ငံနှင့် အရှေ့တောင်အာရှက နိုင်ငံငါးနိုင်ငံကို ဖြတ်သန်းစီးဆင်းပြီးနောက် တောင်တရုတ်ပင်လယ်အတွင်းသို့ စီးဝင်သွားကြောင်း သိရသည်။

### သဘာဝချင်းတူညီနေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှ( အာဆီယံ) အဖွဲ့ဝင် ငါးနိုင်ငံဖြစ်သည့် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့သည် တောတောင်ရေမြေ မြစ်ချောင်းချင်း အလွန်နီးစပ်နေသည်ကိုတွေ့ရပြီး ယဉ်ကျေးမှု၊ ဓလေ့စရိုက်များ၊ လူ့အဖွဲ့အစည်းများကအစ သဏ္ဌာန်တူနေသည်ကို တွေ့ရသည်။ မဲခေါင်-လန်ချန်းမြစ်ကြီးသည် နိုင်ငံခြောက်နိုင်ငံကို မြစ်ကြောင်းတစ်လျှောက် ထိတွေ့ဆက်စပ်ပေးရုံမျှမက ဒေသတစ်လျှောက်ရှိ ပြည်သူများ၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် စီးပွားရေးနှင့် ယဉ်ကျေးမှုဖြင့် တည်ဆောက်ထားပြီး သဘာဝကပေးသည့် မြစ်တစ်စင်း ဖြစ်ပေတော့သည်။

### မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အားကောင်းလာ

တရုတ်နိုင်ငံနှင့် မဲခေါင်နိုင်ငံတို့ သည် ရေလမ်း၊ ကုန်းလမ်းတို့ဖြင့် ကုန်စည်များ ကူးလူးဆက်ဆံနေပြီး ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နေကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံမှ နိုင်ငံပေါင်း ၆၀ ကျော်နှင့် စတင်ပူးပေါင်းဆောင်ရွက်နေသည့် One Belt and One Road Initiative ၏ စီမံကိန်းတွင် မဲခေါင်-လန်ချန်း-ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သည် ထပ်မံအကျုံးဝင်လာပြီး ပိုမိုအားကောင်းလာကြောင်း သိရသည်။

လက်တလောတွင် မဲခေါင်နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ကူးစက်ရောဂါနှင့် ရင်ဆိုင်နေရမှုများကို ဒေသတွင်းနိုင်ငံများ ပူးပေါင်းလုပ်ဆောင်မှု အားကောင်းလာကြောင်း သိရသည်။

### နွေရာသီနန်းတော် (Summer Palace) သို့ သွားရောက်လေ့လာ

ဒီဇင်ဘာ ၁၁ ရက်တွင် မဲခေါင်-လန်ချန်း သတင်းမီဒီယာအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Foreign Affairs University သို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါတက္ကသိုလ်မှ ပရော်ဖက်ဆာက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုများ၊ မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ယင်းတက္ကသိုလ်သို့ မဲခေါင်နိုင်ငံများမှ ပညာတော်သင်များ၊ ဥရောပနိုင်ငံများမှ ပညာတော်သင်များ လာရောက်သင်ကြားလျက်ရှိပြီး တရုတ်စာပေများနှင့် နိုင်ငံတကာရေးရာများကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် တက္ကသိုလ်ဝင်းအတွင်း ကြည့်ရှုလေ့လာခဲ့ပြီး ညနေပိုင်းတွင် တရုတ်ရှေးဘုရင်များ လက်ထက်က အထင်အရှားရှိခဲ့သည့် နွေရာသီနန်းတော် (Summer Palace) သို့ သွားရောက်လေ့လာခဲ့ကြပြီး ဓာတ်ပုံမှတ်တမ်းရိုက်ကူးခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲကျင်းပရန် ဆွေးနွေး

**ဟင်္သာတ ဒီဇင်ဘာ ၂၇** - ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲက ကြီးမှူးကျင်းပမည့် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်က ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကား ပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာက မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲကျင်းပခြင်း ရည်ရွယ်ချက်၊ တွေ့ဆုံပွဲတွင် တေးသီချင်းများဖြင့် ဖျော်ဖြေရန်၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ရန်နှင့် ဧည့်ခံခြင်းအတွက် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟင်္သာတခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ကူညီပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်လေ့လာ၍ တွေ့ရှိချက်နှင့် လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သောအဖွဲ့က လာရောက် တွေ့ဆုံရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင် သောအဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက် တွေ့ဆုံသည်။(**ယာပုံ**)



### အကြံပြုချက်များဖော်ပြထား

တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်၍ ရခိုင်ပြည်နယ် မောင်တောဒေသသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း သွားရောက်လေ့လာခဲ့စဉ် တွေ့ရှိရသည့် အနေအထားများ၊ အစိုးရ၏ဆောင်ရွက်ချက်များနှင့် သတင်းများကို ပြင်ပမှ သေချာမသိကြ၍ နေရပ်စွန့်ခွာပြည်သူများ၏ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်နေကြောင်း၊ အဆိုပါသွားရောက်လေ့လာခဲ့စဉ် အချိန်က ပြည်တွင်းရှိနေရပ်စွန့်ခွာ အစ္စလာမ်ဘာသာဝင်မိသားစုများ၊ ရခိုင်တိုင်းရင်းသားများ၊ လူနည်းစုတိုင်းရင်းသားများ အတွက် စီစဉ်ဆောင်ရွက်နေမှုများကို ပီပြင်စွာ တွေ့မြင်ရသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများ အတွက် ပြန်လည်လက်ခံရေး အဆင်သင့်မဖြစ်သေးမှုကို တွေ့ရှိခဲ့ရသဖြင့် အစိုးရ၏စီစဉ်ဆောင်ရွက်ထားမှုနှင့် တိုးတက်မှု အခြေအနေများသိလို၍ ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ တွေ့ရှိချက်အစီရင်ခံစာကို ကော်မရှင်၏ လုပ်ထုံးလုပ်နည်းအရ နိုင်ငံတော်သမ္မတထံ တင်ပြထားပါကြောင်း၊ ယင်းအစီရင်ခံစာတွင် လိုအပ်သည့် အကြံပြုချက်များ ဖော်ပြထားပါကြောင်း တင်ပြဆွေးနွေး သည်။

### အချိန်မီလက်ခံနိုင်ရေး

ပြည်ထောင်စုဝန်ကြီးက အဆိုပါလေ့လာခဲ့သည့်ကာလနှင့် ယခုကာလအခြေအနေ မတူတော့ကြောင်း၊ ယခုအခါ လုပ်ငန်းများတိုးတက်မှုရှိနေပြီ ဖြစ်ပါကြောင်း၊ ကုန်းလမ်းမှ ပြန်လည် ဝင်ရောက်လာမည့်သူများအတွက် တောင်ပြိုလက်ဝဲ၌ လည်းကောင်း၊ ရေလမ်းမှပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ငါးခူရတွင်လည်းကောင်း ပြန်လည်လက်ခံရေးစခန်းနှစ်ခု တည်ဆောက်ထားနေမှု၊ အဆိုပါ ပြန်လည်လက်ခံရေးစခန်းတွင် တစ်ညမှ နှစ်ရက်ခန့်သာ ခေတ္တနေပြီးအိမ်ရှိသူများအနေဖြင့် ၎င်းတို့အိမ်ရာများသို့ တိုက်ရိုက်ပြန်နိုင်ပြီး အိမ်မီးလောင်ခံရသူများအနေဖြင့် ရှစ်ခန်းတွဲ ယာယီတဲတန်းလျားတွင် ခေတ္တနေထိုင်ရမည်ဖြစ်ကာ ၎င်းတို့၏ အိမ်ပြီးစီးပါကပြောင်းရွှေ့နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါယာယီစခန်းတွင်နေထိုင်စဉ် ဝန်ကြီးဌာနက စားသောက်ရေးစီစဉ်ပေးထားမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်နိုင်ရန် စီစဉ်နေပါကြောင်း၊ ဦးစွာ ဘင်္ဂလားဒေ့ရှ်ဘက် ရောက်ရှိသွားသည့် ဟိန္ဒူလူမျိုး ၄၅၀ ကျော် ပြန်လည်လက်ခံရန်ရှိပါကြောင်း၊ ယာယီစခန်းတွင်နေထိုင်စဉ် အိမ်ရာဆောက်လုပ်ရေးတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် Cash for Work အစီအစဉ်ဖြင့် ဝင်ငွေလည်းရနိုင်မည်ဖြစ်ပါကြောင်း၊ အချိန်မီလက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အလှူရှင်ကုမ္ပဏီများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

### ပွင့်လင်းမြင်သာစွာ

ကော်မရှင်ဥက္ကဋ္ဌက အစိုးရ၏ လုပ်ဆောင်ချက်များကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများကပါသိရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ အထူးသဖြင့် ပြန်လည်ဝင်ရောက်လာမည့်သူများ အတွက် ဆောင်ရွက်ထားရှိသည့် အစီအစဉ်များကို ပွင့်လင်းမြင်သာစွာ သတင်းဖြန့်စေလိုကြောင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘူးသီးတောင်၊ မောင်တောတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပိုမိုဖွင့်လှစ်သင်ကြားပေးမည်

**မောင်တော ဒီဇင်ဘာ ၂၇**

ဘူးသီးတောင်၊ မောင်တောဒေသသည် နယ်စပ်ဒေသ ဖြစ်သည့်အလျောက် ဒေသခံ လူငယ်လူရွယ်များအား အလုပ်အကိုင် ဖန်တီးပေးနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို ပိုမိုဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းလှိုင်က ပြောသည်။




မောင်တောမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ပြုလုပ်သည့် မောင်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ဇာထိုး၊ ပန်းထိုး၊ အိတ်ထိုး၊ ဖိနပ်ထိုး) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးထွန်းလှိုင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ဘူးသီးတောင်၊ မောင်တောဒေသမှာ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်၊ ဘူးသီးတောင်မြို့မှာဆိုရင် ပြီးခဲ့တဲ့မေလက ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်၊ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာဆိုရင် အပ်ချုပ်သင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်၊ ဘူးသီးတောင်၊ မောင်တောဒေသမှာ ဘဏ္ဍာငွေရရှိမှု အပေါ်မှာ မူတည်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ဆက်လက်ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ် "ဟု ဦးထွန်းလှိုင်က ပြောသည်။

အဆိုပါသင်တန်းသို့ မောင်တောမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြူလှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးရွှေမောင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာရှိနှင့် ဝန်ထမ်းများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ် ရှစ်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်ရေရရှိရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ လူထုဗဟိုပြုစီမံကိန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်မောင်၊ဇေယျာ**
**ဓာတ်ပုံ - နေဝင်းထွန်း**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူ၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန် ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညာ၊ ပညောင်ပင်ကြီး၊ ပန်းတောပြင်၊ ခမောင်းဆိပ်၊ ရေနောက်ငါးသား၊ သစ်တုံးနားခွဆုံ၊ ပဒကားရွာသစ်၊ ကြက်ရိုးပြင်ကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၉၁၃၆ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကွီတဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ဧက ၅၅၀ ကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်စျေး၊ တိမ်ညို၊ ကန်စောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၁၀၄၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ၊ ဝင်းဇား၊ နရမ်း၊ နားပဲ့ချောင်းကျေးရွာများနှင့် ဦးစိုးတင့် ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၆၄၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၇၂၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်းကောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၂၉၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြူချောင်းကျေးရွာတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင် ဘာ ၂၆ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ငါ / ပြောက်ဆည်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ စုစု ပေါင်း ၃၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်ဖြူမြို့နယ် အတွင်းရှိ လောင်းချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ စုစုပေါင်း ၂၇ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### တိရစ္ဆာန်များအား ကာကွယ်ဆေးများ ထိုးနှံပေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဗောဓိကုန်း (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး စခန်းပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ် တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၅၅ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၇၁၈ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဦးဆောင်သော သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့က ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ ပြည်သူများအတွက် လူနာတင်ယာဉ်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ လှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၂၇**

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇ မဟာရဋ္ဌဂုရု ၊ တွဲဖက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဦးဆောင်သော သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ်ရှိ ပြည်သူများ ကျန်းမာရေး၊ ပညာရေးနှင့် ပြန်လည် ထူထောင်ရေးတို့အတွက် လူနာတင်ယာဉ် တစ်စီး၊ အဝတ်အထည်များနှင့် ထောက်ပံ့ ငွေကျပ် သိန်း ၁၀၀၀ ပေးအပ် လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်ရှိ ပြည်သူများ ကျန်းမာရေး၊ ပညာရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် လူနာတင်ယာဉ်တစ်စီး၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် သီတဂူဆရာတော် ဦးဆောင်သော သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့သည် မောင်တောမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း ခွဲစိတ်ခန်း အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ပြည်သူများ ကျန်းမာရေး၊ ပညာရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် လူနာတင်ယာဉ် တစ်စီး၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၀ ပေးအပ် လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါ ခရီးစဉ်တွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊ ဦးကောဝိဒ၊ ဒေါက်တာသေဋ္ဌိလ၊ ဦးပဏ္ဍိစ္စ၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလာကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**




# ရသေ့တောင်၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များ၌ ကျန်းမာရေး၊ ပညာရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် သီတဂူဆရာတော်ကြီးဦးဆောင်သည့် သီတဂူသာသနာပြုအဖွဲ့က ဒေသအရောက် ထောက်ပံ့လှူဒါန်း

မောင်တော ဒီဇင်ဘာ ၂၇

**ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဦးဆောင်သော သီတဂူသာသနာပြုအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ်ရှိ ရသေ့တောင်မြို့နယ်၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်နေ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန် လူနာတင်ယာဉ်၊ အဝတ်အထည်အသစ်များနှင့် အလှူငွေများကို ဒေသအရောက် ပြည်သူများထံ လာရောက်ပေးအပ်လှူဒါန်းခဲ့သည်။ အလှူရှင်ဆရာတော်နှင့် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်။**


ဆရာတော် ဦးပဏ္ဍိစ္စ


ဦးမြင့်အောင်(အတွင်းရေးမှူး၊ သီတဂူသာသနာပြုအဖွဲ့)


ဦးကျော်မိုးနိုင် (အတွင်းရေးမှူး၊ သီတဂူသာသနာပြုအဖွဲ့)

**ဆရာတော် ဦးပဏ္ဍိစ္စ**

ဘုန်းဘုန်းတို့ လာရတဲ့ ရည်ရွယ်ချက်က ဒီဒေသမှာ ဒုက္ခရောက်နေတဲ့သူတွေအားလုံးကို အကူအညီပေးချင်တယ်လို့ ဆရာတော်ကြီးက ဘုန်းဘုန်းတို့ဆီ ဖုန်းလှမ်းဆက်တယ်။ ဒီမှာ ဒုက္ခရောက်နေတဲ့သူတွေအတွက် အဝတ်အစားတွေ စုပေးပါ။ အဲဒီအချိန်က ဘုန်းကြီးကလည်း ဝါတွင်းသုံးလ တရားစခန်းပွဲ လုပ်နေတော့ ဆရာတော်ကြီး အမိန့်ရှိတဲ့အတိုင်း ကိုရီးယားမှာရှိတဲ့ သံဃာတွေအကုန်လုံးကို အကြောင်းကြားလိုက်တယ်။ သံဃာတွေရော၊ ဒကာ၊ ဒကာမတွေပါ အားလုံး စုပေါင်းလိုက်တာ အဝတ်အစားက ကွန်တိန်နာ နှစ်လုံးစာလောက် ရပါတယ်။ ကလေးဝတ်ကော၊ လူကြီးဝတ်ကော၊ အနွေးထည်ကော အစုံပါပဲ။ အလှူငွေလည်း ဒေါ်လာ သုံးသောင်းလောက်ရတယ်။ ကိုရီးယား သီတဂူအနေနဲ့ ဘုန်းကြီးတို့က အခုလို စုလှူကြတာပါ။ ဒီဒေသကို မြင်ရတာ သိပ်တော့ စိတ်ချမ်းသာစရာ မဟုတ်ဘူး။ နောက်ထပ် ဒီလို ဒုက္ခတွေမကြုံပါစေနဲ့လို့လည်း ဆုတောင်းပေးပါတယ်။ ဘေးရန်ကင်းကင်း၊ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့ ကိုယ့်ရဲ့ နိုင်ငံအတွင်းမှာ ကိုယ့်စားဝတ်နေရေးကို လုပ်ကိုင်နိုင်ကြပါစေလို့ မျှော်လင့်ပါတယ်။

**ဦးကျော်မိုးနိုင် (အတွင်းရေးမှူး၊ သီတဂူသာသနာပြုအဖွဲ့)**

သီတဂူဆရာတော်ကြီး ဦးဆောင်ပြီး ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ဟာ ရသေ့တောင်၊ မောင်တောနဲ့ ဘူးသီးတောင်ဒေသတစ်ခုစီအတွက် လူနာတင်ယာဉ်တစ်စီးစီ လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုရီးယားနိုင်ငံမှာရှိတဲ့ သီတဂူဆရာတော်ကြီးရဲ့ တပည့် ဘုန်းဘုန်း ဦးပဏ္ဍိစ္စကိုယ်တိုင်ကြွလာပြီးတော့ ကိုရီးယားနိုင်ငံက လှူဒါန်းလိုက်တဲ့ အဝတ်အထည် ကွန်တိန်နာ ပေ ၄၀ နှစ်လုံးစာကိုလည်း လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ဒီဒေသရဲ့ပညာရေး၊ ကျန်းမာရေးလိုအပ်တဲ့ ကဏ္ဍတွေအတွက် အသုံးပြုဖို့လည်း ဒေသတစ်ခုစီကို ငွေကျပ်သိန်း ၁၀၀၀ စီ လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ဒီငွေတွေက ဆရာတော်ကြီး အလှူခံလို့ ရရှိထားတဲ့ လှူဒါန်းငွေ၊ တရားဓမ္မဟောကြားလို့ ရရှိထားတဲ့ လှူဒါန်းငွေတွေစုပေါင်းပြီး သာသနာပြုအဖွဲ့ကို ဆရာတော်ကြီး ဦးဆောင်ပြီး အခုလို လာရောက် လှူဒါန်းကြတာ ဖြစ်ပါတယ်။ ဆရာတော်ကြီးက ဟိုးငယ်စဉ်ဘဝကတည်းက ဒီဒေသမှာ သာသနာပြုခဲ့တဲ့ ခရီးစဉ်တွေလည်း ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကလည်း မောင်တောမြို့ဆေးရုံမှာ လိုအပ်တဲ့ ဆေးရုံသုံးပစ္စည်းတွေကို ဒေါ်လာ တစ်သိန်းကျော်ခန့် လာရောက်လှူဒါန်းခဲ့ပါသေးတယ်။ ရခိုင်ပြည်နယ်မှာ ရေဘေး၊ လေဘေးကြုံတဲ့အခါတွေမှာလည်း ဆရာတော်ကြီးက စဉ်ဆက်မပြတ် လှူဒါန်းပေးနေပါတယ်။ နောက်ပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်နေတဲ့ ရခိုင်လူမျိုးတွေ ငြိမ်းချမ်းအေးမြစွာ သာသနာ့အရိပ်အောက်မှာနေနိုင်ရေး၊ ဗုဒ္ဓသာသနာ အဓွန့်ရှည်ရေး ဦးစားပေး ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးစောင့်ရှောက်ရေး၊ ပညာရေးမြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း ဆရာတော်ကြီးက စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသတွေအပြင် ကျောက်တော်၊ မြောက်ဦးမြို့တွေမှာပါ ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမြင့်အောင်(အတွင်းရေးမှူး၊ သီတဂူသာသနာပြုအဖွဲ့)**

ဆရာတော်ကြီးရဲ့ ရည်ရွယ်ချက်ကတော့ ကမ္ဘာသူ ကမ္ဘာသားအားလုံး ငြိမ်းချမ်းဖို့ ပြီးတော့ အတူယှဉ်တွဲ နေထိုင်နိုင်ရေးကို အဓိကထား လုပ်ဆောင်နေတာဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာပြည်မှာရှိတဲ့ လူမျိုးမရွေး၊ ဘာသာမရွေး လူသားအားလုံး ငြိမ်းချမ်းစွာ လက်တွဲနေထိုင်နိုင်ရေး အဓိကထား ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။ မြန်မာပြည် တစ်နံတစ်လျား မှာရှိတဲ့ မြန်မာပြည်သူတွေ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းနိုင်ဖို့ လုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်။ သီတဂူအနေနဲ့ လုပ်ဆောင်နေတာကတော့ ယနေ့ မြန်မာပြည် ဘယ်ဒေသမှာ ဘယ်လိုဘေးအန္တရာယ်တွေ ကျရောက်နေပါစေ ဆရာတော်ကြီးက ရောက်ရာအရပ်ကနေ ပြန်လာပြီး မေတ္တာ၊ ကရုဏာနဲ့ ပံ့ပိုး ကူညီနေတာဖြစ်ပါတယ်။ လက်ရှိအနေနဲ့ မြန်မာတစ်နိုင်ငံလုံး မျက်စိဆေးရုံ ၃၃ ရုံဖွင့်လှစ်ပြီးပါပြီ၊ ငါးရုံထပ်ဖွင့်ပါဦးမယ်။ ဗုဒ္ဓတက္ကသိုလ် အနေနဲ့လည်း ငါးခုဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ အမေရိကန်၊ ဂျာမနီ၊ ရုရှားနိုင်ငံတွေမှာလည်း ထေရဝါဒ သာသနာပြန့်ပွားရေးအတွက် သာသနာပြုလုပ်ငန်းတွေကို ဆရာတော်ကြီး ဦးဆောင်ပြီး သီတဂူသာသနာပြုအဖွဲ့က ဆောင်ရွက်လျက်ရှိပါတယ်။

**မြင့်မောင်၊ ဇေယျာ ၊ဓာတ်ပုံ-နေဝင်းထွန်း**

---

▲ **ရှေ့ဖုံးမှ**

ပမာဏများနေတာကြောင့် ငြင်းပယ်ခံရမှုအချို့ ရှိနေတာမှန်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေက မြို့နယ်အချို့မှာ ပဲတီစိမ်းရွှေဝါ စိုက်ပျိုးလျက်ရှိတဲ့ ကျေးရွာတွေကို ကွင်းဆင်းအသိပညာပေးမှုနဲ့ သင်တန်းပို့ချမှုတွေ ပြုလုပ်ပေးပြီး EU နိုင်ငံတွေမှာ ပဲပင်ပေါက်အဖြစ် စားသုံးနိုင်တဲ့ အဆင့်ရှိအောင် တင်ပို့ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ EU ကို နှစ်စဉ် ပဲတီရွှေဝါ တန်ချိန် ၁၀၀၀၀ ကျော် တင်ပို့ပေးလျက်ရှိပါတယ်၊ ကျန်တဲ့ ပဲမျိုးစုံကိုလည်း ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ ဘူဂေးရီးယား၊ ဂျာမနီ၊ ဂျပန်စတဲ့ နိုင်ငံတွေကို နှစ်စဉ်ပို့ခဲ့သလို အခုဘဏ္ဍာနှစ်မှာလည်း ဆက်လက်တင်ပို့နေရဆဲပဲ ဖြစ်ပါတယ်၊ ပဲမျိုးစုံ ပြည်ပတင်ပို့မှုကို ကြည့်ရင် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၂ ဒသမ ၂၅ သိန်း တင်ပို့ခဲ့ပြီး လက်ရှိ ဘဏ္ဍာနှစ်မှာ ယခုအချိန်ထိ တန်ချိန် ၁၀ ဒသမ ၂၁ သိန်း တင်ပို့ထားနိုင်တာကြောင့် ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၄၄၀၀ ကျော် ပိုမိုတင်ပို့ထားပြီး ဖြစ်တာတွေ့ရပါတယ်၊ ဆိုလိုတာက သူတို့ပြောသလို ပိုးသတ်ဆေးဓာတ်ကြွင်းကြောင့် ပြည်ပကို တင်ပို့နိုင်မှု မရှိဘူးဆိုတဲ့ ဖော်ပြချက်မမှန်ကန်ဘဲ အရင်နှစ်ထက်တောင် ပိုပြီး တင်ပို့ထားနိုင်တဲ့ အခြေအနေဖြစ်ကြောင်း ပြောလိုပါတယ်။

**ဓာတ်ကြွင်းများပြားနေ**

"ပိုးသတ်ဆေး ဓာတ်ကြွင်းကြောင့် စားသုံးသူတွေအနေနဲ့ ဆိုးရွားတဲ့ ကျန်းမာရေးထိခိုက်မှုတွေ ရရှိနိုင်တယ်ဆိုတာ ငြင်းလို့မရတဲ့ကိစ္စပါ၊ ဒါလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆွေးနွေးဟောပြောမှုတွေ လုပ်ပေးနေတာ ဖြစ်ပါတယ်၊ ဒါပေမယ့် ရောင်းမကုန်တဲ့ ပိုးသတ်ဆေး ဓာတ်ကြွင်းများပြားနေတဲ့ ပဲတွေကို ပြည်တွင်းစားသုံးသူတွေကို ရောင်းချတယ်လို့ဆိုတာက ဘယ်နေရာက ပဲကို၊ ဘယ် ဓာတ်ခွဲခန်းမှာ စမ်းသပ်ပြီး ဓာတ်ကြွင်းတွေ ဘယ်လောက်များနေသလဲဆိုတဲ့ မေးခွန်းတော့ ပြန်မေးရမယ့်ကိစ္စရှိမှာ ဖြစ်ပါတယ်။

"အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုအရေးအတွက် ကန့်သတ်တဲ့ မူဝါဒပြောင်းလဲမှုကြောင့် ပဲစင်းငုံကို တန်ချိန် နှစ်သိန်းနဲ့ မတ်ပဲကို တန်ချိန် သုံးသိန်း သတ်မှတ်ခဲ့တာဟာ ပိုးသတ်ဆေး ဓာတ်ကြွင်းများတာကြောင့် မဟုတ်ဘဲ သူတို့နိုင်ငံရဲ့ ပဲစိုက်တောင်သူတွေ အခွင့်အရေးကို ကာကွယ်ပေးတဲ့သဘောနဲ့ ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်၊ ဒီလို သတ်မှတ်မှုကြောင့် ပြည်တွင်းမှာ မတ်ပဲနဲ့ ပဲစင်းငုံ ဈေးနှုန်းတွေ ကျဆင်းခဲ့တာ တွေ့ရပါတယ်၊ ကျွန်တော်တို့ ဌာနက ပဲစားသုံးမှု မြှင့်တင်ပွဲတွေ ကျင်းပ ပြုလုပ်ပေးနေရတာကလည်း စားသုံးသူပြည်သူတွေ အနေနဲ့ ဈေးနှုန်းကြီးမြင့်တဲ့ အသား၊ ငါးတွေ အစား ဈေးနှုန်းသက်သာစွာနဲ့ ပဲကို ဝယ်ယူ စားသုံးနိုင်ကြပြီး ပဲကနေရရှိတဲ့ အာဟာရကြွယ်ဝမှုကို အဓိက ရရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပါတယ်။

**တာဝန်တစ်ရပ်**

"အဲဒီအသင်းက ဖော်ပြခဲ့တဲ့ ပဲစိုက်တောင်သူနဲ့ ပဲကုန်သည်တွေရဲ့ မျက်နှာတစ်ခုတည်းကိုကြည့်ပြီး ဆောင်ရွက်နေတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ ပြောရရင် ပဲစိုက်တောင်သူတွေ ဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကကျတဲ့ အခြေခံလူတန်းစားတွေ ဖြစ်တာကြောင့် ကြည့်သင့်တဲ့ အတိုင်းအတာတစ်ခု အထိ ကြည့်ပေးရမှာပဲ ဖြစ်ပါတယ်၊ ပဲကုန်သည်ကတော့ ပဲလုပ်ငန်း လုပ်လို့မရရင် အခြားလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်နိုင်သူတွေ အများစုဖြစ်တယ်ဆိုပေမယ့် သူတို့လည်း ကိုယ့်နိုင်ငံသားတွေ ဖြစ်တာကြောင့် စောင့်ရှောက်ပေးရမှာပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် ပဲစားသုံးမှု မြှင့်တင်ပွဲတွေ ကျင်းပနေရတာဟာ တောင်သူနဲ့ ကုန်သည်တွေရဲ့ အကျိုးတစ်ခုတည်းကိုသာ ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်ဘဲ ကျွန်တော်တို့ဌာနအနေနဲ့ အချိန်အခါနဲ့အညီ ဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တွေအပေါ် အစိုးရဌာနတစ်ခုရဲ့လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရတာပဲ ဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**ရှင်မင်း**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ ဒုတိယအကြိမ် ချုပ်ရက်ယူ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေဖြင့် ဖမ်းဆီးခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တရားရုံး၌ ရုံးထုတ်ခဲ့ပြီး **(ယာပုံ)** ဒုတိယအကြိမ် ချုပ်ရက်(ရမန်) ယူခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

**တရားစွဲဆိုတဲ့အဆင့်ကို မရောက်သေး**

"ဒီနေ့မှာတော့ ရဲလုပ်ငန်းအရ အမှုတည်ဆောက်ဖို့အတွက် ဒုတိယအကြိမ် ချုပ်ရက်ယူတာပါ၊ ချုပ်ရက်ယူထားတဲ့ကာလမှာ အင်းစိန် အကျဉ်းထောင်မှာ ချုပ်မိန့်ပေးထားပါတယ်၊ လတ်တလောမှာတော့ တရားစွဲဆိုတဲ့အဆင့်ကို မရောက်သေးပါဘူး၊ တရားစွဲဆိုနိုင်ဖို့ ရဲတပ်ဖွဲ့က စစ်ဆေးနေတဲ့ကာလပဲ ဖြစ်ပါတယ်"ဟု မင်္ဂလာဒုံမြို့နယ် တရားသူကြီးက မြန်မာ့သတင်းစဉ်၏ မေးမြန်းမှု အပေါ်ဖြေကြားသည်။

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်ကိုဝလုံး(ခေါ်)သက်ဦးမောင်မောင်နှင့် ကိုကျော်စိုးဦး(ခေါ်)မိုးအောင်တို့နှစ်ဦးအား ထောက်ကြန့် နယ်မြေရဲစခန်းက (ပ) ၁၂၉၈/ ၂၀၁၇၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) တို့ဖြင့် အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှုကို ဒုတိယရဲမှူးကြီး ယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၃ ရက်တွင် မင်္ဂလာဒုံမြို့နယ် တရားရုံး၌ ပထမအကြိမ်ချုပ်ရက် (ရမန်) ရယူခဲ့ကြောင်း သိရသည်။



ယနေ့နံနက်ပိုင်းက တရားရုံး၌ ဒုတိယအကြိမ် ချုပ်ရက်(ရမန်) ရယူရာတွင် ဖမ်းဆီးခံရသူ နှစ်ဦးကို တရားရုံးသို့ သီးသန့်မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ကာ မိသားစုဝင်များနှင့်လည်း တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း သိရသည်။

အမှုနှင့် ပတ်သက်၍ ဖမ်းဆီးခံရသူနှစ်ဦးဘက်မှ လိုက်ပါဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်အောင်က "သူတို့နှစ်ဦးကို အင်းစိန်ထောင်ကို တန်းပို့မယ်လို့ သိရပါတယ်၊ သူတို့ကို ဒီဥပဒေနဲ့ မစွဲသင့်ပါဘူး၊ အဓိက ကတော့ သတင်းသမားက သတင်းအချက်အလက် ကောက်ခံတယ်၊ သတင်းရေးဖို့ လုပ်ဆောင်ရင်းနဲ့ အချက် အလက်တွေကို မိသွားတယ်၊ သူတို့အနေနဲ့ သတင်းမီဒီယာ ကျင့်ဝတ်နဲ့အညီ သတင်းကိစ္စတွေကို ထမ်းဆောင်ရင်းနဲ့ ဒီလိုမျိုးပုဒ်မတွေနဲ့ စွပ်စွဲခံရတာက သတင်းသမားတွေအတွက် အလွန်နစ်နာပါတယ်၊ ပြည်သူတွေအတွက်လည်း သိပိုင်ခွင့်တွေ ဆုံးရှုံးပါတယ်၊ လာမယ့်တရားခွင်မှာ ကျွန်တော်တို့ဆက်ပြီး ရင်ဆိုင်သွားမှာပါ" ဟု မီဒီယာများကို ပြောသည်။

**ထပ်မံချိန်းဆို**

အဆိုပါ အမှု၏ ဒုတိယအကြိမ် ချုပ်ရက်(ရမန်)ကာလမှာ လာမည့်ဇန်နဝါရီ ၁၀ ရက်နေ့တွင် ပြည့်မြောက်ပြီဖြစ်သဖြင့် တရားရုံးက ယင်းနေ့သို့ ထပ်မံချိန်းဆိုလိုက်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ ဖြင့် တရားစွဲဆိုခံရသည့် ရေးမြို့ မြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်ကို အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ကန်တာယာဉ်တိမ်းမှောက်မှုနှင့် စပ်လျဉ်း၍ အမှုစစ် အရာရှိ ရဲအုပ်ကျော်သက်ခိုင်က ငွေတောင်းခံခြင်းနှင့် မတရား အမှုဆင် တရားစွဲဆိုခြင်းအား အရေးယူပေးပါရန် နစ်နာသူမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ် ရေးမြို့ မြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်သည် အမှုစစ်ရဲအရာရှိ၏ လုပ်ပိုင်ခွင့်ကို အသုံးပြုလျက် လာဘ်ငွေများ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ၅၆ ဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြည်နယ်တရားလွှတ်တော်၌ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် (၁/၂၀၁၇)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ YE-7 စားသောက်ဆိုင်အတွင်း ဖြစ်ပွားသည့် လူသတ်မှုတရားခံများဖမ်းမိ

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ YE-7 စားသောက်ဆိုင်အတွင်း သန်းနိုင်ဦး (ခ) မုန့်ဖတ်(၂၉ နှစ်)အား ဒီဇင်ဘာ ၂၆ ရက် နံနက် ၁ နာရီခွဲက အမည်မသိသူနှစ်ဦးက ဓားဖြင့် ဝင်ရောက်ထိုးပြီး ထွက်ပြေးတိမ်းရှောင်သွားရာ ရရှိသော ဒဏ်ရာဖြင့် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူရာမှ သေဆုံးသွားခဲ့သည်။

**သက်သေခံ ပစ္စည်းများ**

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့် စစ်ဆေးခဲ့ရာ ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးအား အမြန်ဖမ်းဆီးရမိရေး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညွန့်ထွန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အမှတ် ၃ နယ်မြေရဲစခန်းမှ ရဲအုပ်ဇော်လွင်နှင့် တပ်ဖွဲ့ဝင်တို့က စုံစမ်းသတင်းရယူ ဖော်ထုတ်ခဲ့ရာ အခင်းဖြစ်ပွားပြီး ၁၀ နာရီခန့်အကြာတွင် အမှုမှတိမ်းရှောင်နေသူ ထွန်းလင်း (၂၃ နှစ်) ရန်မျိုးအောင် ရပ်ကွက်နေသူအား ဖမ်းဆီးရမိပြီး ကျန်ရှိသူ စောဌေးဦး(၄၄ နှစ်) ရန်မျိုးအောင် ရပ်ကွက် မိတ္ထီလာမြို့နေသူအား ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးထံမှ အခင်းဖြစ်ပွားစဉ်က ကိုင်ဆောင်ခဲ့သည့် အရိုးအသွား ၁၄ လက်မရှိ ငှက်ကြီးတောင်ဓား တစ်ချောင်း၊ အရိုးအသွား လက်မ ၂၀ ရှိ သံရိုးတပ် ငှက်ကြီးတောင် ဓား တစ်ချောင်းနှင့် ကိုးလက်မခန့်ရှိ သုံးဆစ်ချိုး သံတုတ်တစ်ချောင်းတို့ကို သက်သေခံ ပစ္စည်းများအဖြစ် သိမ်းဆည်းရမိခဲ့သည်။

**စကားများရန်ဖြစ်**

ဖြစ်ပွားရသည့် အကြောင်းအရင်းမှာ သေဆုံးသူ သန်းနိုင်ဦး(ခ)မုန့်ဖတ်နှင့် ထွန်းလင်းနှင့် စောဌေးဦးတို့ စကားများ ရန်ဖြစ်ကြပြီးနောက် ထွန်းလင်းနှင့် စောဌေးဦးတို့က နေအိမ်သို့ပြန်၍ ဓားယူဆောင်ကာ သေဆုံးသူအား ပြည်သာယာရပ်ကွက်အတွင်း လှည့်လည်ရှာဖွေစဉ် YE-7 ဆိုင်ရှေ့တွင် တွေ့ရှိခဲ့ရ၍ ထွန်းလင်းက ဓားဖြင့်လိုက်၍ ခုတ်စဉ် ဆိုင်အတွင်း ကောင်တာရှေ့အထိ ထွက်ပြေးသွားခဲ့ရာ စောဌေးဦးက နောက်မှ ဆိုင်အတွင်း လိုက်ဝင်လာပြီး ၎င်းတို့နှစ်ဦးအား ဖျန်ဖြေပေးသယောင်နှင့် သေဆုံးသူ၏ ဝဲဘက်ရင်အုံအား အသင့်ယူလာသော ငှက်ကြီးတောင်ဓားဖြင့် တစ်ချက်ထိုးသွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တရားမဝင် ကန့်သတ်ကုန်ပစ္စည်း Cheer နှင့် Chang ဘီယာများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၁၈၀၊ သွင်းကုန် ၁၀၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် လေးသန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း က တားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄ ဒသမ ၇၉၇ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈ ဒသမ ၇၉၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**ကန့်သတ် ကုန်ပစ္စည်းများ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၆ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော မုပ္ပလင်လမ်းဆုံ၊ သစ်ဆိမ့်ပင်-မုပ္ပလင်လမ်း၊ စွပ္ပနူး-မုပ္ပလင်သုသာန်လမ်းတို့တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ Box Truck ယာဉ်တစ်စီး၊ Mitsubishi Delica ယာဉ်တစ်စီး၊ Toyota Light Truck ယာဉ်တစ်စီးတို့အား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ် ကုန်ပစ္စည်းများဖြစ်သည့် Cheer Beer (330ml)(690)Pkgs, Chang Beer(500ml)(350)Pkgs နှင့်ပစ္စည်း သယ်ဆောင်သည့်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၆ သန်း ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန်လျင် မြို့ဟောင်း အရှေ့ရပ်ကွက် သစ်စက်လမ်းမပေါ်၌ YBS 31 ယာဉ် မီးလောင်မှု ဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက် သစ်စက်လမ်းမပေါ်၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က YBS 31 ယာဉ် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် သစ်စက်လမ်းမပေါ်၌ ယာဉ်မောင်း ဇေယျာမင်း(၃၀ နှစ်) ရွှေဝါရောင် ၃ လမ်း တာဝကျေးရွာ ဘုရားကုန်းကျေးရွာအုပ်စု သန်လျင်မြို့နယ်နေသူ မောင်းနှင်လာသော YBS 31 ယာဉ်လိုင်း ယာဉ်အမှတ် 9E/--- ဟွန်ဒိုင်းအမျိုးအစား (ခရီးသည်မပါ) ယာဉ်သည် င/ပကျေးရွာရှိ ဂတ်(စ်)ဆိုင်၌ ဂတ်စ်ဖြည့်ရန် မောင်းနှင်လာစဉ် ယာဉ်၏ ဘက်ထရီငုတ်နှင့် ဝိုင်ယာကြိုးရှော့ခ်ဖြစ်ပြီး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး ယာဉ်ပျက်စီးကာ လူသေဆုံး ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကို သန်လျင်မြို့နယ်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# လှိုင်သာယာ ဒိုင်စုရွာကျူးကျော်ဓာတ်ဆီဆိုင် ဆေးလိပ်မီးကြောင့် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပွင့်လင်းရာသီသို့ ရောက်ရှိချိန် လှိုင်သာယာမြို့နယ်တွင် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က ဒိုင်စုကျေးရွာ ဦးထွန်း ညိုလမ်းမကြီးနှင့် နယ်မြေခံ တပ်ခြံစည်းရိုးကြားတွင် ဖွင့်လှစ်ထားသော ကျူးကျော်ဓာတ်ဆီဆိုင်ရှိ အလုပ်သမားက ဓာတ်ဆီထည့်နေစဉ် ဆေးလိပ်မီးညှိရာ ဆီပုံးများသို့ ကူးစက်လောင်ကျွမ်း၍ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

**မီးငြိမ်း**

မီးလောင်ရာသို့ မီးသတ်ယာဉ် ၄၉ စီး၊ အုပ်ချုပ်မှုယာဉ် ရှစ်စီးနှင့် အထောက်အကူပြု ယာဉ် ၁၀ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးကိုထိန်းနိုင်ခဲ့ပြီး ၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ဓာတ်ဆီပီပါ ၃၀၊ ဒီဇယ်ပီပါ ၂၀ နှင့် ပီပါအခွံ ၄၀ တို့ မီးလောင်ဆုံးရှုံး၍ ပေ ၄၀ ပတ်လည်ခန့်ရှိ ဝါးတဲတစ်လုံးပျက်စီးခဲ့ပြီး ဆီဆိုင်မှာ ကားလမ်းနှင့် ပေတစ်ရာကျော်ဝေးသည့်အတွက် ကားလမ်းတစ်ဖက်ရှိ စက်ရုံနှင့် ကျူးကျော်တဲများကို မီးကူးစက်မှု ကင်းဝေးခဲ့ခြင်းဖြစ်သည်။

**အရေးယူဆောင်ရွက်**

အဆိုပါမီးလောင်မှုကြောင့် ဆီဆိုင် ပိုင်ရှင် ကိုမျိုးဇော်အောင်(၃၀ နှစ်)အား လှိုင်သာယာမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**



သာသနာတော်နှစ် - ၂၅၆၁ နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ မြန်မာသက္ကရာဇ် - ၁၃၇၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်





ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ
ပါမောက္ခချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ (သ.စ.အ) ဓမ္မာစရိယ၊ ပါဠိပါရဂူ၊
ပါမောက္ခချုပ်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်
၁၃၇၉-ခုနှစ်၊ ပြာသိုလပြည့်နေ့
၁-၁-၂၀၁၈ ( တနင်္လာနေ့ )

ဒေါက်တာအရှင် ဉာဏိဿရ
သီတဂူဆရာတော် (Ph.D, D.Litt)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ
၁၃၇၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁) ရက်
၂-၁-၂၀၁၈ ( အင်္ဂါနေ့ )

အရှင် ဆန္ဒာဓိက
ရွှေပါရမီတောရဆရာတော်
သာသနဓဇဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
၁၃၇၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက်
၃-၁-၂၀၁၈ ( ဗုဒ္ဓဟူးနေ့ )

တရားအလှူပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အချိန် - ညစဉ် (၇ း ၃၀) နာရီ၊ နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီးခြေတော်ရင်း၊ ပြည်သူ့ဥယျာဉ်၊ ရန်ကုန်မြို့။

ဆက်သွယ်လှူဒါန်းရန် ● ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး - ဖုန်း- ၀၁-၂၁၁၃၇၂၊ ၀၉-၅၂၃၃၄၇၀ ● ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး - ဖုန်း - ၀၁-၆၆၅၅၂၃၊ ၀၉-၈၆၀၂၁၆၃၊
● နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ကျင်းပရေးကော်မတီရုံး၊ ပြည်သူ့ရင်ပြင်
● ကပ္ပတိန်ငွေးမြင့် (တွဲဖက်အတွင်းရေးမှူး -၂)-ဖုန်း - ၀၉-၅၀၁၀၄၂၇၊ ၀၉-၇၈၈၈၈၄၂၃၅ ● ဦးနေမျိုးဝင်း (တွဲဖက်အတွင်းရေးမှူး -၃) ဖုန်း - ၀၉-၂၅၄၂၆၄၄၈၊ ၀၉-၇၈၈၈၈၄၂၃၆
● KBZ Bank Account - 225-302-00701449101 ● AYA Bank Account - 0053202010014853 ● Shwe Bank Account- 130 100 200 200 728 50012

## "သတိပေးနှိုးဆော်ချက်"

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်မောင်းနှင်သူများမှာ နေ့စဉ်စည်းကမ်းချိုးဖောက်မှုများကြောင့် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မရပ်ရနေရာ၌ ရပ်တန့်ထားသော ယာဉ်များ၊ ယာဉ်နှစ်ထပ်ရပ်တန့်ထားသော ယာဉ်များ၊ ဖြူနီကျား ရေးဆွဲထားသည့် နေရာတွင် ရပ်ထားသော ယာဉ်များ၊ အချက်ပြ မီးပွိုင့်ဧရိယာအတွင်း ရပ်တန့်ထားသော ယာဉ်များအား မော်တော်ယာဉ် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မိတ္ထီလာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မိတ္ထီလာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ယင်းတက္ကသိုလ်ရှိ ဝန်ဇင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဓာတုဗေဒပါမောက္ခ (ဌာနမှူး) ဒေါက်တာနီနီအောင်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းနှင့် ပြိုင်ပွဲများ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် အမှတ်ပေးစနစ်အကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါ ကာယဗလမောင်ပြိုင်ပွဲတွင် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ၊ အရှေ့တိုင်းပညာ၊ မြန်မာစာနှင့် ဘူမိဗေဒဘာသာရပ် ကိုယ်စားပြု ကျောင်းသား ကိုးဦး ပြိုင်ပွဲဝင်ကြသည်။




ကာယအလှမယ်ပြိုင်ပွဲအား အသက်အရွယ်အလိုက် နှစ်မျိုးခွဲ၍ ကျင်းပရာ အသက် ၂၁ နှစ်အထက် ကာယအလှမယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသမီးငါးဦး၊ အသက် ၂၁ နှစ်အောက် ကာယအလှမယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသမီးငယ် ၁၀ ဦးတို့က အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒနှင့် အခြားဘာသာရပ်များကို ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်ကြရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

✻ *ကျောဖုံးမှ*

အား/ကာသိပ္ပံ၊ တက္ကသိုလ်၊ ဇွဲကပင်၊ YREOနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်လျက်ရှိပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားရန် KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့် KBZ Bank Women's League ပြိုင်ပွဲကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်သည်။ ပွဲစဉ်(၁) ဒုတိယနေ့ကို ဒီဇင်ဘာ ၂၈ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ခင်မောင်သန်း ၉/မထလ(နိုင်)၃၃၃၀၁၅ ၏ Passport နံပါတ်မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၅၇၆၅၆၈**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဃ/၈၅၁၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/3865 Toyota Succeed NCP 58, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနုဝေ ၁၂/ဆကခ(နိုင်)၀၁၄၃၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြစ်ကြီးနားမြို့၊ မြစ်ကြီးနားတက္ကသိုလ်၊ စတုတ္ထနှစ်(မြန်မာစာ)မှ မောင်ဇော်မင်းနိုင် ၁/ဝမန(နိုင်)၀၇၃၁၉၀၏ ဖခင် ဦးမြင့်ဦးနိုင်(ခ)ဦးကျော်စိုး ၉/မခန(နိုင်)၀၆၄၀၅၅ သည် တစ်ဦးတည်းဖြစ်ပါသည်။

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- လီဗာပူးနည်းပြ ဂျာဂျင်ကလော့ပ်သည် အသင်းခေါင်းဆောင် ဟန်ဒါဆင်နှင့် နောက်တန်းကစားသမား မော်ရီနိုတို့နှစ်ဦးသည် နောက်ထပ်ယှဉ်ပြိုင် ကစားမည့် လက်စတာအသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။
- ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား ကန်တီသည် ၂၀၁၇ ခုနှစ် ပြင်သစ်တစ်နှစ်တာ အကောင်းဆုံးဆုအတွက် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ ၎င်းသည် ထိုဆုအတွက် ပီအက်စ်ဂျီဆယ်ကျော်သက်တိုက်စစ်မှူး အမ်ဘတ်ပီ၊ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာနှင့် ယခင်နှစ်က ပြင်သစ်တစ်နှစ်တာ အကောင်းဆုံးဆုရရှိခဲ့သော အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- အာဆင်နယ်အသင်းသည် အသက် (၂၅ နှစ်) အရွယ် ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယားကို ရေရှည်စာချုပ်သစ်ချုပ်ဆိုရန် အဆင်သင့်ရှိနေကြောင်း သည်ဆန်းအရ သိရသည်။
- ဂျူဗင်တပ်စ်အသင်းသည် လီဗာပူးကွင်းလယ်ကစားသမား အမ်မရီကမ် (၂၃နှစ်)ကို ခေါ်ယူရန်အတွက် အသက်(၂၂ နှစ်)အရွယ် တောင်ပံကစားသမား မာကိုပီဂျာကာကို အပြောင်းအရွှေ့ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုနိုင်ကြောင်း ယူကေအခြေစိုက် သတင်းရင်းမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- ဝက်စ်ဟမ်းအသင်းသည် ဆီဗီလာကွင်းလယ်ကစားသမား စတီဗင်အင်န်ဇွန်ဇီ (၂၉ နှစ်)ကို စိတ်ဝင်စားလျက်ရှိသော်လည်း အာဆင်နယ်၊ အဲဗာတန်အသင်းတို့နှင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- အသက် (၃၄ နှစ်)အရွယ်ရှိပြီဖြစ်သည့် ယာယာတိုရေးသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် မန်းစီးတီးအသင်းမှ ထွက်ခွာသွားမည် မဟုတ်ကြောင်း ၎င်း၏ အေးဂျင့်က ဆိုသည်။
- မန်ယူအသင်းကွင်းလယ်ကစားသမား ဖယ်လိုင်နီ (၃၀နှစ်)သည် ၎င်းကို မန်ယူအသင်းက တိုးမြှင့်ကမ်းလှမ်းမှုပြုလုပ်ခဲ့တောင် မန်ယူအသင်း၌ ဆက်လက်ရှိနေမည်မှာ မသေချာကြောင်း ယူကေအခြေစိုက် သတင်းရင်းမြစ်တစ်ခုတွင် ဖော်ပြထားသည်။ **ဇော်ဇော်**

# ဆီးရီးယားရှိ အိုင်အက်စ်တိုက်ခိုက်ရေးသမားဟောင်းများကို အမေရိကန်က လေ့ကျင့်ပေးနေသည်ဟု ရုရှားစွပ်စွဲ



ဇူလိုင် ၂၉ ရက်က မော်စကိုအပြင်ဘက် Alabino တွင် ကျင်းပသည့် ၂၀၁၇ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗယ်လရီဂီရာစီမော့ဗ်ကို တွေ့ရစဉ်။

**မော်စကို ဒီဇင်ဘာ ၂၇**

ဆီးရီးယားနိုင်ငံကို မတည်မငြိမ်ဖြစ်စေရန် အမေရိကန်သည် ဆီးရီးယားရှိ အိုင်အက်စ် တိုက်ခိုက်ရေးသမားဟောင်းများကို လေ့ကျင့်ပေးနေသည်ဟု ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗယ်လရီ ဂီရာစီမော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီး ဗယ်လရီ ဂီရာစီမော့ဗ်၏ စွပ်စွဲပြောကြားချက်များကို သတင်းစာအင်တာဗျူးတစ်ခုတွင် ဖော်ပြခဲ့ပြီး နိုင်ငံတောင်ပိုင်းရှိ အီရတ်နှင့် နယ်နိမိတ်ထိစပ်နေသည့် Tanf ၌ အခြေစိုက်ထားသည့် အမေရိကန်စစ်အခြေစိုက်စခန်းကို ရည်ရွယ်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်စစ်အခြေစိုက်စခန်းသည် တရားမဝင်ကြောင်းနှင့် ယင်းစစ်အခြေစိုက်စခန်းနှင့်အနီးတစ်ဝိုက်ဧရိယာများသည် စစ်သွေးကြွများလည်ပတ်သည့် နေရာများဖြစ်လာခဲ့ကြောင်းပြောကြားခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများသည် ယခုနှစ်အတွင်း ဆီးရီးယားနှင့်အီရတ်တို့ရှိ ၎င်းတို့ဆုပ်ကိုင်ထားသည့်နေရာများ အားလုံးနီးပါးကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က ဆီးရီးယားရှိ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများနှင့် ဖြစ်ပွားနေသည့် အဓိကတိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ကြောင်း နိုင်ငံပိုင် RIA သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုကမူ Tanf အခြေစိုက်စခန်းသည် ယာယီစစ်အခြေစိုက်စခန်းတစ်ခုဖြစ်ပြီး အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို တိုက်ခိုက်နှိမ်နင်းရန် မိတ်ဖက်အင်အားစုများကို လေ့ကျင့်ပေးရာတွင် အသုံးပြုသည့်နေရာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရုရှားသည် ယခင်ကလည်း အလားတူစွပ်စွဲမှုမျိုး ပြုလုပ်ခဲ့ပြီး အမေရိကန်က ငြင်းဆန်ခဲ့သည်။

ဂီရာစီမော့ဗ်က ဗုဒ္ဓဟူးနေ့တွင် Komsomolskaya Pravada သတင်းစာသို့ပြောကြားခဲ့သည်မှာ အမေရိကန်ပြည်ထောင်စုသည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွဟောင်းများကို လေ့ကျင့်ပေးနေကြောင်း၊ သို့သော် ယင်းစစ်သွေးကြွဟောင်းများကို အခြားအမည်များပေးလျက် ခေါ်ဝေါ်နေကြောင်း ပြောကြားခဲ့သည်။ ရုရှားဂြိုဟ်တုများနှင့် ဒရုန်းယာဉ်များသည် အမေရိကန်အခြေစိုက်စခန်းရှိ စစ်သွေးကြွများကို ကင်းထောက်စစ်ဆေးနေကြောင်း ၎င်းကပြောကြားခဲ့သည်။

**ရိုက်တာ**

## အိန္ဒိယနိုင်ငံတောင်ပိုင်း၌ လှေတစ်စင်းတိမ်းမှောက်ရာ ကလေးငယ် ခြောက်ဦး သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၂၇**

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လှေတစ်စင်း နစ်မြုပ်ရာမှ အနည်းဆုံး ကလေးခြောက်ဦးသေဆုံးခဲ့ပြီး သုံးဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ပြောခဲ့သည်။

လှေသည် မလက်ပူရမ်ခရိုင် ပွန်နာနီ ကိုလီအနီး မြစ်ရေသေပိုင်းတွင် ယမန်နေ့ နှောင်းပိုင်းက နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာသည် ကီရာလာပြည်နယ်မြို့တော် သီရူဗနန်နသာပူရမ်မြောက်ဘက် ၃၅၉ ကီလိုမီတာအကွာတွင် ရှိကြောင်း သိရသည်။

လွန်ခဲ့သည့်နေ့ ညနေဘက်တွင် လူကိုးဦး သယ်ဆောင်လာသည့် လှေတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ လှေနစ်မြုပ်ပြီးနောက် ကလေးခြောက်ဦး ရေနစ်ခဲ့ကြောင်း၊ လှေသမားအပါအဝင် သုံးဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ကယ်တင်ပြီးနောက် ချက်ချင်း ၎င်းတို့ကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။ ကလေးများမှာ အားလပ်ချိန် ဆွေမျိုးများနှင့် အတူတကွနေထိုင်ရန် ပြန်လာခဲ့ရာမှ ထိုသို့ လှေမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



လှေပိုင်ရှင်မှာ အခြေအနေစိုးရိမ်ရကြောင်း အရာရှိများက ပြောခဲ့သည်။ လှေသည် ကမ်းခြေနှင့် မီတာ ၂၀၀ ခန့် အကွာတွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။ လှေနစ်မြုပ်မှုဖြစ်ပြီးနောက် အာဏာပိုင်များက ကယ်ဆယ်ရေးလှေများ၊ ရေငုပ်သမားများဖြင့် ရေနစ်သေဆုံးသူ ခြောက်ဦးကို ဆယ်ယူခဲ့သည်။

အဆိုပါဖြစ်ရပ်ကို စုံစမ်းရန် ဒေသဆိုင်ရာအာဏာပိုင်က အမိန့်ထုတ်ပြန်ထားသည်။ လှေမှောက်ခြင်းသည် အိန္ဒိယနိုင်ငံတွင် အဖြစ်နည်းသော်လည်း ဝန်ပိုတင်မှုကြောင့် တိမ်းမှောက်ခြင်းများ ဖြစ်ပွားလေ့ရှိသည်။ လွန်ခဲ့သည့်လက အန်တရာပရာဒေ့ရှ်ပြည်နယ်တွင် လှေတစ်စင်းတိမ်းမှောက်ပြီး လူ ၁၉ ဦး ရေနစ်ခဲ့သည်။

**ဆင်ဟွာ**




## ဆွစ်ဇာလန်နိုင်ငံ၌ ရေခဲတောင်ပြိုကျမှုများကြောင့် လူသုံးဦး သေဆုံး

**ဂျီနီဗာ ဒီဇင်ဘာ ၂၇**

ဆွစ်ဇာလန်နိုင်ငံ အဲလက်ပ်တောင်တန်းဒေသတွင် မကြာသေးမီသုံးရက်အတွင်း ရေခဲတောင်ပြိုကျမှု သုံးကြိမ်ဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သော ဒီဇင်ဘာ ၂၅ ရက်က ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်း ဗေလီးယက်စ်ပြည်နယ်တွင် ရေခဲတောင်ပြိုကျမှုဖြစ်ပွားခဲ့ရာ အသက် ၃၉နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ထို့အတူ ဒီဇင်ဘာ ၂၃ ရက်ကလည်း ရေခဲတောင်ပြိုကျမှုဖြစ်ပွားခဲ့ရာ ပြင်သစ်နိုင်ငံမှ အသက် ၃၁နှစ်အရွယ် ခရီးသွားဧည့်သည်တစ်ဦး သေဆုံးခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ အရှေ့ပိုင်း ဂရူဘန်ဒန် ပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ကြေညာခဲ့သည်။ ယင်းနေ့တွင်ပင် စိန့်လဒ်ဒေသတွင်ဖြစ်ပွားခဲ့သည့် ရေခဲတောင်ပြိုကျမှုတွင်လည်း ခရီးသွားဧည့်သည် သုံးဦး ဒဏ်ရာရရှိခဲ့ပြီး ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဆမ်ဆောင်း ဒုတိယအကြီးအကဲကို ထောင်ဒဏ် ၁၂ နှစ် ချမှတ်ရန် တောင်ကိုရီးယားအစိုးရရှေ့နေများ ကြိုးပမ်း

**ဆိုးလ် ဒီဇင်ဘာ ၂၇**

တောင်ကိုရီးယားအစိုးရရှေ့နေများသည် ဆမ်ဆောင်းအီလက်ထရွန်နစ် ဒုတိယဥက္ကဋ္ဌဂျေဝိုင်လီကို ယခုနှစ်အစောပိုင်းက တောင်ကိုရီးယားသမ္မတဟောင်းပတ်ဂွမ်ဟေးအား ရာထူးမှပြုတ်ကျစေခဲ့သည့် အကျင့်ပျက်ခြစားမှုတစ်ခုဖြင့် ဗုဒ္ဓဟူးနေ့တွင် ထောင်ဒဏ် ၁၂နှစ်ကျခံစေရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရရှေ့နေများသည် အကျင့်ပျက်ခြစားမှုဖြင့် ဆမ်ဆောင်းဒုတိယအကြီးအကဲလီအား တစ်ဆင့်နိမ့်တရားရုံးက ထောင်ဒဏ်ငါးနှစ်ချမှတ်ခဲ့သည့်အပေါ် လီက အယူခံဝင်လျှောက်လဲမှုကို ကြားနာစစ်ဆေးလျက်ရှိသည့် ဆိုးလ်တရားရုံးချုပ်တွင် တောင်းဆိုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၄၉ နှစ်ရှိပြီဖြစ်သည့် ဘီလျံနာဖြစ်သူလီသည် တောင်ကိုရီးယားသမ္မတဟောင်းပတ်ဂွမ်ဟေးအား လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့မှုဖြင့်အပြစ်ရှိကြောင်း တစ်ဆင့်နိမ့်တရားရုံးက ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့်ဖေဖော်ဝါရီလကတည်းက ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည့် လီအပြင် နောက်ထပ်ဆမ်ဆောင်းအမှုဆောင်အရာရှိဟောင်း လေးဦးကိုလည်း ယင်းကိစ္စတွင် ပါဝင်ပတ်သက်နေသည့်အတွက် အရေးယူခြင်းခံခဲ့ရသည်။

တရားပြိုင်များသည် ၎င်းတို့အနေဖြင့် ဆမ်ဆောင်းအုပ်စု၏အနာဂတ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်းပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် အမှန်စင်စစ်လီ၏ ထိန်းချုပ်နိုင်စွမ်းကင်းမဲ့မှုနှင့် စီးပွားရေးဆိုင်ရာ နစ်နာဆုံးရှုံးရမှုများနှင့်ပတ်သက်၍ စိုးရိမ်နေခြင်းသာဖြစ်ကြောင်း အထူးအစိုးရရှေ့နေ ပတ်ယောင်ဆိုက လူ၁၅၀ခန့်ရှိနေသည့် တရားခွင်၌ပြောကြားခဲ့သည်။

**ရိုက်တာ**



ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက်က ဆိုးလ်တရားရုံးတွင် ဆမ်ဆောင်းအီလက်ထရွန်နစ်ဒုတိယဥက္ကဋ္ဌ ဂျေဝိုင်လီကိုတွေ့ရစဉ်။

# လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွေကို လက်ခံကြိုဆိုလာတဲ့ ပြည်သူ့သဘောထား

ကလျာမိုးမြင့်



ပြီးခဲ့တဲ့ အင်္ဂါနေ့အစောပိုင်းမှာ ဗြိတိန်နိုင်ငံမြောက်ပိုင်း မြို့ကြီးတွေ ဖြစ်ကြတဲ့ ရှက်ဖီးနဲ့ ချက်စတာဖီးတို့မှာ လက်နက်ကိုင်ရဲတပ်ဖွဲ့ဟာ နေအိမ်တံခါးတွေနဲ့ အစ္စလာမ်လူထုစုဝေးရာ ဌာနတစ်ခုတို့ရဲ့ ပြတင်းတံခါးတွေကို ဖွင့်ခဲ့ပြီး အသက် ၂၂ နှစ်နဲ့ ၄၁ နှစ်အရွယ်အတွင်းရှိတဲ့ လူလေးဦးကို ဖမ်းဆီးခဲ့ရပါတယ်။

ခရစ္စမတ်နေ့မှာ ဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ဖို့ ကြိုတင်ကြံစည်မှုလို့ မီဒီယာတွေဆီကိုပေးပို့ခဲ့တဲ့ သေးငယ်တဲ့ သတင်းလေးတစ်ခုနဲ့တင် အဲဒီအန္တရာယ်ကို ရှောင်လွှဲတားဆီးနိုင်ခဲ့ပါတယ်။ ထွက်ပေါ်လာတဲ့ ရဲတပ်ဖွဲ့ဟာ ပြည်တွင်းထောက်လှမ်းရေးအဖွဲ့ MI5 ဟာ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ကပေးတဲ့ ဖြစ်နိုင်ဖွယ်ရှိတဲ့သတင်းအချက်အလက်အပေါ်မှာ မူတည်ပြီး လှုပ်ရှားနေတာ ဖြစ်ပါတယ်။

ဗြိတိန်ဟာ ဒီနှစ်အတွင်းမှာ အစ္စလာမ္မစ်စစ်သွေးကြွတွေရဲ့ တိုက်ခိုက်မှုကို လေးကြိမ်တိုင်တိုင် ခံခဲ့ရပါတယ်။ တိုက်ခိုက်မှုတွေအတွင်းမှာ လူ ၃၅ ဦး သေဆုံးပြီး အဲဒီထဲက လူငယ် ၂၂ဦးဟာ မန်ချက်စတာ ဂီတဖျော်ဖြေပွဲမှာသေဆုံးခဲ့တာပါ။

တုံ့ပြန်လက်စားချေတဲ့ တိုက်ခိုက်မှုတစ်ခုတော့ ရှိခဲ့ပါတယ်။ အမျိုးသားတစ်ဦးက လန်ဒန်က အစ္စလာမ္မစ်ဘာသာရေးအဆောက်အအုံ အပြင်ဘက်မှာရှိနေကြတဲ့ ဝတ်ပြုကိုးကွယ်သူလူအုပ်ထဲကို ကားနဲ့မောင်းဝင်တိုက်ခိုက်ခဲ့တာပါ။ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွေက ကြိုတင်စီစဉ်ထားတဲ့ တိုက်ခိုက်မှု ကိုးခုကို တားဆီးဖယ်ရှားနိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဟာ အန္တရာယ်ရှိတယ်လို့ သံသယရှိတဲ့သူအယောက် ၃၀၀၀ လောက်ကို စောင့်ကြည့်ထိန်းချုပ်လျက်ရှိပါတယ်။

ဥပဒေ ဘက်တော်သားတွေအနေနဲ့ တစ်ထစ်ချပြောဆိုထားသလို မျိုးတော့ တိုက်ခိုက်ဖို့ ကြံစည်မှုမှန်သမျှကို ဖယ်ရှားနိုင်မှုမရှိပေမယ့် အဆိုးဆုံးတွေ ဖြစ်မလာအောင်တော့ တားဆီးနိုင်ခဲ့ကြပါတယ်။

တိုက်ခိုက်မှုတွေဟာ တစ်ခါတစ်ရံမှသာဖြစ်ပွားပေမယ့် တိုက်ခိုက်မှုတွေကို စိုးရိမ်ကြောက်လန့်ရတာတွေဟာ လုံခြုံရေးအေဂျင်စီတွေနဲ့ ပတ်သက်ပြီး ပြည်သူလူထုရဲ့အယူအဆသဘောထားတွေကို ပြောင်းလဲသွားစေပါတယ်။

လုံခြုံရေးအင်အားစုတွေဟာ တူညီတဲ့ အသိအမှတ်ပြု ချီးကျူးမှုကို မရရှိခဲ့ကြသလို နည်းစနစ်ပိုင်းနဲ့ လှုပ်ရှားမှုအပိုင်းမှာ မသင်္ကာမှုတစ်ခုကို ထိန်းသိမ်းနေရတဲ့ လစ်ဘရယ်အဖွဲ့အစည်းအတွင်းမှာဆိုရင် လုံးဝကို အထင်ကြီးလေးစားခြင်း မခံခဲ့ရပါဘူး။

Noam Chomsky ဟာဆိုရင် စီအိုင်အေကို အကျည်းတန်တဲ့ အရှုပ်အထွေးတွေကို ပြုလုပ်ဖို့တည်ရှိနေတဲ့ အေဂျင်စီတွေလိုမျိုး ခိုင်းနှိုင်းပြောဆိုခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်ကနေ ၁၉၅၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒိန်အာခီဆန်ဟာ ၎င်းရဲ့ကိုယ်တွေ့မှတ်တမ်းထဲမှာ ၎င်းဟာ သမ္မတဟယ်ရီထရူးမင်းကို စီအိုင်အေနဲ့ပတ်သက်ပြီး သတိပေးခဲ့တဲ့အကြောင်း ရေးသားခဲ့ပါတယ်။

သမ္မတဟင်နရီထရူးမင်းရဲ့ တာဝန်ထမ်းဆောင်မှုကာလအတွင်းမှာ ပေါ်ထွက်လာခဲ့တဲ့ စီအိုင်အေဟာ အတော်လေးအင်အားကောင်းလာနိုင်ပြီး စီအိုင်အေက ဘာတွေလုပ်နေတယ် သို့မဟုတ် ဒီအဖွဲ့အစည်းကို ဘယ်လိုထိန်းချုပ်ရမယ်ဆိုတာကို သမ္မတကိုယ်တိုင်ရော၊ အမျိုးသားလုံခြုံရေးကောင်စီရော ဘယ်သူကမှ သိနိုင်တဲ့ အနေအထားရှိတော့မှာ မဟုတ်ဘူးလို့ အာခီဆန်က ၎င်းရဲ့ကိုယ်တွေ့မှတ်တမ်းတွေထဲမှာ ရေးသားခဲ့ပါတယ်။

ဒီလို စိုးရိမ်သောကရောက်နေရတာတွေဟာ အခြေအမြစ်မရှိသလို အံ့ဝင်ခွင်ကျလည်း မဖြစ်လှပါဘူး။ ဥရောပနိုင်ငံအချို့နဲ့ မတူညီတဲ့ အမေရိကဟာ ဒုတိယကမ္ဘာစစ်မတိုင်မီအချိန်အထိ စပိုင်အေဂျင်စီဖွဲ့စည်းတည်ထောင်ခဲ့တာ မရှိပါဘူး။

ပြီးတော့ အာခီဆန်ရဲ့ သတိပေးမှုနောက်ကွယ်မှာ နာဇီအက်စ်အက်စ်အဖွဲ့အစည်းနဲ့ ဆိုဗီယက်ယူနီယံရဲ့ KGB အဖွဲ့အစည်းတွေရဲ့ ရက်စက်ကြမ်းတမ်းခဲ့တဲ့ သာဓကတွေရှိနေခဲ့လို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးသမားတွေက ခုလိုပြောဆိုနေကြပေမယ့် အမေရိကန်ထောက်လှမ်းရေး အဖွဲ့အစည်းတွေဟာ ပြုပြင်ထိန်းသိမ်းတဲ့ စနစ်တစ်ခုအနေနဲ့ ကျန်ရှိနေဆဲပဲဖြစ်ပါတယ်။

အနီးကပ်စောင့်ကြည့်ထောက်လှမ်းမှုတွေနဲ့ပတ်သက်ပြီး ပေါ်ပေါက်လာတဲ့ ဆန္ဒဖော်ထုတ်မှုတွေကို လူအများစုက မေ့ပစ်လိုက်ကြပါပြီ။ ပြည်သူလူထုရဲ့စိတ်ခံစားချက်အတွင်းမှာ ပုံမှန်မဟုတ်တဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်မှုနဲ့အတူ အေဂျင်စီတွေအတွက် ချီးမွမ်းခြင်းနဲ့ ဝေဖန်ခြင်းနှစ်မျိုးအတွင်းမှာ ထင်မြင်ချက်တွေပြောင်းလဲနေတဲ့ သမ္မတတစ်ဦးရဲ့ ထပ်ကာတလဲလဲ ထိုးနှက်မှုတွေကို ခံခဲ့ရတဲ့ အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွေဟာ အခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစည်းကမ်းတွေကို ခုခံကာကွယ်သူတွေအဖြစ်နဲ့ အသစ်တစ်ဖန် ပြန်လည်ပေါ်ထွက်လာပြီ ဖြစ်ပါတယ်။

ထောက်လှမ်းရေးအဖွဲ့အစည်းတွေနဲ့ ရဲတပ်ဖွဲ့အင်အားစုတွေဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဖော်ထုတ်ပြီး တားဆီးဖယ်ရှားတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပြီး 9/11 တိုက်ခိုက်မှုအပြီးမှာ အောင်မြင်မှုတွေအများအပြား ပိုမိုရရှိလာခဲ့ပါတယ်။ ရလဒ်အနေနဲ့ လက်ဝဲသမားတွေနဲ့ လက်ယာသမားတွေကြားမှာ အကွဲင်းမဲ့ သဘောတူညီမှု ရရှိလာတာကတော့ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့အစည်းတွေဟာ နိုင်ငံတော်က အားထားရတဲ့ ခုခံကာကွယ်သူတွေ ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။

အနောက်ဥရောပမှာဆိုရင် အခုလို အခြေအနေမျိုးတွေ ပိုပြီးအဖြစ်များပါတယ်။ အနက်ရှိုင်းဆုံး မေ့မှိန်မှုတွေထဲမှာ နှုတ်ဆိတ်ပြီး ရှင်သန်နေထိုင်လာခဲ့ရတဲ့ ဗြိတိန်အေဂျင်စီတွေရဲ့ အကြီးအကဲတွေ ဖြစ်ကြတဲ့ အမျိုးသားတွေနဲ့ အမျိုးသမီးတွေဟာ အခုဆိုရင် အချိန်နဲ့အမျှ မိန့်ခွန်းပြောဆိုမှုတွေရှိလာပြီး အောက်တိုဘာလအတွင်းမှာ MI5 အဖွဲ့ခေါင်းဆောင် အန်ဒရူးပါကာက အစ္စလာမ္မစ်အစွန်းရောက်တွေဆီက အကြမ်းဖက်ခြိမ်းခြောက်မှုတွေကို သတိပေးဖို့ လုပ်ဆောင်ခဲ့တာတွေနဲ့ ပတ်သက်ပြီး မကြာခဏ ပြောဆိုမှုတွေ ပိုများလာပါတယ်။

ဥရောပအေဂျင်စီတွေဟာလည်း အလားတူပဲလည်ပတ်နေပါတယ်။ သမ္မတနီးကိုးလပ်စ်ဆာကိုဇီရဲ့ လျှို့ဝှက်အမိန့်ပေးအပ်မှုတွေအရ ဂျာနယ်လစ်တွေနဲ့ နိုင်ငံရေးယှဉ်ပြိုင်ဘက်တွေကို လျှို့ဝှက်စုံစမ်းထောက်လှမ်းခဲ့တယ်လို့ စွပ်စွဲမှုတွေခံခဲ့ရတဲ့ ပြင်သစ်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်တွေဟာ အခုဆိုရင် သမ္မတ ရွေးကောက်ပွဲကိစ္စရပ်တွေမှာ ဝင်ရောက်စွက်ဖက်ရမှုကနေ လွတ်မြောက်သွားပြီဖြစ်ပြီး ၎င်းတို့ကို ကမ္ဘာ့အကောင်းဆုံးအေဂျင့်တွေထဲမှာ ပါဝင်နေသူတွေအဖြစ် အသိအမှတ်ပြုလိုက်ပါပြီ။

၎င်းတို့ဟာဆိုရင် ၂၀၁၅ နဲ့ ၂၀၁၆ ခုနှစ်တွေတုန်းကလို ဥရောပမှာ လူအသေအပျောက် အများဆုံးဖြစ်စေခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုမျိုး တွေကို ကာကွယ်ရာမှာ ၎င်းတို့ကို အကူအညီဖြစ်စေဖို့အတွက် ဆက်သွယ်ရေးဆိုင်ရာ အထူးကျွမ်းကျင်သူတွေနဲ့ ဘာသာဗေဒပညာရှင်တွေကို သွတ်သွင်းနေပါတယ်။

ဂျာမနီအစိုးရဟာဆိုရင်လည်း ၎င်းရဲ့ပြည်တွင်းနဲ့ နိုင်ငံခြားအေဂျင်စီနှစ်ခုလုံးအတွက် အသုံးစရိတ်တွေကို အကြီးအကျယ် တိုးပွားအောင် စုဆောင်းနေပြီး တိုးပွားလာတဲ့ငွေကြေးအများစုကို ကျယ်ပြန့်ပြီး ပိုမိုနီးကပ်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေအတွက် ထည့်ဝင်သုံးပြုနေပါတယ်။

ဒီလိုဆောင်ရွက်မှုကြောင့် နိုင်ငံအတွင်းမှာပြင်းထန်တဲ့ စကားစစ်ထိုးမှုတွေ ပေါ်ပေါက်ခဲ့ပြီး လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွေရဲ့ အင်အားနဲ့ ပတ်သက်ပြီး စွပ်စွဲမှုတွေရှိနေဆဲဖြစ်ပေမယ့် ပြည်သူလူထုရဲ့ထောက်ခံမှုကိုတော့ ကျယ်ကျယ်ပြန့်ပြန့် လက်ခံရရှိလာနေပါပြီ။

အီတလီနိုင်ငံမှာတော့ ၂၀၀၇ ခုနှစ် ဥပဒေဟာ အီတလီထောက်လှမ်းရေး အဖွဲ့တွေအတွင်းမှာ အပြင်းအထန်ပြိုကွဲမှုတွေ မကြာခဏ ဖြစ်ပွားရတာကို အဆုံးသတ်စေခဲ့ပြီး ဒီအဖွဲ့အစည်းတွေကို လုံခြုံရေးဆိုင်ရာ လျှို့ဝှက်ထောက်လှမ်းရေးဌာနရဲ့ ထိန်းချုပ်မှုအောက်မှာ ထားရှိခဲ့ပါတယ်။

ဒီအေဂျင်စီတွေဟာလည်း အခုဆိုရင် အတိတ်ကာလကရှိခဲ့တဲ့ အားနည်းချက်တွေနဲ့ ဝေးကွာသွားခဲ့ပြီဖြစ်တယ်လို့ အခိုင်အမာပြောဆိုနေပြီဖြစ်ပါတယ်။ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့အစည်းတွေအပေါ်မှာ ပြည်သူတွေရဲ့သဘောထားပြောင်းလဲလာမှုနဲ့ ကြိုဆို လက်ခံလာမှုဟာ ဒီမိုကရေစီစနစ်မှာ ကောင်းမွန်တဲ့ အပြောင်းအလဲတစ်ခုလို့ ဆိုရမှာဖြစ်ပါကြောင်း။ ။

**ကိုးကား-ရိုက်တာ**

> “ ဂျာမနီအစိုးရဟာဆိုရင်လည်း ၎င်းရဲ့ ပြည်တွင်းနဲ့ နိုင်ငံခြားအေဂျင်စီနှစ်ခုလုံးအတွက် အသုံးစရိတ်တွေကို အကြီးအကျယ်တိုးပွားအောင် စုဆောင်းနေပြီး တိုးပွားလာတဲ့ ငွေကြေးအများစုကို ကျယ်ပြန့်ပြီး ပိုမိုနီးကပ်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေအတွက် ထည့်ဝင်သုံးပြုနေပါတယ် ”

## နိုင်ငံတကာ သတင်းတိုထွာ

### ဗီယက်နမ်တောင်ပိုင်း၌ မုန်တိုင်းကြောင့် ခရီးသွား ၄၀၀၀ ကျော် သောင်တင်

ဟိုချီမင် ဒီဇင်ဘာ ၂၇

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကီယန်ဂျီယန်ပြည်နယ်ရှိ ဗီယက်နမ်နိုင်ငံအကြီးဆုံးကျွန်းဖြစ်သော Phu Quoc ကျွန်း၌ နိုင်ငံခြားသားခရီးသွား ၂၂၀၀ နီးပါး အပါအဝင် စုစုပေါင်းခရီးသွား ၄၀၀၀ ကျော် သောင်တင်နေကြောင်း၊ ထို့အတူ လေယာဉ်ခရီးစဉ်နှင့် သင်္ဘောခရီးစဉ်များကိုလည်း တိုင်ဖွန်းမုန်တိုင်း တမ်ဘင်ကြောင့် ဖျက်သိမ်းခဲ့ရကြောင်း ဗီယက်နမ်ရုပ်မြင်သံကြား (ဗွီတီဗွီ)က ဒီဇင်ဘာ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

မုန်တိုင်းတမ်ဘင်ကြောင့် ကီယန်ဂျီယန်၊ ကာမူနှင့် ဘက်စ်လီယူအပါအဝင် တောင်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပွားခဲ့ကြောင်း၊ လူပေါင်း တစ်သန်းနီးပါး ပြောင်းရွှေ့မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ စာသင်ကျောင်းများကိုလည်း ယာယီပိတ်ခဲ့ရကြောင်း သက်ဆိုင်ရာအာဏာပိုင် များက ပြောသည်။

ဗီယက်နမ် တောင်ပိုင်းဒေသများသည် အများအားဖြင့် မုန်တိုင်းဒဏ်ခံရလေ့ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

သို့သော်လည်း နောက်ဆုံးသတင်းများအရ အပူပိုင်းမုန်တိုင်းသည် ယခုအခါ အင်အားလျော့နည်းသွားပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### မော်စကို၌ ဘတ်စ်ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိသောကြောင့် ငါးဦးသေဆုံး

မော်စကို ဒီဇင်ဘာ ၂၇

ရုရှားနိုင်ငံ မော်စကိုမြို့၌ မြေအောက်လူသွားလမ်းတစ်ခုအတွင်းသို့ ဘတ်စ်ကားတစ်စီးအရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်လာရာ လူလေးဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားကိုးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မကြာသေးမီတွင် ပြောသည်။

ယာဉ်ကို မထိန်းချုပ်နိုင်ခြင်း သို့မဟုတ် စက်ချွတ်ယွင်းခြင်းကြောင့် ဘတ်စ်ကားတိမ်းမှောက်ခြင်း ဖြစ်နိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါဖြစ်ရပ်တွင် ယာဉ်မောင်းအား ထိန်းသိမ်းထားပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဘတ်စ်ကားမတော်တဆတိုက်မိမှု ဖြစ်ပွားခဲ့သည့်အတွက် လိုအပ်သည့် ထောက်ပံ့မှုများကို မော်စကိုမြို့တော်ဝန် ဆာဂျီဆိုဗြန်နင်က လုပ်ဆောင်ပေးခဲ့ကြောင်း၊ သေဆုံးခဲ့သူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အထူးကြေကွဲဝမ်းနည်းရပါကြောင်း လူမှုကွန်ရက်ဖြစ်သော တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၃) အဆိုပါ ဆုံးဖြတ်ချက်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ဒါရိုက်တာများ အားလုံးသည် -

(ကက) လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြခြင်း၊

(ခခ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် မပါရှိခြင်း၊

(ဂဂ) ဆုံးဖြတ်ချက် ချမှတ်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ၎င်းတို့ ကိုယ်တိုင်သင့်လျော်မျှတသည်အထိ စုံစမ်းခြင်းနှင့်

(ဃဃ) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံး ဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်ခြင်း။

(ဃ) အလားတူအခြေအနေတွင် သာမန်ပုဂ္ဂိုလ်တစ်ဦးက လက်ခံဆောင်ရွက်နိုင်ခြင်း မရှိခြင်းမှတစ်ပါး ထိုဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်း ဆုံးဖြစ်သည်ဟု ဒါရိုက်တာများ၏ ယုံကြည်မှုသည် ကျိုးကြောင်းညီညွတ်သော ယုံကြည်မှုဖြစ်သည်။

(င) ပုဒ်မခွဲ (ဂ) တွင် ပါရှိသောကိစ္စရပ်များအတွက် -

(၁) ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီ၏ ဆက်နွယ်သည့်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါက ထိုပုဂ္ဂိုလ်သည် တတိယပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၎င်းအပြင်

(၂) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီအပေါ်တွင်လည်းကောင်း တရားစွဲဆိုမှုများတွင် ယင်းသို့တရားစွဲဆိုမှုများတွင် ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်အား အယူခံဝင်ခြင်းများလည်း ပါဝင်သည်။

**တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိသောသူအတွက် အခြားသူတစ်ဦးဦးကို အစားထိုး ဖြည့်စွက်ခြင်း**

၁၉၈။ (က) ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် အစားထိုး ဖြည့်စွက်ရန်အတွက် အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ အနက်မှတစ်ဦးဦးသည် တရားရုံးသို့ လျှောက်ထားရမည် -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member)၊ သို့မဟုတ် ယင်းတို့တွင်ပါဝင်သူ တစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ (former officer)။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် အမိန့်တစ်ရပ် ကို ချမှတ်ရမည်-

(၁) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်းနှင့်

(၂) အကြောင်းခြင်းရာအားလုံးတွင် အမိန့်ချမှတ်ရန် သင့်လျော်မှုရှိကြောင်း။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အခြားသူတစ်ဦးအတွက် အစားထိုးဖြည့်စွက် ရန်ချမှတ်သည့်အမိန့်သည် အောက်ပါအတိုင်း အကျိုးသက်ရောက်မှုရှိ သည် -

(၁) ခွင့်ပြုချက်ပေးခြင်းသည် အစားထိုးဖြည့်စွက်သော ပုဂ္ဂိုလ်အကျိုးငှာ ပြုလုပ်သည်ဟု သတ်မှတ်ရမည်။ ၎င်းအပြင်

(၂) အခြားသူတစ်ဦးသည် တရားစွဲဆိုဆောင်ရွက်မှုအား ပြုလုပ်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီးဖြစ်လျှင် အစားထိုးဖြည့်စွက်သော ပုဂ္ဂိုလ်သည် အဆိုပါ တရားစွဲဆိုမှုကို ဆောင်ရွက်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီး ဖြစ်သည်ဟု သတ်မှတ်ရမည်။

**ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှု**

၁၉၉။ (က) ကုမ္ပဏီတွင် ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြု ခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် ထိုအတည်ပြုချက် သို့မဟုတ် ထောက်ခံ ချက်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦးဦးအား ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ဖြင့် တရားစွဲဆိုမှု များကိုပြုလုပ်ခြင်း သို့မဟုတ် ယင်းတို့တွင် ကြားဝင်ဆောင်ရွက်ခြင်း ကိုဖြစ်စေ၊ ခွင့်ပြုချက်ရရန်အတွက် လျှောက်ထားခြင်းကိုဖြစ်စေ တားမြစ်ထားခြင်း မရှိစေရ။

(၂) ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ဖြင့် စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြား ဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများကို တရားပြိုင်၏ အကျိုးအတွက် ဆုံးဖြတ်ပေးရမည် သို့မဟုတ် ခွင့်ပြုချက်ရရှိရန် လျှောက်ထားခြင်းကို ငြင်းပယ်ရမည်ဟု အကျိုးသက်ရောက်ခြင်း မရှိစေရ။

(ခ) ကုမ္ပဏီတွင်ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့ လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက် ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆို မှုများတွင်လည်းကောင်း၊ အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လည်း ကောင်း နစ်နာမှုများအပါအဝင် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ရာ၌ ဖော်ပြပါ အတည်ပြုချက် သို့မဟုတ် ထောက်ခံချက်ကို ထည့်သွင်းစဉ်းစား နိုင်သည်။ ထိုသို့ ချမှတ်ဆောင်ရွက်ခဲ့လျှင် ယင်းဆုံးဖြတ်ချက်တွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ကုမ္ပဏီတွင် ပါဝင်သူများမှ ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြု မပြု သို့မဟုတ် ထောက်ခံခြင်းပြု မပြုဆုံးဖြတ်ရာတွင် ၎င်းတို့၏ပြုလုပ် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည့်စုံစွာ သိရှိခဲ့ခြင်းနှင့်

(၂) ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ထောက်ခံ ခြင်းတို့အားပြုလုပ်ခဲ့သော ကုမ္ပဏီတွင်ပါဝင်သူများက လျော်ကန် သင့်မြတ်သော ကိစ္စရပ်အတွက် ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ။

**တရားရုံး၏ အထွေထွေ လုပ်ပိုင်ခွင့်များ**

၂၀၀။ (က) တရားရုံးသည် အောက်ပါကိစ္စများအပါအဝင် ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင် ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဉ်း ၍လည်းကောင်း၊ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သင့်သည်ထင်မြင်သည့် အတိုင်း အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်ပြီး ညွှန်ကြားချက်များကို ပြုလုပ်နိုင် သည် -

(၁) ကြားဖြတ်အမိန့်များ၊

(၂) စေ့စပ်ညှိနှိုင်းခြင်း ဆောင်ရွက်ရန်လိုအပ်ခြင်းအပါအဝင် တရားစွဲ ဆိုဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ အရာရှိတစ်ဦးဦးကို ဆောင်ရွက်မှုတစ်ရပ်ရပ် ပြုလုပ်စေရန် သို့မဟုတ် မပြုလုပ်စေရန် ညွှန်ကြားသည့်အမိန့်တစ်ရပ် နှင့်

(၄) အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန်နှင့် တရားရုံးသို့အစီရင်ခံတင်ပြစေရန် လွတ်လပ်သော ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားသည့်အမိန့်တစ်ရပ် -

(ကက) ကုမ္ပဏီ၏ ငွေရေးကြေးရေးကိစ္စရပ်များ၊ သို့မဟုတ်

(ခခ) တရားစွဲဆိုသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားစွဲဆို ရန်အကြောင်းပေါ်ပေါက်လာရသည့် အချက်အလက်များ သို့မဟုတ် အခြေအနေများ၊ သို့မဟုတ်

(ဂဂ) တရားစွဲဆိုမှုတွင် ပါဝင်လျက်ရှိကြသော အမှုသည်များနှင့် ခွင့်ပြုချက်ရရှိသော သူတို့က တရားစွဲဆိုမှုတွင် ကုန်ကျခဲ့သည့် စရိတ်များ။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ တရားရုံးက ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သည် ကုမ္ပဏီသို့ သင့်လျော်သည့် အကြောင်းကြားမှု ပြုလုပ်၍ ၎င်းအား ခန့်အပ်မှုနှင့် သက်ဆိုင်သော လုပ်ငန်းများအတွက် ကုမ္ပဏီ၏ စာရင်းစာအုပ် များကို စစ်ဆေးခွင့်ရှိသည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခဲ့လျှင် -

(၁) တရားရုံးသည် ထိုသို့ ခန့်အပ်ထားခြင်းခံရသူအတွက် အခကြေးငွေနှင့် ကုန်ကျစရိတ်များကို မည်သူက ကျခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အမိန့်တစ်ရပ်ကိုလည်း ချမှတ်ရမည်။

(၂) တရားရုံးသည် အဆိုပါအမိန့်ကို မည်သည့်အချိန်တွင်မဆို ပြောင်းလဲ နိုင်သည်။

(၃) အဆိုပါအမိန့်အရ သို့မဟုတ် ထိုသို့ ပြောင်းလဲထားသော အမိန့်အရ ပြုလုပ်ဆောင်ရွက်ရန် တာဝန်ရှိသောပုဂ္ဂိုလ်များမှာ အောက်ပါပုဂ္ဂိုလ် များ ဖြစ်သည်-

(ကက) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုတွင် အမှုသည်အဖြစ် ပါဝင်သူအားလုံး သို့မဟုတ် အမှုသည်တစ်ဦးဦးနှင့်

(ခခ) ကုမ္ပဏီ။ ၎င်းအပြင်

(၄) အဆိုပါအမိန့် သို့မဟုတ် ထိုသို့ပြောင်းလဲထားသော အမိန့်တွင် သက်ဆိုင် သူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများအား တာဝန်ရှိကြောင်း ဖော်ပြထားလျှင်ထိုအမိန့်တွင် ထိုသို့သက်ဆိုင်သူတစ်ဦးစီ၏ တာဝန်ရှိမှု အခြေအနေနှင့် အတိုင်းအတာ ပမာဏကိုလည်း ဆုံးဖြတ်ပေးနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်များသည် ကုန်ကျစရိတ်နှင့်စပ်လျဉ်းသည့် တရားရုံး၏လုပ်ပိုင်ခွင့်များကို ထိခိုက်စေခြင်း မရှိစေရ။

**ကုန်ကျစရိတ်ဆိုင်ရာ အမိန့်များကို ချမှတ်နိုင်သည့် တရားရုံး၏အခွင့်အာဏာ**

၂၀၁။ တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သော အောက်ပါပုဂ္ဂိုလ်များ၏ ကုန်ကျစရိတ် များမှာ သင့်လျော်သည်ဟု ယူဆလျှင် မည်သည့်အချိန်တွင်မဆို အမိန့်တစ်ရပ်ရပ် ချမှတ် နိုင်သည် -

(က) တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားသူ သို့မဟုတ် ခွင့်ပြုချက် ရရှိသူ၊

(ခ) ကုမ္ပဏီနှင့်

(ဂ) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုများတွင် ပါဝင်သောအခြားအမှုသည် တစ်ဦးဦး။

## အခန်း (၂၀)

## အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများက အစုရှယ်ယာရောင်းချရန် ကမ်းလှမ်းမှုများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ

### ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)

**ဤအခန်းပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း**

၂၀၂။ (က) ပုဒ်မခွဲ (ခ) မှအပ ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် ယင်းတို့၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန်ကမ်းလှမ်းခြင်းများနှင့်သက်ဆိုင်စေရမည်။ ဤပြဋ္ဌာန်းချက်များ အား ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကျင့်သုံး ဆောင်ရွက်ရမည့်အပြင် အဆိုပါသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ခ) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှအပ အခြားကုမ္ပဏီအမျိုးအစားများသည် ၎င်းတို့၏အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ် များကို အများပြည်သူသို့ရောင်းချရန်အတွက် ကမ်းလှမ်းခြင်း သို့မဟုတ် အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းရန်ရည်ရွယ်လျက် ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေ သတ်မှတ်ရန် သဘောတူညီခြင်းတို့ကို မပြုလုပ်ရ။

**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား တင်ပြခြင်း**

၂၀၃။ (က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ကဖြစ်စေ၊ အဆိုပြုကုမ္ပဏီက ဖြစ်စေထုတ်ဝေသည့် သို့မဟုတ် ယင်းကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus) အားလုံးတွင် ရက်စွဲပါရှိရ မည်ဖြစ်ပြီး အဆိုပါရက်စွဲသည် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာ မရှိခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် ရက်စွဲအဖြစ် သတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာအဖြစ် အမည်စာရင်း ပါရှိသူအားလုံး သို့မဟုတ် ၎င်းတို့မှ စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်း ခြင်းခံရသည့် ၎င်းတို့၏ ကိုယ်စားလှယ်များမှ လက်မှတ်ရေးထိုးထားသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus) အားလုံး၏ မိတ္တူ တစ်စောင်ကို ယင်းအား ထုတ်ဝေသည့်နေ့ရက်တွင်ဖြစ်စေ၊ ယင်းနေ့ မတိုင်မီ တွင်ဖြစ်စေ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြဆောင်ရွက်ရမည်။ အဆိုပါ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင် အရာရှိထံ တင်ပြဆောင်ရွက်ခြင်းမရှိသေးလျှင် ထိုကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း(Prospectus) ကို ထုတ်ဝေခြင်း မပြုရ။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်သောရက်စွဲဖော်ပြခြင်း၊ လက်မှတ်ရေးထိုးခြင်းများမပါရှိသည့် ကုမ္ပဏီ ၏အလားအလာ ညွှန်းတမ်း (Prospectus) တစ်ခုခုကို မှတ်ပုံတင်ပေးခြင်း မပြုရ။

(ဃ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အားလုံး၏ မျက်နှာဖုံး စာမျက်နှာအပေါ်တွင် ဤကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ၏ မိတ္တူတစ်စောင်ကို ဤပုဒ်မတွင် ဖော်ပြပါရှိသည့် လိုအပ်ချက်များ နှင့်အညီ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် တင်ပြပြီးဖြစ်ကြောင်း ဖော်ပြ ရမည်။

၂၀၄။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus)၏ မိတ္တူကို ပုဒ်မ ၂၀၃ ပါအတိုင်း တင်ပြဆောင်ရွက်ခြင်းမပြုဘဲ အဆိုပါကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခဲ့လျှင် ကုမ္ပဏီနှင့် ယင်းအား ထုတ်ဝေရာတွင် သိလျက်ဖြင့် ပါဝင်ခဲ့သူများတစ်ဦးဦး စီသည် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပေးဆောင်စေရမည်။

**ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus) တွင် သီးခြားဖော်ပြရန် လိုအပ်သည့် အချက်အလက်များ**

၂၀၅။ (က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားလှယ်ကဖြစ်စေ သို့မဟုတ် ကုမ္ပဏီ ဖွဲ့စည်းခြင်းနှင့် ပတ်သက်သောသူကဖြစ်စေ၊ ယင်း၏ ကိုယ်စားကဖြစ်စေ ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus) တစ်ရပ်ရပ်တွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အကြောင်းအရာများ၊ မူလ အစုရှယ်ယာရှင်များ၏အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသား နှင့် နေရပ်လိပ်စာများ၊ ၎င်းတို့တစ်ဦးချင်းစီ ထည့်ဝင်ထားသည့် အစု ရှယ်ယာ အရေအတွက်များ၊ ကုမ္ပဏီအား စတင်တည်ထောင်သူများ ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်၊ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အရာရှိများ ပိုင်ဆိုင်သည့် အစုရှယ်ယာ (managementshares) အရေအတွက် သို့မဟုတ် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို ရပိုင်ခွင့်ရွှေ့ဆိုင်း ထားသော အစုရှယ်ယာ(Deferred shares) ရှိခဲ့လျှင် ယင်း၏ အရေအတွက်၊ ကုမ္ပဏီ၏ပစ္စည်းများနှင့် အကျိုးအမြတ်များတွင် ပိုင်ဆိုင် သူများ၏ အကျိုးခံစားခွင့်အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ထုတ်ဝေရန်နေ့ရက် သတ်မှတ်ထားသည့် ပြန်လည်ရွေးနုတ်ယူနိုင်သော ဦးစားပေးအစုရှယ်ယာ အရေအတွက်နှင့် ထုတ်ဝေရန်သတ်မှတ်ထား သည့်နေ့ရက် သို့မဟုတ် အဆိုပါနေ့ရက်သတ်မှတ်ထားခြင်းမရှိပါက အကြောင်းကြားစာ ပေးပို့ရမည့်ကာလနှင့် ပြန်လည်ရွေးနုတ်ယူခြင်း အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊

(၂) ဒါရိုက်တာတစ်ဦးတွင် ရှိရမည့် သတ်မှတ်ချက်တစ်ရပ်အဖြစ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားရှိခဲ့ပါက အစုရှယ်ယာ အရေအတွက်၊ ဒါရိုက်တာများ၏ အခကြေးငွေနှင့်စပ်လျဉ်း ၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များ၊

(၃) ဒါရိုက်တာများ၊ အဆိုပြုထားသော ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် အဆိုပြုထားသော အရာရှိများ၏အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသားနှင့်နေရပ်လိပ်စာများ၊ အရာရှိများအား ခန့်အပ်မှုနှင့် ၎င်းတို့ အား ပေးချေရမည့်အခကြေးငွေများနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဖွဲ့စည်း ပုံအခြေခံစည်းမျဉ်းတွင်သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များ၊

(၄) ဒါရိုက်တာများက အစုရှယ်ယာများ ခွဲဝေသတ်မှတ်နိုင်ရန်အတွက် ထည့်ဝင်ရမည့်အနည်းဆုံးအစုရှယ်ယာပမာဏ၊ အစုရှယ်ယာတစ်ခုစီ အတွက် လျှောက်ထားမှု၊ ခွဲဝေမှုများနှင့်စပ်လျဉ်း၍ ပေးချေရမည့် ငွေပမာဏ၊ ဒုတိယအကြိမ် သို့မဟုတ် ယင်းနောက်ပိုင်းတွင် အစုရှယ် ယာများ ကမ်းလှမ်းရောင်းချသည့် အခါလွန်ခဲ့သည့် နှစ်နှစ်အတွင်း ပြုလုပ်ခဲ့သော ခွဲဝေသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ကမ်းလှမ်းသည့်အစု ရှယ်ယာနှင့် ငွေကြေးပမာဏ၊ အမှန်တကယ် ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာပမာဏ၊ ထိုသို့ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများ နှင့်စပ်လျဉ်း၍ ပေးချေထားသည့် ငွေပမာဏ၊

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၃)

သိပ္ပံစာရေးဆရာကိုကိုအောင်

**အစွန်းရောက်ရာသီဥတု**

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းသည် အခြားသော အကျိုးသက်ရောက်မှုများစွာနှင့်အတူ ရာသီဥတု ပြောင်းလဲခြင်းကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။ ဒေသတစ်ခုတွင် ပုံမှန်ဖြစ်ပေါ်နေကျ ရာသီဥတုမျိုးမှ သွေဖည်ကာ လွန်ကဲပြင်းထန်သော အခြေအနေများ ဖြစ်ပေါ်နေခြင်းသည် ရာသီဥတုပြောင်းလဲသွားခြင်းပင်ဖြစ်သည်။ ကာလအတိုင်းအတာ တစ်ခုအတွင်း၌ ယခင် ပုံမှန်ဖြစ်ပေါ်နေကျထက် မိုးပိုမိုရွာသွန်းခြင်း၊ မိုးရေချိန် သိသာစွာ လျော့နည်းသွားခြင်း၊ အအေးပိုမိုပြင်းထန်လာခြင်း၊ ပူပြင်းခြောက်သွေ့မှုလွန်ကဲခြင်း စသော အစွန်းရောက်ဖြစ်စဉ်များသည် ရာသီဥတုပြောင်းလဲသွားခြင်း၏ ကြန်အင်လက္ခဏာများပင် ဖြစ်ကြသည်။

**အယ်လ်နီညို**

ပုံမှန်မဟုတ်သော အစွန်းရောက်ရာသီဥတု ဖြစ်စဉ်များထဲတွင် အယ်လ်နီညိုသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ အယ်လ်နီညို (El-Nino) ဟူသော ဝေါဟာရသည် မြန်မာနိုင်ငံသား အများစုတို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသော စကားလုံးဖြစ်သည်။ အကယ်စင်စစ်အားဖြင့် အယ်လ်နီညိုဆိုသည်မှာ သမုဒ္ဒရာအတွင်း လှည့်ပတ်စီးဆင်းနေသော ရေပူစီးကြောင်းကို စပိန်ဘာသာဖြင့်ခေါ်ဝေါ်သော အသုံးအနှုန်းတစ်ခုသာ ဖြစ်သည်။ ထိုအသုံးအနှုန်းကို အကြောင်းပြု၍ အီကွေတာနှင့်နီးကပ်သော ပစိဖိတ်သမုဒ္ဒရာ ရပ်ဝန်းတွင် ပုံမှန်ရှိရမည့်အပူချိန်ထက် မြင့်တက်ကာ ပိုမိုပူနွေးနေခြင်းကို အယ်လ်နီညိုဖြစ်စဉ်ဟု အမည်နာမ တပ်ခဲ့ကြခြင်းဖြစ်သည်။

သမုဒ္ဒရာအတွင်း အယ်လ်နီညိုရေပူစီးကြောင်းများ လှည့်ပတ်စီးဆင်းသည့်အခါ နီးကပ်သောဒေသများ၌ ပုံမှန်မဟုတ်သောဖြစ်ရပ်များနှင့် ကြုံတွေ့ကြရသည်။ ငါး၊ ပုစွန်စသော ရေထွက်သယံဇာတများ ရှားပါးသွားခြင်းနှင့် ဂေဟစနစ်အပေါ် သိသာသောသက်ရောက်မှုများ ဖြစ်ပေါ်ခြင်းစသည်တို့မှသည် မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲသွားခြင်းများအထိကိုပင် ဒေသခံတို့က တွေ့ကြုံခံစားကြရသည်။

မိုးရွာသွန်းမှု သိသာစွာ လျော့နည်းသွားခြင်းမှသည် မိုးခေါင်သည်အထိ၊ မုတ်သုံအဝင် နောက်ကျခြင်းမှသည် မုတ်သုံမိုးရွာသွန်းမှု နည်းပါးခြင်းအထိ၊ မိုးလယ်ကာလ၌ မိုးရေချိန်ပမာဏ လျော့နည်းခြင်းမှသည် မုတ်သုံအထွက်စောခြင်းအထိ ကြုံတွေ့ကြရသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှစ၍ တစ်နံတစ်လျား ကျယ်ပြန့်စွာရှိနေကြသော လုပ်ငန်းကိစ္စအဝဝတို့အပေါ် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကျရောက်လာစေသည်။

**အယ်လ်နီညိုဖြစ်စဉ်၏ အဖျက်စွမ်းအား**

အယ်လ်နီညိုဖြစ်စဉ်၏ အဖျက်စွမ်းအားကြောင့် ကြုံတွေ့လာရနိုင်ဖွယ်ရှိသော ဘေးဒုက္ခများမှာ ကြီးမား ကျယ်ပြန့်လှသည်ဖြစ်၍ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်သည့်နှစ်ကို အယ်လ်နီညိုနှစ်ဟူ၍ပင် ခေါ်ဝေါ် သမုတ်လာခဲ့ကြသည်။ အယ်လ်နီညိုဖြစ်စဉ်သည် သာမန်အားဖြင့် ကမ္ဘာ့ကုန်းမြေနှင့် လေထု၊ရေထုတို့၏ အပြန်အလှန် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နေခြင်း၏ သဘာဝဖြစ်စဉ်တစ်ခုသာလျှင် ဖြစ်သည်။ သဘာဝအားဖြင့် အယ်လ်နီညိုဖြစ်စဉ်သည် ခြောက်နှစ်လျှင် တစ်ကြိမ်ခန့်သာ ဖြစ်ပေါ်တတ်သော်လည်း ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ကာလအတွင်း ပြင်းထန်သောအယ်လ်နီညိုဖြစ်စဉ် စုစုပေါင်း ၁၁ ကြိမ်တိုင်တိုင် လွန်ကဲစွာဖြစ်ပေါ်ခဲ့သည်မှာ ထိတ်လန့်ဖွယ်ကောင်းလှသည်။

အဆိုပါ ဖြစ်စဉ်များအနက် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် ကပ်လျက်ပြက္ခဒိန်နှစ် နှစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုကာလသည် အဆိုးရွားဆုံးဖြစ်စဉ်အဖြစ် စံချိန်တင်ခဲ့သည်။ စိုက်ပျိုးမြေ ဧကပေါင်း ၅၆ သန်းကို ထိခိုက်စေပြီး လူပေါင်း ၂၄၀၀၀ ကိုသေဆုံးစေကာ၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၃၄ ထရီလီယံကျော်အထိ ရှိစေခဲ့သည်။

**အလေးဂရုပြုရမည့် ဖြစ်စဉ်**

အယ်လ်နီညိုဖြစ်စဉ်သည် ရာသီဥတုကို ဖောက်လွဲဖောက်ပြန် ဖြစ်ပေါ်စေသည်ဖြစ်၍ အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအတွက်လည်း အလေးဂရုပြုရမည့် ဖြစ်စဉ်ကြီး တစ်ခုဟု ဆိုရပေမည်။ စံချိန်တင်အယ်လ်နီညိုနှစ်သည် မြန်မာနိုင်ငံအတွက် ၁၉၉၇ ခုနှစ် ဇွန်လမှ ၁၉၉၈ ခုနှစ် မေလအထိ တစ်နှစ်တိတိဖြစ်ပေါ်ခဲ့ပြီး မြို့ ၁၅ မြို့၌ မိုးရေချိန်ရရှိမှုအနည်းဆုံး စံချိန်တင်ခဲ့ကာ မြို့ ၁၈ မြို့၌လည်း အပူချိန်အမြင့်မားဆုံး စံချိန်တင်ခဲ့သည်။



အယ်လ်နီညိုဖြစ်စဉ်ကြောင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၌ ၁၉၉၈ ခုနှစ် မတ်လအတွင်းက ရေကြီးခဲ့စဉ်

၂၀၁၅ ခုနှစ်အတွင်းက အီကွေတာနှင့်နီးကပ်သော အရှေ့ဗဟို အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ရေပြင်အပူချိန်မှာ သိသာစွာ မြင့်တက်နေခဲ့သည်။ ထိုသို့သော အပူချိန်မြင့်တက်နေမှုကြောင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရေပြင်၏ပျမ်းမျှအပူချိန်သည် အယ်လ်နီညိုဖြစ်စဉ် အဆင့်အထိ ရောက်ရှိအောင်ပင် ပူနွေးလာနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ခန့်မှန်းထားခဲ့သည်။

အကယ်၍ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်လာမည်ဆိုပါကလည်း ၁၉၅၀ ပြည့်နှစ်မှစ၍ ၂၀၁၅ ခုနှစ်မတိုင်မီအတွင်းရှိ ကာလများကဖြစ်ပေါ်ခဲ့သည့် အယ်လ်နီညိုဖြစ်စဉ်များထဲမှ ထူးခြားပြင်းထန်သော ၁၉၇၂-၇၃ အယ်လ်နီညို၊ ၁၉၈၂-၈၃ အယ်လ်နီညိုနှင့် ၁၉၉၇-၉၈ အယ်လ်နီညိုတို့ထက်ပင် ပို၍အားကောင်းလာနိုင်ကြောင်း သုံးသပ်ခန့်မှန်း တွက်ချက်ပေးထားကြသည်။

**မိုးလေဝသအခြေအနေ**

ကမ္ဘာ့ကုန်းမြေနှင့် လေထု၊ရေထုတို့သည် အပြန်အလှန် အမှီသဟဲပြုပြီး ကျိုးကြောင်းဆက်စပ်လျက် ရှိနေကြသည့် အားလျော်စွာ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်သည့်နှစ်များတွင် ပင်လယ်ရေမျက်နှာပြင်ပေါ်၌ လေစီးကြောင်းများ လှည့်ပတ်တိုက်ခတ်မှုပုံစံ ပြောင်းလဲသွားသည်နှင့်တစ်ပြိုင်နက် ကုန်းမြေပေါ်ရှိ မိုးလေဝသအခြေအနေကလည်း ယိုယွင်းလာကာ ရာသီဥတုကလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်။

ကောင်းကင်ယံတွင် တိမ်ဖြူတိမ်တိုက်များကင်းစင်သွားကာ နေ့အခါအလွန်ပူပြင်းပြီး ခြောက်သွေ့နေမှုကြောင့် လေပူများ အထက်သို့တက်ရောက်ကုန်သည်။ ထိုအခါ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်ပြီး ထိုရပ်ဝန်းသို့ ဖိအားများသောလေထုက အလုံးအရင်းနှင့် ဝင်ရောက်နေရာယူ တိုက်ခတ်မှုကြောင့် အပူပိုင်းမုန်တိုင်းများ ဖြစ်ပေါ်လာသည်။

ထို့အတူ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အထက်လွှာလေထု၏ လှည့်ပတ်တိုက်ခတ်သည့်ပုံစံ ပြောင်းလဲသွားကာ ပုံမှန်အားဖြင့် မိုးကောင်းသည့်အရပ်ဒေသများ၌ မိုးနည်းခြင်းနှင့်မိုးခေါင်မှုကို ဖြစ်ပေါ်လာစေသလို မူလက မိုးနည်းသည့်ဒေသများ၌လည်း မိုးရေချိန်အများအပြား ရွာသွန်းမှုကို ဖြစ်ပေါ်စေကာ ရေကြီးရေလျှံမှုများကိုပါ ဆက်စပ်ဖြစ်ပေါ်စေသည်။

အယ်လ်နီညိုနှစ်တစ်နှစ်စာကို ပိုင်းခြားဆန်းစစ်ကြည့်မည်ဆိုပါက ပထမလေးလတွင် အားကောင်းပြီး ဒုတိယလေးလတွင် အားပျော့သွားလေ့ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၁၆ ခုနှစ် မေလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ဇွန်လမှစ၍ တဖြည်းဖြည်း အားပျော့လာမည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ခန့်မှန်းပေးထားခဲ့ခြင်းဖြစ်သည်။

**အယ်လ်နီညိုရာသီဥတု၏ အစွမ်း**

ကမ္ဘာ့ရာသီဥတု မှတ်တမ်းများအရ ဖြစ်ပေါ်ခဲ့ပြီးသမျှသော အယ်လ်နီညိုဖြစ်စဉ်စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းမှာ အားပျော့သွားပြီးနောက်ပိုင်း၌ ပုံမှန်ရာသီဥတုအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြသည်။ ၄၀ ရာခိုင်နှုန်းက အယ်လ်နီညိုဖြစ်စဉ်၏ ဆန့်ကျင်ဘက်ဖြစ်သော လာနီညာ (La-Nina) ဖြစ်စဉ်သို့ ပြောင်းလဲသွားကာ၊ ကျန် ၁၀ ရာခိုင်နှုန်းကမူ အားပျော့ချိန်ရောက်ခါမှ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးရေချိန်ရရှိမှုလျော့နည်းသွားခြင်း၊ မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းစသည့် အားကောင်းသော အယ်လ်နီညိုရာသီဥတု၏ အစွမ်းကို ပြသလေ့ရှိကြသည်။

**မြန်မာနိုင်ငံနှင့် အယ်လ်နီညို**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရမည့် မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့်ဧပြီလတို့အတွက် မိုးလေဝသအခြေအနေကို ခန့်မှန်းရာတွင် ပုံမှန်ရွာသွန်းမြဲ မိုးရေချိန်ထက် ကျော်လွန်အောင် ရွာသွန်းနိုင်သည့်ဒေသများမရှိဘဲ၊ ပုံမှန်မိုးရေချိန် အောက်သို့သာလျှင် လျော့နည်းရွာသွန်းနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။ အများဆုံးအားဖြင့် ပုံမှန်ရွာသွန်းမှုအောက် ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းနိုင်သည်ဟု ခန့်မှန်းပေးထားခဲ့သော ဒေသများထဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ပါဝင်ခဲ့ကြသည်။

ပုံမှန်မိုးရွာသွန်းမှု၏ ထက်ဝက်အထိ လျော့ကျသွားနိုင်သော ဒေသများထဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)၊ ကယားပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့ ပါဝင်ပြီး ပုံမှန်ရွာသွန်းမှုအောက် ၆၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားနိုင်သည့် ဒေသများထဲ၌မူ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ ပါဝင်ခဲ့ကြသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က မြန်မာတစ်နိုင်ငံလုံးတွင် ပျမ်းမျှနေ့အပူချိန်များ မြင့်တက်လာနိုင်ကြောင်းကို ခန့်မှန်းခဲ့ရာ၌လည်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်နှင့်အနီးတစ်ဝိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် နေ့အပူချိန်မြင့်မားလာရန် ရာခိုင်နှုန်းအလွန်များပြားလျက်ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း နေ့အပူချိန်များ မြင့်တက်လာနိုင်ခြေမှာ ၇၀ ရာခိုင်နှုန်းအထိ ရှိနေကြောင်းစသည်ဖြင့် ပါဝင်ခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်သည် တောင်အမေရိကတိုက်ရှိ ပီရူးနိုင်ငံကမ်းခြေမှ အီကွေတာလေပူများက ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ ရေမျက်နှာပြင်တို့အပေါ်ဖြတ်သန်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာရကြောင်း သုတေသနပြု ဖော်ထုတ်တွေ့ရှိရသည်။ သို့ဖြစ်၍ အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုကို ခံစားရနိုင်ဖွယ်ရှိသော နိုင်ငံများမှာ အီကွေတာရပ်ဝန်း ဒေသများဖြစ်ကြသည့် မြန်မာ၊ အိန္ဒိယ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ပါပူဝါနယူးဂီနီ၊ သြစတြေးလျနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံငယ်များ ဖြစ်ကြသည်။

မြန်မာနိုင်ငံအပါအဝင် အီကွေတာရပ်ဝန်းဒေသ နိုင်ငံများ၌ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်ပါက အကျိုးသက်ရောက်မှုများအဖြစ် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ သောက်ရေသုံးရေများ ရှားပါးပြတ်လပ်ခြင်း၊ မြစ်ချောင်းအင်းအိုင်များ၌ ပုံမှန်ရှိမြဲထက် ရေပမာဏ လျော့နည်းခြင်းများကို ကြုံတွေ့ကြရနိုင်ပြီး၊ ထိုမှဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်းထုတ်လုပ်ရေး၊ ရေကြောင်းသွားလာရေး၊ ရေဖြန့်ဝေမှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း စသည်တို့နှင့်အတူ ကျန်းမာရေး ပြဿနာများကိုပါ ရင်ဆိုင်ကြရဖွယ်ရှိသည်။

**ရင်ဆိုင်ရမည့်နည်းလမ်းများ**

အယ်လ်နီညိုဖြစ်စဉ်ကို အကောင်းဆုံးရင်ဆိုင်ရမည့် နည်းလမ်းများအနက် သောက်ရေ၊သုံးရေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးရေစသော ရေသယံဇာတများကို အလေအလွင့်မရှိအောင် စနစ်တကျ၊ စည်းကမ်းတကျ၊ နည်းလမ်းမှန်မှန်ဖြင့် စီမံခန့်ခွဲခြင်းမှာ အထူးပင်အရေးကြီးသည်။ ရေလှောင်ကန်ကြီးများအတွင်းရှိ ရေများကို ထိရောက် အကျိုးရှိစွာ အသုံးချခြင်း၊ အလေအလွင့်မရှိအောင် နေ့ညမပြတ် ဂရုပြု ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြင့်မားသည့်အပူရှိန်ကြောင့် ရေများ အငွေ့ပျံဆုံးရှုံးရမှုပမာဏ လျော့ပါးသက်သာစေသည့် နည်းလမ်းများကို အသုံးပြုခြင်း၊ ညစ်ညမ်းသောရေများနှင့် ဓာတုအဆိပ်ပျော်ဝင်နေသော ရေများစီးဝင်လာခြင်းမရှိစေရန် ခေတ်သစ်နည်းလမ်းများဖြင့် ကာကွယ်တားဆီးခြင်း စသည်တို့ကို မလွဲမသွေ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့အတူ မြစ်ချောင်းအင်းအိုင်နှင့် ရေကန်ကြီးများအတွင်းရှိ ရေများကို သောက်ရေနှင့် ချက်ပြုတ် လျှော်ဖွပ်နိုင်သော ရေများအဖြစ်သို့ ဓာတုနည်းစဉ် (Chemical Process) သုံးကာ သန့်စင်ခြင်း၊ သုံးရေကိုပင် အဆင့်ဆင့်အကျိုးရှိအောင် သုံးစွဲခြင်း (ဥပမာ-သုံးပြီးရေနှင့်ချိုးပြီးရေများကို သစ်ပင်ပန်းမန်နှင့် ကောက်ပဲသီးနှံပင်များအားလောင်းခြင်း၊ မွေးမြူရေးလုပ်ငန်း၌သုံးစွဲခြင်းနှင့် မြေပြင်သန့်ရှင်းရေးအတွက် အသုံးပြုခြင်းစသည် ...)၊ ရေအရင်းအမြစ်မှန်သမျှကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေကိုဖြုန်းတီးခြင်းနှင့် ပြုန်းတီးစေခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ လိုအပ်ပါက ရေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ အသုံးပြုနေကြသော နည်းပညာတစ်ခုဖြစ်သည့် လေထုထဲရှိ ရေငွေ့များကို စုဝေးသိပ်သည်းစေကာ တိမ်ဖြူများအဖြစ် ဖန်တီးဖြစ်ပေါ်စေသော နည်းလမ်းမျိုးကိုပင် အသုံးချကြရမည်ဖြစ်သည်။ တိမ်ဖြူများ စုဝေးဖြစ်ပေါ်လာခြင်းဖြင့် မြေပြင်နှင့်ကပ်လျက်၌ရှိနေသော လေထု၏အပူချိန်ကို လျော့ကျသွားစေကာ ပူပြင်းခြောက်သွေ့မှုကို အတိုင်းအတာတစ်ရပ်အထိ လျှော့ချပေးနိုင်မည်ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်နှင့် ရင်ဆိုင်ကြုံတွေ့ရမည့် ကာလအတွင်း စိုက်ပျိုးတောင်သူများအနေဖြင့် ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ကောက်ပဲသီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးကြရန် တာဝန်ရှိသူတို့က အကြံပြု တိုက်တွန်းသင့်ကြသည်။ မျိုးစေ့ကြဲပက်သည့်အချိန်နှင့် ရိတ်သိမ်းချိန်များကိုလည်း သတ်မှတ် ထုတ်ပြန်ပေးထားရန်လိုအပ်ပြီး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ထိရောက်သော နည်းလမ်းကောင်းများဖြင့် ပံ့ပိုးဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်သည့်အခါ ပူပြင်းခြောက်သွေ့မှု လွန်ကဲခြင်းကြောင့် အပူလျှပ်ခြင်းနှင့် အပူဒဏ်ကြောင့် သတိလစ်မေ့မြောခြင်းများကို ခံစားကြရလေ့ရှိသည်။ ထိုသို့ ခံစားကြရသည့်အခါ ဆေးကုသမှုဌာနများသို့ အချိန်မီရောက်မလာခြင်းနှင့် ရောက်လာသည့်တိုင် ရောဂါအခြေအနေ ပြင်းထန်လွန်းသောကြောင့် အသက်ဆုံးရှုံးကြရလေ့ရှိသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

**“မြန်မာနိုင်ငံအပါအဝင် အီကွေတာရပ်ဝန်းဒေသနိုင်ငံများ၌ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်ပါက အကျိုးသက်ရောက်မှုများအဖြစ် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ သောက်ရေသုံးရေများ ရှားပါးပြတ်လပ်ခြင်း၊ မြစ်ချောင်းအင်းအိုင်များ၌ ပုံမှန်ရှိမြဲထက် ရေပမာဏ လျော့နည်းခြင်းများကို ကြုံတွေ့ကြရနိုင်ပြီး ထိုမှဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်းထုတ်လုပ်ရေး၊ ရေကြောင်းသွားလာရေး၊ ရေဖြန့်ဝေမှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း စသည်တို့နှင့်အတူ ကျန်းမာရေး ပြဿနာများကိုပါ ရင်ဆိုင်ကြရဖွယ်ရှိသည်”**

# မော်လမြိုင်ကျွန်းတွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည်အပူဇော်ခံ



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာ နှစ်ကျိပ်ရှစ်ဆူဆုတောင်းပြည့်မြတ်စွာဘုရား၏ ၁၁၀ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ၃၈ ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ပြီး ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးရှေ့ စုရပ်မှစ၍ မြို့တစ်ပတ် လှည့်လည်အပူဇော်ခံကြသည်။

ယင်းနှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည် အပူဇော်ခံပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့်ဌာနဆိုင်ရာများ၊ မြို့မရပ်ကွက်ပေါင်းစုံမှ ပြည်သူများ၊ ဘာသာရေးအသင်းအဖွဲ့များက မော်တော်ယာဉ် မျိုးစုံအစီးပေါင်း ၄၀ ကျော်ပေါ်တွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအား ပင့်ဆောင်ပြီး ဆီမီးရောင်စုံ ထွန်းညှိပူဇော်လျက် ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ မြို့တစ်ပတ်စည်ကားသိုက်မြိုက်စွာ လှည့်လည်ခဲ့ကာ ပြည်သူများက ငွေများနှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူ ပူဇော်ကြသည်။

**မော်ကျွန်း-မြင့်အောင်**

# ရခိုင်ပြည်နယ်သို့ ကူညီထောက်ပံ့ရေးဆိုင်ရာများ ဆွေးနွေး

**ဖျာပုံ ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိပြည်သူများအတွက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မှ ကူညီထောက်ပံ့ရန်အတွက် ဆွေးနွေးပွဲကို ဖျာပုံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှင်းလင်းပြီး ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် တာဝန်ယူဆောက်လုပ် ကူညီဆောင်ရွက်ပေးသွားမည့် အိမ်ရာကွက်များနှင့် လမ်းများအကြောင်းကို ရှင်းလင်းပြောကြားကာ ဖျာပုံမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက ရခိုင်အရေးနှင့်ပတ်သက်ပြီး အစိုးရတစ်ဦးတည်းဖြင့် ရှင်းလင်း၍မရသောကြောင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများက ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

ထို့နောက် ဖျာပုံခရိုင် လူသားချင်းစာနာမှု ကူညီထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်နှင့် ဆွေးနွေးပွဲတက်ရောက်သော ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများက အသေးစိတ် ဆွေးနွေးမေးမြန်းကြပြီး ဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**အောင်ဝင်း(ဖျာပုံ)**

# အရေးပေါ်သုံး အောက်ဆီဂျင်ဘူးများနှင့် ဆက်စပ်ပစ္စည်းများ ဟိုပင်ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်း

**ဟိုပင် ဒီဇင်ဘာ ၂၇**

ဟိုပင်ပြည်သူ့ဆေးရုံ၌ လိုအပ်လျက်ရှိသော အရေးပေါ်သုံး အောက်ဆီဂျင်ဘူးများနှင့် ဆက်စပ်ပစ္စည်းများကို ဟိုပင်မြို့ရှိ ရွှေအင်းသူဖောင်ဒေးရှင်းက ဒီဇင်ဘာ ၂၂ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေအင်းသူဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစံလင်းက "ပထမအကြိမ် စလှူဖြစ်တာပါ၊ နောင်လည်းဆက်လက်လှူဒါန်းသွားမှာပါ၊ အခုလာလှူတာက အောက်ဆီဂျင်ဘူး ငါးဘူးနဲ့ ဆက်စပ်ပစ္စည်းငါးမျိုးပါ၊ ယခင်က ဆေးရုံမှာရှိတဲ့ အောက်ဆီဂျင်ဘူး သုံးဘူးနဲ့ စုစုပေါင်း ရှစ်ဘူးကို လိုအပ်နေတဲ့ အောက်ဆီဂျင်မပြတ်အောင် ဆက်လက်တာဝန်ယူပြီး လှူပေးမှာပါ"ဟု ပြောသည်။ အရေးပေါ်သုံးအောက်ဆီဂျင်ဘူး ငါးဘူးနှင့် ဆက်စပ်ပစ္စည်းများ တန်ဖိုးကျပ်ခြောက်သိန်းကျော်ကိုလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဆေးရုံမှတာဝန်ရှိသူ ဒေါက်တာမျိုးဝေက ယခင်က အရေးပေါ်လူနာများအတွက် အောက်ဆီဂျင်ဘူး လုံလောက်မှုမရှိသည့်အတွက် ပရဟိတအလှူရှင်များထံမှ အကူအညီယူရကြောင်း၊ ယခုလာရောက်လှူဒါန်းသည့်အတွက် အရေးပေါ်အောက်ဆီဂျင်လိုအပ်ချက်ကို အဆင်ပြေစေကြောင်း ပြောကြားသည်။

**မင်းမင်းဦး**

# ပထမဆုံးအကြိမ် အတားအဆီးအခက်အခဲ အပြေးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ပထမဦးဆုံးအကြိမ် အတားအဆီးအခက်အခဲ အပြေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့ပြီး လူငယ်များအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရန်၊ တွေ့လာမည့်အခက်အခဲများကို တစ်ကိုယ်တော် ရင်ဆိုင်ကျော်လွှားနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်းနှင့် နှစ်စဉ် ဒီဇင်ဘာ အားကစားလတိုင်းတွင် ဆက်လက်ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်း အပြေးပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွေးအောင်က ပြောသည်။

ပြိုင်ပွဲကို ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာပန်းခြံမှ စတင်တာထွက်ခဲ့ပြီး ဇီးချိုကုန်း-သစ်ချိုကုန်း-တဲကုန်း-မိုင်ကုန်း-ပုဏ္ဏားကုန်း-မြို့သာကုန်း-ရေထွက် လမ်းတစ်လျှောက် ခရီးငါးမိုင်ခန့်ကို အပြေးပြိုင်ရခြင်းဖြစ်ကာ အပြေးပြိုင်သည့်လမ်းတွင် အတားအဆီး အခက်အခဲ အားကစားနည်း ၁၂ မျိုးဖြစ်သည့် တန်းကျော်၊ ဖားခုန်၊ နောက်ပြန်ပြေး၊ တာယာကွင်းဖြတ်၊ တွားသွား၊ လက်မြှောက်ပြေး၊ ဂုံနီအိတ်စွပ်၊ ဆပ်ပြာရည်ဖြတ် စသည့်အခက်အခဲများကို ဖြတ်ကျော်၍ ပြိုင်ပွဲဝင်ကြရခြင်း ဖြစ်သည်။

ပြိုင်ပွဲသို့ အသက် ၁၁ နှစ်မှ ၃၅ နှစ်ကြား လူငယ်များနှင့် လူလတ်ပိုင်း ပြိုင်ပွဲဝင်ဦးရေ ၇၅ ဦးအထိ စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုအတွက် ကျပ်တစ်သိန်းနှင့် ဆုတံဆိပ်အပါအဝင် ပဉ္စမဆုအထိ ဆုများ ချီးမြှင့်ခဲ့ကြကာ ပန်းဝင်လာနိုင်သူတိုင်းကိုလည်း ငွေကျပ် တစ်သောင်းနှုန်း ချီးမြှင့်ခဲ့ကြောင်း၊ ပြိုင်ပွဲတွင် ပထမရရှိသည့် အပြေးသမားသည် ငါးမိုင်ခရီးကို ၅၅ မိနစ် ၂၃ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့ပြီး ဒုတိယအားကစားသမားက ၅၅ မိနစ် ၂၅ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့ကြကြောင်း သိရသည်။

**ဝေဖြိုးအောင်**

# မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပြီး မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ပလောက် ဒီဇင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၂၅ ရက်က ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသန်းဇော်ထွန်းက ကျောင်းသူ ကျောင်းသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး ကျောင်းဝင်းအတွင်း၌ မီးသတ်ဆေးဘူးများအသုံးပြု၍ မီးငြှိမ်းသတ်ခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးငြှိမ်းသတ်စေခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**



# ကျောက်ကပ်ဆေးစက် အဆောက်အအုံသစ် ဆောက်လုပ်မှုအတွက် အလှူငွေပေးအပ်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်ကပ်ဆေးစက်ဖြစ်မြောက်ရေးလုပ်ငန်းအတွက် စကားဝါမြေ ဖောင်ဒေးရှင်းမှ အလှူငွေကျပ် ငါးသိန်းကို ကျောက်ကပ်ဆေးစက်ဖြစ်မြောက်ရေး ကော်မတီထံသို့ ဒီဇင်ဘာ ၂၁ ရက်က ပေးအပ်ခဲ့သည်။

အလှူငွေပေးအပ်လှူဒါန်းရာတွင် စကားဝါမြေဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်က ကျောက်ကပ်ဆေးစက်အတွက် အလှူငွေပေးအပ်သည့် ရည်ရွယ်ချက်နှင့် စကားဝါမြေဖောင်ဒေးရှင်းအနေဖြင့် မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် ပံ့ပိုးကူညီထောက်ပံ့ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ အလှူငွေ ကျပ်ငါးသိန်းကို ကျောက်ကပ်ဆေးစက်ဖြစ်မြောက်ရေး ကော်မတီမှ ဦးဝင်းလှိုင်နှင့် ဦးမိုးတို့ထံ ပေးအပ်ခဲ့သည်။

အဆိုပါ ကျောက်ကပ်ဆေးစက်ကို ကျောက်ပန်းတောင်းမြို့ ရွှေနဒီ ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အားကစားကွင်းအနီး၌ ဆောက်လုပ်နေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အဆောက်အအုံဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့ စကားဝါမြေဖောင်ဒေးရှင်းအနေဖြင့် မြို့နယ်အတွင်းရှိ ကူညီပံ့ပိုးရန်လိုအပ်သည့် ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများအား နှစ်စဉ် ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ ကျန်းမာရေးထောက်ပံ့မှုအနေဖြင့် ချို့တဲ့နွမ်းပါးသည့် မွေးလူနာများနှင့် ပိုးထိလူနာများ၊ ထန်းလျှော(ထန်းပင်ပေါ်မှကျ) လူနာများအား ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# အခြေခံ ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်ပို့ချ

**စလင်း ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ စိတ်ပါဝင်စားသူ လူငယ်များအတွက် အခြေခံရှေးဦးပြုစုခြင်းသင်တန်းကို ကြက်ခြေနီအဖွဲ့ကကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ဒီဇင်ဘာ ၂၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် ကြက်ခြေနီလှုပ်ရှားမှုနှင့် အခြေခံမူများ၊ ရှေးဦးပြုစုခြင်းသဘောတရားများနှင့် ရှေးဦးပြုစုသူများ၏ တာဝန်နှင့် ဝတ္တရားများ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ သွေးဆုတ် သွေးလန့်ခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ အဆိပ်သင့်ခြင်း၊ မတော်တဆ ထိခိုက်မှုများတွင် လူနာဆန်းစစ်ခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားဒဏ်ရာများ၊ ကြပ်စည်းနည်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ ဦးခေါင်းဒဏ်ရာနှင့် ကျောရိုးဒဏ်ရာ၊ သတိလစ်ခြင်းနှင့် စိတ်ချရသော ဘေးစောင်းအနေအထား၊ အခြေခံအသက်အထောက်အကူပြုနည်း၊ လူနာသယ်ယူခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း စသည့် ဘာသာရပ်များကို သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းနည်းပြများအဖြစ် မကွေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးညီညီဇေနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဆရာ ဆရာမများက စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ယဉ်ကျေးလိမ္မာ ဓမ္မသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မိတ္ထီလာမြို့နယ် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ သစ္စာပန်းခိုင် ယဉ်ကျေးလိမ္မာ ဓမ္မသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်(ငြိမ်း)က အမှာစကားပြောကြားပြီး လက်ထောက်ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်က သင်တန်းဖွင့်လှစ်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သစ္စာပန်းခိုင် ယဉ်ကျေးလိမ္မာသင်တန်းတွင် ဖွင့်လှစ်ခဲ့သော သန္ဓေပျိုးအဆင့်၊ အခြေခံအဆင့်၊ (ပဉ္စမတန်း)အခြေပြုအဆင့်၊ (ဆဋ္ဌမတန်း)အခြေပြုအဆင့်၊ (သတ္တမတန်း)ပထမအဆင့်နှင့် (အဋ္ဌမတန်း) ဒုတိယအဆင့် သင်တန်းများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သတင်းတိုများ

### အမျိုးသမီးရဲတပ်သားသစ် သင်တန်းဆင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း၊ ရမည်းသင်းမြို့၌ ၃-၇-၂၀၁၇ ရက်မှ ၂၆-၁၂-၂၀၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အမျိုးသမီး ရဲတပ်သား သစ်သင်တန်း အမှတ်စဉ် (၄၁/၂၀၁၇) အောင်ဆန်းတပ်ခွဲ သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က အဆိုပါအမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီးစန်းလွင် တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသို့ သင်တန်းသူ ၁၄၂ ဦး တက်ရောက် အောင်မြင်ခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

### ပြည်သူ့စကားဝိုင်း ကျင်းပရေး ဆွေးနွေး

လှိုင်သာယာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်နေလူငယ်များ ပါဝင်သော ပြည်သူ့စကားဝိုင်းကျင်းပရေးအတွက် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ညှိနှိုင်းဆွေးနွေးချက်များအရ ပြည်သူ့စကားဝိုင်းကို လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး 'လူငယ်နှင့်နိုင်ငံရေး' ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ ပြည်သူ့စကားဝိုင်းတွင် လူငယ်များက ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ကာ မြို့နယ်နေပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ်နှင့် အခြေခံပညာ ကျောင်းသားကျောင်းသူများနှင့် အခြားစိတ်ပါဝင်စားသူ မည်သူမဆို လာရောက်လေ့လာ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်း

**ကော့မှူး ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိစေရန် ရည်ရွယ်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်ပြင်သင်တန်း ဆင်းပွဲကို ရှမ်းစုကျေးရွာ SMU ခန်းမ၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးကျော်သူက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သူများအား ဆုများ ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းတွင် ဆိုင်ကယ်တစ်စီးလုံးအား တစ်စစီဖြုတ်ခြင်း၊ တပ်ဆင်ခြင်း၊ စက်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းနှင့် ဆိုင်ကယ်အခြေခံသဘောတရားများကို သင်တန်းဆရာများက စာတွေ့လက်တွေ့ ရက် ၂၀ ကြာ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ၂၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ပျော်ရွှင်စရာ ကလေးတို့ကမ္ဘာ အစီအစဉ် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**လက်ပံတန်း ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကလေးများ ကာယ၊ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဘက်စုံဖွံ့ဖြိုးစေရန်အတွက် ပျော်ရွှင်စရာကလေးတို့ကမ္ဘာ အစီအစဉ် ကဗျာရွတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က မြို့နယ်စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝင့်နန္ဒာဌေးက ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပကာ လက်ပံတန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင်ကလေးများနှင့် တက်ရောက်လာသူများအား စာကြည့်တိုက်မှူး ဒေါ်ကြည်မြတ်နွယ်က ဘုတ်ပြားပြဇာတ် တင်ဆက်ပြသခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



## မွန်တိုင်းရင်းသားတို့၏ (၃၆)ကြိမ်မြောက် ဗုဒ္ဓသရီရဓာတ်တော်ပူဇော်ပွဲ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းမှ မွန်တိုင်းရင်းသားကျေးရွာဖြစ်သော ကော့ဘိန်းကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သည့် မွန်တိုင်းရင်းသားတို့၏ (၃၆)ကြိမ်မြောက် ဗုဒ္ဓသရီရဓာတ်တော်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ကော့ဘိန်းကျေးရွာ မဟာဝိဟာရ ပရိယတ္တိကျောင်းတိုက်ကြီး၌ ကျင်းပသည့် ဓာတ်တော်ပူဇော်ပွဲတွင် ရပ်မိရပ်ဖတစ်ဦးဖြစ်သူ နိုင်ရာမညက ဓာတ်တော်များမှာ သီရိလင်္ကာနိုင်ငံ သီဟိုဠ်ကျွန်းမှဖြစ်ပြီး ဆရာတော်ကြီးများက ကော့ဘိန်းကျေးရွာသို့ ပင့်ဆောင်လာခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓသရီရဓာတ်တော်ပူဇော်ပွဲကို ကျေးရွာအနေဖြင့် နှစ်စဉ်မပျက် ကျင်းပလာသည်မှာ (၃၆)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ဓာတ်တော်များကို လှည့်လည်ပူဇော်မည့်အပြင် ဆွမ်းတော်ကြီးတင်လှူပွဲ၊ ညပိုင်းတရားပွဲများကိုလည်း ခုနစ်ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆရာတော်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး မင်းတင်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မွန်တိုင်းရင်းသားကြီးများက ဓာတ်တော်များကို ကော့ဘိန်းကျေးရွာ မဟာဝိဟာရ ပရိယတ္တိကျောင်းတိုက်ကြီးရှိ သိမာသိဂီသိမ်တော်ကြီးမှ ဓမ္မာရုံသို့ ပင့်ဆောင်ကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**နေမျိုးလွင်(ဘားအံ)**

## အထက(ခွဲ)ကျောင်းဆောင်ဟောင်းဖျက်သိမ်းရန် ငွေလိုအပ်နေ

**မိုးမောက် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒွေ့ဖုန်းယန်မြို့နယ်ခွဲရှိ နားလုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ဆွေးမြည့်နေသော ကျောင်းဆောင်အဆောက်အအုံဟောင်းကို ဖျက်သိမ်းရန် ငွေလိုအပ်နေကြောင်း သိရသည်။

ကျောင်းဆောင်ဟောင်းသည် လေမုန်တိုင်းတိုက်ခတ်ရာမှ အဆောက်အအုံ ခေါင်မိုးသွပ်များ ပြုတ်ထွက်လွင့်ပါသွားခဲ့ပြီး ပြင်ဆင်စရိတ်တောင်းခံနေဆဲတွင် မိုးရွာသွန်း၍ မိုးရေများကြောင့် သစ်သားကြမ်းခင်းများ၊ သစ်သားတိုင်များ ဆွေးမြည့်လာခြင်းနှင့် ဒေသအေးချမ်းမှု မရှိခြင်းတို့ကြောင့် ပြင်ဆင်ခွင့်ပြုမိန့်မကျမီ ဆွေးမြည့်သွားကာ အသုံးပြုရန် အန္တရာယ်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ထိုကြောင့် သက်ဆိုင်ရာက အဆောက်အအုံကိုဖျက်သိမ်းရန် ခွင့်ပြုခဲ့၍ ခေါင်မိုးသွပ်ပြားအချို့ကို ဖြုတ်ထားခဲ့ပြီးဖြစ်သော်လည်း အဆောက်အအုံကို ဖျက်သိမ်းရန် ငွေအခက်အခဲရှိသဖြင့် ဆက်မဖျက်နိုင်ဘဲ ပစ်ထားရကြောင်း၊ ကျောင်းသားများစာသင်ရန် ကျောင်းဆောင်နောက်တွင် စာသင်ဆောင်နှစ်ဆောင် ထပ်မံဆောက်လုပ်ထားကြောင်း၊ ကျောင်းဆောင်ကို ဖျက်သိမ်းပြီးပါက နိုင်ငံတော်အစိုးရက နောက်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ ကျောင်းဆောင်အခြေအနေကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်လည်း လာရောက်စစ်ဆေး ကြည့်ရှုခဲ့ပြီးဖြစ်ကြောင်း ခရိုင်ပညာရေးမှူး ဦးသန်းညို၏ ပြောကြားချက်အရ သိရသည်။

**မင်းမင်းဦး**

## ပျားရည်ဈေးကောင်း၍ ဆီဆိုင်မြို့နယ်တွင် တစ်ပိုင်တစ်နိုင် ပျားမွေးသူ များပြားလာ

**ဆီဆိုင် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ပျားရည်ဈေးကောင်း၍ တစ်ပိုင်တစ်နိုင် ပျားမွေးမြူသူ များပြားလာလျက်ရှိကြောင်း ဒေသခံ ပျားမွေးမြူသူများထံမှ သိရသည်။



"ပန်းနှမ်းရာသီ၊ ပဲပိစပ်၊ ပဲစင်းငုံပေါ်ချိန်ဆို ကျွန်တော်တို့က နှစ်တိုင်းလာမွေးတယ်၊ ဒီနှစ်က အရင်နှစ်ထက် ပျားရည်ဈေးကောင်းလို့ ပျားမွေးရတာ ပိုအဆင်ပြေတယ်၊ ပျားရည်ကို တစ်ပတ် ၁၀ ရက်မှာ တစ်ခါထုတ်ယူပြီး ပျားအုံ ၅၀၀ ကို ပျားရည်တစ်ခါထုတ်ရင် ငါးစည် (အချိန် ၁၈၀)ကျော်ရပြီး တစ်ပတ်ကို ငါးသိန်းခန့် ရပါတယ်"ဟု ကျောက်ပန်းတောင်းမြို့မှ ဆီဆိုင်မြို့နယ်သို့လာ၍ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးအောင်ကိုဌေးက ပြောသည်။

ပျားမွေးသူတစ်ဦးဖြစ်သည့် ဦးသန်းတိုးအောင်ကလည်း ပျားမွေးမြူသူများအနေဖြင့် ပျားအုံများကို ဥရောပနိုင်ငံများမှတစ်ဆင့်ဝယ်ပြီး မွေးမြူကြခြင်းဖြစ်ကာ ပျားမွေးမြူရေးမလုပ်မီတွင် ပျားမွေးမြူရေးသင်တန်းတက်ပြီး ပျားဘုရင်မဖောက်ခြင်း၊ ပျားရောဂါကုခြင်း၊ ပျားရည်ထုတ်ခြင်းတို့ကို နှစ်နှစ်ခန့်ကြာအောင် ပညာသင်ယူပြီးမှ ပျားမွေးခြင်းဖြစ်ကြောင်း ပြောသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ကလေးများအတွက် ပုံတူရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေး

**သာစည် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကလေးများအတွက် ပုံတူရေးဆွဲနည်းသင်တန်းကို ဒီဇင်ဘာ ၂၄ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပုံတူရေးဆွဲနည်းသင်တန်းကို ဒီဇင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ကာ သင်တန်းတွင် ဦးမြတ်ကိုကို(ကာတွန်းလူမင်းအောင်)က သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပန်းချီပညာသင်ကြားခြင်းကြောင့် ကလေးများအနေဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းလိုစိတ်ရှိလာခြင်း၊ မိမိကိုယ်ကို အားကိုးယုံကြည်လာခြင်း၊ ကျောင်းသင်ခန်းစာများ၌ ပုံဆွဲဘာသာရပ်များတွင် များစွာအထောက်အကူပြုခြင်း၊ ကျယ်ပြန့်စွာ လေ့လာတတ်လာခြင်းနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်များ ဖြစ်ပေါ်လာစေနိုင်ကြောင်း သင်ကြားပေးမည့် ကာတွန်းလူမင်းအောင်က ပြောကြားသည်။



အဆိုပါသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်အိအိသန်း၏ စီစဉ်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ အမှတ်(၅)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# မိုးညှင်းမြို့တွင် ပထမအကြိမ် လူထု စုပေါင်း စက်ဘီးစီးပွဲကျင်းပ




**မိုးညှင်း ဒီဇင်ဘာ ၂၇**
မိုးညှင်းမြို့နယ်အတွင်းမှ ပြည်သူများနှင့် လူငယ်များ၏ စာရိတ္တနှင့် ကာယဉာဏ အား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မိုးညှင်းမြို့၏ ပထမအကြိမ် လူထုစုပေါင်း စက်ဘီးစီးပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

"လူငယ်လူရွယ်တွေ ကျန်းမာသန်စွမ်းကြဖို့ ကျန်းမာကြံ့ခိုင်ရေးအတွက် လူထု စုပေါင်းစက်ဘီးစီးပွဲကို ပြုလုပ်ပေးတာပါ။ ပြည်သူတစ်ရပ်လုံးက စက်ဘီးအားကစား ကို စိတ်ပါဝင်စားလာစေဖို့ ရည်ရွယ်ပြီး မည်သည့် စက်ဘီးနဲ့မဆို ကျား၊ မ မရွေး၊ လူကြီးလူငယ်မရွေး ပါဝင်နိုင်ကြစေဖို့ ရည်ရွယ်ပြီး ဖိတ်ခေါ်ခဲ့တာပါ" ဟု မိုးညှင်းမြို့နယ် စက်ဘီးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဝင်းက ပြောသည်။

မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူးကလည်း "မြို့နယ်အတွင်းရှိ လူငယ်အများစုအား မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ အာရုံလွှဲနိုင်ရန်အတွက် ယခုလို စက်ဘီးစီးပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ မိုးညှင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးကင်းစင်ပြီး ကာယဉာဏပြည့်စုံတဲ့ မျိုးဆက်သစ်တစ်ရပ် ထွက်ပေါ်လာစေဖို့ အတွက် အခုလိုဆောင်ရွက်ခဲ့တာပါ" ဟု မိုးညှင်းစက်ဘီးစီးအဖွဲ့နာယက မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်က ပြောသည်။

စုပေါင်းစက်ဘီးစီးပွဲတွင် မိုးညှင်းမြို့နေပြည်သူ ၅၀၀ ကျော် စုပေါင်းပါဝင်၍ မိုးညှင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံးရှေ့မှ စတင် တာထွက်ခဲ့ပြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း စီးနင်းကာ မြို့ရှောင်ကားလမ်းမနှင့် မိုးညှင်းဒီဂရီကောလိပ်လမ်းထောင့်၊ ထိုမှတစ်ဆင့် မိုးညှင်းမြို့နယ် ပြည်သူ့အားကစားကွင်းသို့ ပန်းဝင်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပါဝင်စက်ဘီးစီးသူများအား ပြည်သူ့အားကစားကွင်းတွင် ကံစမ်းမဲများဖောက်၍ လက်ဆောင်များ ပေးအပ်ခဲ့သည်။

**မင်းမင်းဦး**

# မြို့နယ်အလိုက် ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

**မြင်းမူ ဒီဇင်ဘာ ၂၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြင်းမူမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၁၇ ခုနှစ် မြို့နယ်အလိုက် ဖိတ်ခေါ်ကြက်တောင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ရွှေမဟာသီရိခန်းမ ကြက်တောင်ရိုက်ကွင်း၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

နှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် မုံရွာ၊ ချောင်းဦး၊ ဝမ်းတွင်း၊ ယင်းမာပင်နှင့် မြင်းမူမြို့နယ်များမှ အားကစားသမား ၃၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နံနက်ပိုင်းမှ ညနေပိုင်းအထိ ကျင်းပကာ ဗိုလ်လုပွဲတွင် မုံရွာ-ဝမ်းတွင်းအတွဲနှင့် ယင်းမာပင်-ဝမ်းတွင်းအတွဲတို့ ယှဉ်ပြိုင်ကစားကြရာ မုံရွာ-ဝမ်းတွင်းအတွဲက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရသွားသည်။

ထို့နောက် ဆုရရှိသော ပြိုင်ပွဲဝင် အားကစားသမားများအား မြို့နယ်ပညာရေးမှူး ဦးမြင့်ဆောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုးတင့်နှင့် မြို့နယ်လဝကဦးစီးမှူး ဦးအောင်မြင့်တို့က ငွေသားဆုများချီးမြှင့်ပေးခဲ့ကြသည်။

**၀၇၇**

# လူထုဗဟိုပြုစီမံကိန်း တတိယစက်ဝန်းဆိုင်ရာ ဆွေးနွေး



**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၂၇**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ကျေးရွာများတွင် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် တတိယစက်ဝန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဒီဇင်ဘာ ၂၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ယခင်နှစ်များက စီမံကိန်းဆောင်ရွက်မှုမှ အားနည်းချက်၊ အားသာချက်များအပေါ် အခြေခံပြီး တတိယစက်ဝန်းတွင် အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးခဲ့ကြသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း စတင်သည့်နှစ်မှစ၍ လမ်း၊ စာသင်ကျောင်း၊ဆေးပေးခန်း၊ ရေပေးဝေရေး လုပ်ငန်းများကို ကျေးရွာနေ ပြည်သူလူထုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီမံကိန်း ဒုတိယ စက်ဝန်းတွင် ကျေးရွာအုပ်စု ၄၇ စုမှ ကျေးရွာပေါင်း ၃၀၉ ရွာ၌ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ စာသင်ကျောင်းနှင့် ဆေးပေးခန်း လုပ်ငန်းပေါင်း ၁၈၇ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တတိယစက်ဝန်း စတင်ဆောင်ရွက်ရန် တွေ့ဆုံပွဲများပြုလုပ်ခြင်းဖြင့် အကြံဉာဏ်များရယူ၍ ပထမဦးစားပေး ဆောင်ရွက်သင့်သည်များကို ရွေးချယ်အကောင်အထည်ဖော်နိုင်ရေးအတွက် ကွင်းဆင်းညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်းဖြစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စာသင်ကျောင်း ခြံစည်းရိုးများ ခတ်ခြင်းလုပ်ငန်း ၄၀ ရာခိုင်နှုန်းနှင့် ကျေးရွာအတွင်း ဂဝံမြေသားလမ်းခင်းခြင်းတွင် ၈၀ ရာခိုင်နှုန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ကျေးရွာအမကကျောင်းအတွက် ဂျပန်ယန်းငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

**မိုးကောင်း ဒီဇင်ဘာ ၂၇**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မရမ်းကျေးရွာရှိ အမက(ပန်ခါယံ)ကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် Japan Myanmar Association ၏ လမ်းညွှန်မှုဖြင့် Nagata Myanmar ကုမ္ပဏီလီမိတက်မှ ဂျပန်ယန်းငွေ သိန်း ၁၀၀ ကို ဒီဇင်ဘာ ၂၅ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ကျောင်းပရိဝုဏ်၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းတို့က အမှာစကားပြောကြားပြီး Japan Myanmar Association မှ Mr.Watanabe Hideo နှင့် Nagata Myanmar ကုမ္ပဏီလီမိတက်မှ Mr. Junichi Kutani တို့က ကျောင်းဆောင်သစ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ဂျပန်ယန်း သိန်း ၁၀၀ ကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် အဆိုပါကျောင်းဆောက်လုပ်ခွင့် ရရှိခဲ့သည့် Three Thiha ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးမိုးကျော်သူက အဆိုပါကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းစိမ်းဝတ်စုံ ၁၅၀ နှင့် ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာတွင် ဂျပန်နိုင်ငံမှ ဧည့်သည်တော်များနှင့် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပန္နက်တင်ပေးခဲ့သည်။

အဆိုပါ အမက(ပန်ခါယံ)ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၈၀၊ အနံ ပေ ၃၀ရှိတစ်ထပ်အဆောက်အအုံဖြစ်ကာ ၂၀၁၈ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**




# ဆောင်းရာသီတွင် နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်း လာရောက်သူများပြား

**တပ်ကုန်း ဒီဇင်ဘာ ၂၇**
နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသည် ဆောင်းရာသီအချိန် အများပြည်သူရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါရေပူစမ်း အပန်းဖြေစခန်းသည် ပင်လောင်းမြို့နယ် တောင်ကျကျေးရွာအနီး၌ တည်ရှိ၍ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်း၊ ကင်းသာ-ပင်လောင်းကားလမ်း မိုင်တိုင် ၂၄/၄ လမ်းခွဲဆုံမှ အတွင်း ၁ မိုင် ၆ ဖာလုံကွာဝေးကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀၀ ခန့်တွင်တည်ရှိပြီး အပူချိန် ၉၀ ဒီဂရီဖြင့် ရေပူများ တစ်နှစ်ပတ်လုံး ထွက်ရှိကြောင်း သိရသည်။ လာရောက်လည်ပတ်သူများအနေဖြင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်နိုင်ကာ တောတောင်သဘာဝ ရှုခင်းများကိုလည်း ကြည့်ရှုခံစားနိုင်မည် ဖြစ်သည်။

**တင်စိုးလွင်**



# ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှု လျှို့ဝှက်ချက်များစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဇင်သန့်ဘာသာပြန်သည့် "ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှုလျှို့ဝှက်ချက်များ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။ **(ယာပုံ)**

ယင်းစာအုပ်သည် နိုင်ငံတကာပုံရိပ်တွင် ထင်ရှားကျော်ကြားသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှု စွမ်းရည်နှင့် ဘဝအားမာန်ကို တင်ပြရေးသားထားသည့် စာအုပ်ဖြစ်သည်။ ဟီလာရီကလင်တန်သည် နိုင်ငံတကာက လေးစားချီးကျူးခြင်းခံရသည့် အမျိုးသမီးဖြစ်ပြီး ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးနှင့် ရဲရင့်ကြံ့ခိုင်သည့် အမျိုးသမီးတစ်ဦးဖြစ်သဖြင့် ယင်းစံနမူနာကို ခေတ်သစ်လူငယ်တို့ အားကျအတုယူနိုင်စေရန်ရည်ရွယ်၍ စာပေဗိမာန်က ထုတ်ဝေပါသည်။ ဤစာအုပ်တွင် အမျိုးသမီးတို့၏ ခေါင်းဆောင်မှုဆိုင်ရာ အတွေးအမြင်များ၊ အမျိုးသမီးများကို ထိခိုက်နစ်နာစေမှုများ၊ လုပ်ပိုင်ခွင့်အာဏာများ၊ လုပ်ငန်းခွင့်ဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများကို နည်းနိသဿယများ၊ ဗျူဟာများဖြင့် တင်ပြထားသည်။ ခေါင်းဆောင်မှုဆိုင်ရာ ပညာရှင်ဖြစ်သူ Rebecca Shambaugh ရေးသားသော စာအုပ်ကို ဆရာဇင်သန့်က ဘာသာပြန်ဆိုသည်။

ရောင်းဈေး ၁၇၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ ) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## ပေါင်မြို့နယ်၌ ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းဖြင့် ရေစင်ရေကန် စာကြည့်တိုက်နှင့် ကျေးရွာခန်းမဖွင့်လှစ်

**ပေါင် ဒီဇင်ဘာ ၂၇**
မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ တောင်ကိုရီးယားသမ္မတနိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်း (ကျေးရွာသစ်လှုပ်ရှားမှု)ကို ပေါင်မြို့နယ်က ဒိုင်ကျေးရွာ၌ ဒီဇင်ဘာလ တတိယပတ်က ကျေးရွာခန်းမရှေ့၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးထွန်းငွေ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်မှူး ဦးကြည်စိုး၊ ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်းမှ မချိုးနဒီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။



စီမံကိန်းကို ကဒိုင်ကျေးရွာတွင် အမေရိကန် ဒေါ်လာ နှစ်သောင်းဖြင့် ကူညီထောက်ပံ့ခဲ့ရာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စီမံကိန်းရေးဆွဲခဲ့ကာ ၂၀၁၆ ခုနှစ်တွင် စီမံကိန်းကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးနောက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား ကျေးရွာနေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေး ဟူသော ကဏ္ဍကြီးသုံးရပ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများမှာ အစည်းအဝေးခန်းမကို အလျား ၄၅ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၃ ပေ တန်းဖိုးငွေကျပ် ၁၄၈၆၀ ဖြင့်လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်ကို အလျား ၁၅ ပေ၊ အနံ ၈ ပေ၊ အမြင့် ၁၂ ပေ တန်းဖိုးငွေကျပ် ၇၄၄၃၀၀၀ ဖြင့်လည်းကောင်း၊ ရေစင်ရေကန်ကို အလျား ၁၂ ပေ၊ အနံ ၈ ပေ၊ အမြင့် ၁၂ ပေ တန်းဖိုးငွေကျပ် ၂၀၇၈၄၂၀ ဖြင့် ပြုလုပ်ခဲ့ပြီး စက်ရေတွင်းတူးဖော်ပေးခြင်း၊ လမ်းထပ်ပိုး ကျောက်မှုန့်ခင်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ဆန်ချီစေတီတော် ဌာပနာသွင်းပူဇော်ခြင်း

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**
နိုင်ငံတော် ဩဝါဒါစရိယ ဦးဆောင်တည်ထားကိုးကွယ်သောသန္တိသုခအဂ္ဂါဘိဇေ ဝေဒိသကဆန်ချီစေတီတော် ဌာပနာသွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာလတတိယပတ်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့မ(၄)ရပ်ရှိ အာသောကာရုံကျောင်းတိုက်အတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဇအေဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တလာဘာဝတ မဟာထေရ်မြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဌာပနာသွင်းမည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ဓာတ်တော်များကို ဆရာတော်ကြီးများအား ဆပ်ကပ်လှူဒါန်းခဲ့သည်။

ဗုဒ္ဓရုပ်ပွားတော်များနှင့် ဓာတ်တော်များကို ဌာပနာတိုက်သို့ ပင့်ဆောင်၍ ဌာပနာသွင်းလှူဒါန်းပူဇော်ပြီးနောက် ဌာပနာတော်တိုက်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ရွှေမိုးငွေမိုးများရွာသွန်းပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ဖျာပုံမြို့နယ်ချောင်းတွင်း ကျေးရွာအနီးအဝေးပြေးကားလမ်းမကြီးဘေး ကျူးကျော်တဲများရှိနေ

**ဖျာပုံ ဒီဇင်ဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီးဖျာပုံခရိုင် ဖျာပုံမြို့တွင် ဖျာပုံ-ရန်ကုန်အဝေးပြေး ကားလမ်းမကြီးအား ADB ချေးငွေဖြင့် မအူပင်-ကျိုက်လတ်၊ ကျိုက်လတ်-ဖျာပုံ အထိသက်ဆိုင်ရာကုမ္ပဏီများမှ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအနီး ကားလမ်းမကြီးဘေးရှိ ကျူးကျော်တဲများကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်းစတင်ဆောင်ရွက်သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ရှင်းလင်းဖယ်ရှားလျက်ရှိရာ စည်းကမ်းလိုက်နာသောကျူးကျော်တဲပိုင်ရှင်များက ဖယ်ရှားပေးခြင်းရှိခဲ့သော်လည်း၊ စည်းကမ်းလိုက်နာခြင်းမရှိသောကျူးကျော်တဲများ ကျန်ရှိနေသည်ကိုယနေ့အထိ တွေ့မြင်နေရသည်။ စည်းကမ်းမဲ့ဆောက်လုပ်နေထိုင်လျက်ရှိသော ကျူးကျော်တဲများကို ရှင်းလင်းဖယ်ရှားပေးရန် လိုအပ်နေကြောင်း သိရသည်။



“ ကျွန်တော်တို့ ဖျာပုံမြို့နယ်မှာ အဝေးပြေးကားလမ်းမကြီးကို သက်ဆိုင်ရာက အဆင့်မြှင့်တင် ပြုပြင်ပေးတဲ့အခါမှာ လမ်းဘေးဝဲ၊ ယာမှာရှိတဲ့ ကျူးကျော်တဲတွေကို ရှင်းလင်းဖယ်ရှားပေးဖို့ အရေးယူဆောင်ရွက်ခဲ့ပါတယ်၊ ဒီလိုအရေးယူဆောင်ရွက်တဲ့အခါမှာစည်းကမ်းလိုက်နာတဲ့သူတွေရှိသလို စည်းကမ်းလိုက်နာမှုမရှိတဲ့သူတွေက အခုအချိန်အထိ ဖျက်သိမ်းပေးမှုမရှိဘဲ ကျူးကျော်နေထိုင်တဲ့အပြင် ထပ်မံတိုးချဲ့ကျူးကျော်နေထိုင်နေတာကို မြင်တွေ့နေရပါတယ်၊ စည်းကမ်းလိုက်နာတဲ့သူတွေက ဖယ်ရှားပေးပြီး မလိုက်နာတဲ့သူတွေက ဒီအတိုင်းနေမြဲတိုင်း ကျူးကျော်နေထိုင်တာတွေက နောင်ကာလမှာ ပိုမိုများပြားလာမှာဖြစ်လို့ ယခုလက်ရှိကျူးကျော်တဲတွေ ကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနဲ့ တစ်ပြေးညီအရေးယူဆောင်ရွက်ပေးသင့်ပါပြီ” ဟု ချောင်းတွင်းကျေးရွာနေဒေသခံ တစ်ဦးက ပြောသည်။ **ဝဇ္ဇ၁**

## ညောင်ဦးမြို့နယ်၌ စက်ရေတွင်းတူးဖော်

**ညောင်ဦး ဒီဇင်ဘာ ၂၇**
တတိယနှစ်စက်ဝန်းလူထုဗဟိုပြုစီမံကိန်းဆောင်ရွက်လျက်ရှိသည့်ကျေးရွာများအနက် ညောင်ဦးမြို့နယ် ဝါခင်းကြီးကျေးရွာ ကြို့ပင်တောတဲတိုက်၌ ဒေသခံကျေးလက်နေပြည်သူများသောက်သုံးရေအဆင်ပြေစေရေး အဝီစိစက်ရေတွင်းတူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ သိရသည်။

အဆိုပါ အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၂၆ ရက်ကမြို့နယ်လူထု ဗဟိုပြု စီမံကိန်းရုံးမှ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများအဖွဲ့က သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ လူထုဗဟိုပြုစီမံကိန်းအောင်မြင်စွာ ဆောင်ရွက်ပြီးစီးနိုင်ရန်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် စာရင်းဇယားများ ရေးသွင်းမှုစနစ်တကျလုပ်ကိုင်ဆောင်ရွက်သွားရန်၊ စီမံကိန်းငွေဖြင့် ဆောင်ရွက်နေသည့်အဝီစိစက်ရေတွင်းတူးဖော်ဆောင်ရွက်မှုလုပ်ငန်းမှ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲခွင့်ရရှိစေရန်နှင့် တာဝန်ရှိသူများက လူထုဗဟိုပြုစီမံကိန်း၏ သတ်မှတ်စည်းကမ်းများနှင့်အညီ ပြီးစီးနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပြည်သူ့ဗဟိုပြုနယ်လှည့်လှုပ်ရှားဆောင်ရွက်

**ရှောင်ဒီဇင်ဘာ ၂၇**
ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရုံးမှ ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၂ ရက်ကရွာငံမြို့ ဈေးတန်းရပ်ကွက်ရှိအခြေခံမူလတန်းကျောင်း၌ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှု နယ်လှည့်လှုပ်ရှားဆောင်ရွက်မှုအဖြစ် ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားစေရန် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာဖတ်ဝိုင်းနှင့် ဆေးရောင်ခြယ်ခြင်းနှင့် ဂိမ်းကစားခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ပြည့်ဖြိုးသန့်က နှစ်(၇၀) ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရွာငံ)**

## အမျိုးသမီးအိမ်တွင်းမှုသင်တန်းဖွင့်

**ကန်ပက်လက် ဒီဇင်ဘာ ၂၇**
ချင်းပြည်နယ် ကန်ပက်လက်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာရေးသင်တန်းကျောင်း အမျိုးသမီးအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလတတိယပတ်ကအဆိုပါ သင်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး ဖွင့်ပွဲသို့ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ကျင့်သုံးဆောင်ရွက်ထားသည့် စံပြစိုက်ခင်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**
မြန်မာနိုင်ငံရှိ သီးနှံများကို ပြည်ပပို့ရောင်းချရာတွင် အရည်အသွေးပြည့်မီသော သီးနှံများဖြစ်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက လယ်ယာလုပ်ငန်းခွင်များတွင် ခေတ်မီနည်းပညာများအသုံးပြုကာ စိုက်ပျိုးနည်းစနစ်မျိုးစုံကို အသုံးပြုစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် သီးနှံအထွက်တိုးစေရန် စပ်မျိုးများကို စိုက်ပျိုးလာကြသည်ကိုလည်း တွေ့မြင်နေရသည်။ သီးနှံအောင်မြင်ဖြစ်ထွန်းသော်လည်း ရိတ်သိမ်းချိန်နှင့် ရာသီဥတုအခြေအနေတို့ကိုလည်း တောင်သူများအနေဖြင့် လေ့လာသိရှိရန်လို အပ်သည်။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဌာနများမှ သီးနှံအလိုက် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးဆောင်ရွက်ထားသည့် စံပြစိုက်ခင်းများကို တိုင်းဒေသကြီး မြို့နယ်အသီးသီးတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။


ဓာတ်ပုံ-အောင်အောင်

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများလိုက်နာကျင့်သုံးဆောင်ရွက်ထားသည့် ရွှေဘိုပေါ်ဆန်း ပျိုးသက်နုကောက်ကွက်ကြဲ SRI စံပြစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးကုန်းကျေးရွာ ကွင်းအမှတ် ၃၀၃၁ ဦးပိုင်အမှတ်(၂၈) တောင်သူ ဦးရွှေမောင်၏ လယ်မြေဧက ၁၀ တွင် ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အဆိုပါစနစ် လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAP စနစ် လိုက်နာဆောင်ရွက်ရန်လိုအပ်ချက်နှင့် အစားအစာဘေးကင်းလုံခြုံရေးအတွက် တောင်သူများ လိုက်နာဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တောင်သူလယ်သမားများက မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ဖြေကြားကြသည်။

ရွှေဘိုပေါ်ဆန်းစပါးစံပြ ၁၀ ဧကအား စံကွက်ရိတ်သိမ်းရာ တစ်ဧက အစို ၁၁၇ တင်းနှုန်းထွက်ရှိကြောင်း၊ လက်ရှိတွင် ရွှေဘိုပေါ်ဆန်းစပါးအသစ်တင်း ၁၀၀ လျှင် ဒေသပေါက်ဈေးငွေကျပ် ၁၂ သိန်းနှုန်းရရှိပြီး အဟောင်းမှာငွေကျပ် ၁၇ သိန်းနှုန်းရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# နှုတ်ဆက်ပါတယ် ၂၀၁၇

## ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)

**လူတို့ရဲ့သက်တမ်း**

၂၀၁၇ ခုနှစ်ဟာ ကုန်ဆုံးသွားပါပြီ။ ၂၀၁၈ ဆိုတဲ့ ခုနှစ်ကို ကူးပြောင်းပါတော့မယ်။ ဒီလိုပဲနှစ်တစ်နှစ်ချင်းစီဟာ မျက်စိရှေ့တင် ကုန်ဆုံးပျောက်ကွယ်နေပါတယ်။ နှစ်တစ်နှစ်ကုန်တိုင်း မိမိတို့ရဲ့အသက်တစ်နှစ်ကြီးလာပြီဆိုတာ သတိချပ်ရပါတော့မယ်။ ကျွန်တော်တို့လူသားတွေ အခုအချိန်နေရတဲ့ ရက်တွေဟာ ပျမ်းမျှအားဖြင့် ရက်ပေါင်းသုံးသောင်းမျှသာ ရှိတာပါ။ ရက်တွေများလွန်း၊ နည်းလွန်းတယ် ထင်ရပေမယ့် သေချာတွက်ကြည့်တော့ သုံးသောင်းတည်းဖြစ်ပါတယ်။ ရက်ပေါင်းသုံးသောင်းဆိုတာ ၈၂ နှစ်နဲ့ နှစ်ရက်တည်းပါ။

လူတို့ရဲ့သက်တမ်းသည် "ရှေ့ခုနစ်ရာ၊ နောက်ငါးရာ၊ မြောက်မှာ တစ်ထောင်မြဲ" ဟူသော အဆိုရှိပါတယ်။ အရှေ့ကျွန်းသားတို့သည် သက်တမ်းနှစ် ၇၀၀၊ အနောက်ကျွန်းသားတို့က သက်တမ်းနှစ် ၅၀၀၊ မြောက်ကျွန်းသားတို့က သက်တမ်းနှစ်ပေါင်းတစ်ထောင် အမြဲတည်ရှိသည်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ တောင်ကျွန်းသားတို့မှာကား သက်တမ်းမမြဲကြ၊ အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်း၊ ထို့နောက် ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းဟူ၍ ဆုတ်ခြည်တက်ခြည်နေပေတော့သည်လို့ဆိုပါတယ်။ ယခုမူကားဆုတ်ကပ်ဖြစ်နေသဖြင့် လူ့သက်တမ်းသည် နှစ်တစ်ရာအောက် တဖြည်းဖြည်းလျော့ဆင်းလာနေပါသည်။ ဘုရားရှင်လက်ထက်တော်က သက်တမ်းနှစ်တစ်ရာတမ်းမှ ယခု ၇၅ နှစ် တမ်းပင်ဖြစ်လာနေသည်ကိုတွေ့ရသည်။ နှစ်တစ်ရာလျှင် တစ်နှစ်လျော့လာနေသည့်သဘောဖြစ်တယ်လို့ မှတ်ရပါတယ်။

"လူ့သက်တမ်းအနှစ် ၅၀ သည်စတုမဟာရာဇ်နတ်တို့၏ တစ်ရက်နှင့်ညီ၏။ စတုမဟာရာဇ်နှစ် ၅၀၀ သည်လူ့သက်တမ်းနှစ်ပေါင်းကိုးသန်းနှင့် ညီမျှသည်ဟုဆိုပါသည်။ အလားတူပင်တာဝတိံသာနတ်သက်သည် စတုမဟာရာဇ်၏ လေးဆဖြစ်ရာ၊ တာဝတိံသာနတ်သက်နှစ်တစ်ထောင်သည် လူ့သက်တမ်းနှစ်ပေါင်းသုံးကုဋေခြောက်သန်း၊ ယာမာနတ်သက်က တာဝတိံသာထက်လေးဆဖြစ်ရာ၊ ယာမာနတ်တို့၏ သက်တမ်းနှစ် ၂၀၀၀သည် လူ့သက်နှစ်ပေါင်း ၁၄ ကုဋေလေးသန်း၊ တုသိတာနတ်တို့က နှစ်ပေါင်း ၄၀၀၀ ရှိရာ၊ ယင်းသည်လူ့သက်တမ်း ၅၇ ကုဋေခြောက်သန်း၊ နိမ္မာနရတိနတ်သက်နှစ်ပေါင်း ၈၀၀၀ က လူ့သက်နှစ်ပေါင်း ၂၃၀ ကုဋေလေးသန်း၊ ပရနိမ္မိတဝသဝတ္တီနတ်သက်နှစ်ပေါင်း ၁၆၀၀၀ သည် လူ့သက်တမ်းနှစ်ပေါင်း ၉၂၁ကုဋေခြောက်သန်းရှိသည်။ တစ်နည်းအားဖြင့်လူ့သက်နှစ် ၅၀ သည် စတုမဟာရာဇ်တစ်ရက်၊ လူ့သက်နှစ်၁၀၀သည် တာဝတိံသာတစ်ရက်၊ လူ့သက်နှစ် ၂၀၀ သည်ယာမာနတ်တစ်ရက်၊ လူ့သက်နှစ် ၄၀၀ သည် တုသိတာနတ်သက်တစ်ရက်၊ လူ့သက်နှစ် ၈၀၀ သည် နိမ္မာနရတိတစ်ရက်၊ လူ့သက်နှစ် ၁၆၀၀ သည် ပရနိမ္မိတနတ်သက်တစ်ရက်နှင့် အသီးသီးညီသည်" လို့ အဘိဓမ္မာကျမ်းမှာ တွေ့ရပါတယ်။ ဖော်ပြခဲ့တဲ့ရက်ပေါင်းသုံးသောင်းဆိုတာ လူတိုင်းအညီအမျှရနိုင်တဲ့ သက်တမ်းဖြစ်ပါတယ်။ ဒီကာလအတွင်း မိမိတို့ရဲ့ ကံအကျိုးတရားပေါ်မူတည်ပြီး သက်တမ်းစေ့နေနိုင်ကြသလို အမျိုးမျိုးသောအခြေအနေတွေနဲ့ တွေ့ကြုံကြရ၊ နာကြရ၊ သက်တမ်းမစေ့နေသွားကြရတာလည်း သတိပြုဆင်ခြင်မိပါတယ်။သက်တမ်းဆယ်နှစ်ကို လက်တစ်ချောင်းလို့သာ သတ်မှတ်ကြည့်ရင် အများဆုံးလက်ဆယ်ချောင်းပဲရှိနိုင်ပါတယ်။

> **"သာမန်လူတွေက အချိန်တွေ ကုန်ဆုံးနေတာကို သတိမပြုကြဘူး။ အသိရှိသူတွေကတော့ ရထားတဲ့အချိန်နဲ့ သူတို့ ဘဝကို မောင်းနှင်ကြတယ်။ အသုံးပြုကြတယ်။ အချိန်ကို တန်ဖိုးရှိရှိအသုံးချကြတယ်။ လူငယ်လေးတွေ အချိန်ကို ကောင်းစွာ ဂရုပြုစေချင်တယ်။ ကောင်းစွာ အသုံးချစေချင်ပါတယ်"**

**အထူးဂရုပြု**

လက်တစ်ချောင်းချင်းစီကို ဆယ်နှစ်ကုန်တိုင်းချိုးလိုက်ရင် လက်ငါးချောင်းဆို အသက်ငါးဆယ်ရှိပြီ။ ခြောက်ချောင်းဆိုရင်တော့ အသက်ခြောက်ဆယ်ရှိပြီပေါ့။ ဒီလက်ငါးချောင်းကျော် ခြောက်ချောင်းလောက်ရောက်ပြီဆို ဇရာဆိုတဲ့ အိုမင်းခြင်းနဲ့ ဗျာဓိဆိုတဲ့ အနာရောဂါအရိပ်မည်းကြီးများ အောက်ကိုပြားပြားဝတ်ရောက်ပါပြီ။ "အသက်အရွယ်ခြောက်ဆယ်ကျမှဖြင့် ကြောက်တယ် ပခုလေ၊ ပူပစေပွား။ သောကြာနေ့ခြောက်ပါစေ၊ လမ်းမျှမသွား၊ ဆိတ်သားခြောက်ငါးခြောက်ဟာကို နောက်တစ် ခါမစား၊ ခြောက်တာဆိုတာများစကားမှ မဆောင်၊ ခြောက်စထောင်ယာဉ်ရထား၊ ဘုရားမခြားမစီးဝံ့ပါပေါင်၊ ခြောက်ဆိုလို့ တစ်မျိုးရှောင်တယ်၊ ပုဆိုးတောင်အဆင်ခြောက်ရင် ခြောက်နယ်ခွင်ကို၊ ရောက်ချင်ဘူးပလေ" ဆိုတဲ့ ဆရာသင်္ခါရဲ့ ဆောင်းပါးတစ်ပုဒ်ထဲက "သွေးသောက်" ဆိုတဲ့တေးထပ်ကလေးပါ။ ခြောက်ဆယ်ဆိုတဲ့ အရွယ်ကိုကြောက်ရပုံတွေကိုဖွဲ့ထားတာပါ။ ခြောက်ဂဏန်း၊ ခြောက်ပါတာတွေကို အကုန်ကြောက်နေရတဲ့ သဘောကို ထိထိရောက်ရောက်ဖွဲ့ထားတာတွေနိုင်ပါတယ်။ သောကြာနေ့က ၆ ဂဏန်းဖြစ်လို့ လမ်းတောင်မလျှောက်ရဲပါဘူးတဲ့။ ဆိတ်သားခြောက်၊ ငါးခြောက်တဲ့ ခြောက်ပါတယ်၊ မစားဝံ့။ အတောင်ခြောက်စရှိတဲ့ ယာဉ်ရထားမစီးဝံ့၊ ပုဆိုးတောင် အဆင်ခြောက်ရင် ဘယ်လောက်ယဉ်ပစေမဆင်ဝံ့ပြီ၊ သိကြာမင်းနေတဲ့နယ်က ခြောက်နယ်ခွင်ကိုတောင် ခြောက်ဂဏန်းပါလို့ ကြောက်တယ်၊ မသွားဝံ့ဘူးတဲ့၊ နှစ်သက်စရာဖြစ်ပါတယ်။ ဒီအရွယ်ကစပြီး လူတိုင်းကျန်းမာရေး၊ အသက်ရှည်ရေး အထူးဂရုပြုမှာလည်း ဖြစ်ပါတယ်။

**အရာရာအိုလာပြီ**

"ခြောက်ဆယ်အရွယ်စမ်းထတယ်" တဲ့။ စမ်းထတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ထိုင်ရာကထရင်၊ တစ်ခုခုကိုကိုင်စမ်းပြီးမှ ထလို့ရလို့ပါ။ ငယ်စဉ်ကလိုစွေ့ခနဲထလို့မရနိုင်တော့ဘူးလေ။ အရိုးအဆစ်တွေအိုလာ၊ ရင့်လာ၊ ပွရောင်းလာပြီ၊ ကိုယ့်အရိုးကိုယ်မနိုင်တော့တာတွေဖြစ်လာပါပြီ။ ခြင်ဆီတွေနည်းလာ၊ အရာရာအိုလာပြီကိုး။

ဒီအသက်ကကျော်လို့၊ ခုနစ်ဆယ်တမ်း၊ ရှစ်ဆယ်တမ်းတွေ ရောက်ရင်တော့ ပိုလို့ဂရုစိုက်ဖို့ပါ။ "ခြေတစ်လှမ်းချင်း၊ ဆင်များနင်းသို့၊ မယွင်းသတိလှမ်းပါဘိလော့၊ လိုသည့်ခရီး၊ ဘေးဆီးရန်ကွာ၊ ရောက်မည်သာတည်း" ဆိုသလို၊ သွားလာတာအထူးဂရုပြုသင့်ပါတယ်။ သက်ကြီးသူများကိုဒုက္ခပေးတတ်တဲ့၊ အရိုးကျိုးခြင်းတွေမဖြစ်စေဖို့၊ ခြေ တစ်လှမ်းချင်းကို သတိပြုဖို့သတိပေးတာပါ။ "မျောက်လိုလှုပ်ရှား၊ ကြောင်လိုစား၊ နွားလိုရေသောက်၊ လိပ်လိုလျှောက်၊ တုတ်ထောက်မပျင်းနှင့်" တဲ့။ သင့်တင့်တဲ့ လှုပ်ရှားမှုလုပ်၊ အစာကိုကြောင်စာလို နည်းနည်းစား၊ ရေများများသောက်၊ လိပ်လိုဖြည်းဖြည်းမှန်မှန်လျှောက်ပါလေ၊ အဲ... မလဲရအောင်၊ တုတ်ကောက်ကလေးနဲ့ သွားဖို့ဆိုထားတာပါ။ "လေရှူလမ်းလျှောက်ရေပိုသောက်၊ အဆီ၊ သကြား၊ ဆားလျှော့စား၊ မေတ္တာစိတ်ကိုပွား"ဆိုတဲ့ အဆိုလေးကလည်း နှစ်သက်စရာပါ။ လေဝဝရှူ၊ လမ်းလျှောက်ပေး၊ ရေပိုသောက်ပေး၊ အဆီ၊ သကြား၊ ဆားတွေလျှော့စား၊ စိတ်အေးချမ်းသာရအောင် မေတ္တာစိတ်ကလေးလည်းပွားပါဦးလားတဲ့။ ဘယ်လိုပဲဖြစ်ပါစေ အိုလာပြီဆိုတိုင်းလည်း သေရမယ်လို့ မဆိုလိုပါဘူး။ သေဖို့နီးလာပေမယ့် မိမိကိုယ်ကိုဂရုပြုရင်၊ ပညာဉာဏ်နဲ့ စောင့်ရှောက်ပြုပြင်ရင် သက်တမ်းစေ့နေသွားနိုင်ပါတယ်။ "အသက်ကြီးလာရင်ဘာမှ မကောင်းဘူး" ဆိုတဲ့ အယူအဆမျိုးလက်မခံသင့်ပါဘူး။ သက်ကြီးသူတွေမှာ အလွန်အဖိုးတန်တဲ့ အတွေ့အကြုံတွေ၊ ဉာဏ်ပညာတွေ ပြည့်ဝပါတယ်။ "သင်ဖွားသော မြေသင်တို့မြေသည်၊ အခြေတိုးမြင့်ကျန်ကောင်းသင့်၏" ဆိုတဲ့ ဆရာဇော်ဂျီရဲ့ "သင်သေသွားသော်" ကဗျာထဲကလို၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံကို ကူညီထောက်ပံ့ပေးနိုင်ပါတယ်။ လူငယ်လေးတွေကို အမွေကောင်းတွေပေး၊ လက်တွဲဆောင်ရွက်နိုင်ပါတယ်။ လူငယ်တွေမှာသာ အနာဂတ်ရှိတာမဟုတ်ပါဘူး။ လူကြီးတွေမှာလည်း၊ အနာဂတ်ရှိနေပါတယ်။ အသက်ရှည်ရှည်ကျန်းကျန်းမာမာနေနိုင်ဖို့ ဘဝလက်ကျန်အချိန်တွေကို အကျိုးရှိရှိသုံးနိုင်ဖို့တွေ ဖြစ်ပါတယ်။ သတိဆိုရာမှာ mindfulness ဆိုတဲ့ သတိပြုမိမှုနဲ့ rememberance ဆိုတဲ့ မှတ်သားထားမှုဆိုပြီး နှစ်မျိုးရှိပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း လူတိုင်းတွေ့ကြုံရမှုတွေကအစ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ "သတိ"တရားတွေကို ဆန်းစစ်ဖို့၊ မမေ့ကြဖို့လိုပါတယ်။

"The common man is not concerned about the passage of time;the man of talent is driven by it".

သာမန်လူတွေက အချိန်တွေကုန်ဆုံးနေတာကို သတိမပြုကြဘူး၊ အသိရှိသူတွေကတော့ ရထားတဲ့အချိန်နဲ့ သူတို့ဘဝကို မောင်းနှင်ကြတယ်၊ အသုံးပြုကြတယ်။ အချိန်ကို တန်ဖိုးရှိရှိအသုံးချကြတယ်။ လူငယ်လေးတွေအချိန်ကို ကောင်းစွာဂရုပြုစေချင်တယ်။ ကောင်းစွာအသုံးချစေချင်ပါတယ်။ အချိန်ကိုကောင်းကောင်း သုံးတတ်သူဟာ ရွှေလိုချင်ရင်ရွှေရပါတယ်၊ ငွေလိုချင်ရင်ငွေပဲရပါတယ်။ကြေးပဲလိုချင်ရင်တော့ ကြေးပဲရမှာပေါ့။ အချိန်ဟာ တန်ဖိုးအကြီးဆုံးပါ။ အကန့်အသတ်နဲ့သာရထားတာပါ။ တန်ဖိုးရှိရှိသုံးကြပါ၊ တန်ဖိုးထားကြပါလို့ တိုက်တွန်းချင်ပါတယ်။

အခုတစ်နှစ်ကုန်လို့ နောက်တစ်နှစ်ကူးပါပြီ။ မိမိအတွက်၊ အများအတွက်၊ မိမိတို့နိုင်ငံအတွက်၊ အရွယ်အားလုံး အချိန်ရခိုက် "အခြေနှင့်မျှ၊ ဉာဏ်ဖြင့်ဆ၍၊ လုံ့လသက်သွင်းသစ်စေနိုင်ကြပါစေ" ကြောင်း ၂၀၁၇ ခုနှစ်ကို နှုတ်ဆက်ရင်း၊ တိုက်တွန်းလိုပါတယ်ခင်ဗျား။ ။

## မြတ်စွယ်တော်အပူဇော်ခံပွဲကျင်းပ

**သရက် ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်သရက်မြို့ သတ္တဌာနဘုရားကြီး၏(၁၂၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲတော်ဖွင့်ပွဲကိုဒီဇင်ဘာ ၂၅ ရက်က မြတ်စွယ်တော်ဂန္ဓကုဋိတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက မြတ်စွယ်တော်အားနေ့စဉ်အပူဇော်ခံရွှေကျောင်းဆောင်သို့ပင့်ဆောင်ခဲ့ပြီး မြတ်စွယ်တော်အားစုပေါင်းကန်တော့ကာ ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယအဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသတ္တမဇောတိကဓဇအဂ္ဂမဟာဌာန စရိယဘွဲ့တံဆိပ်တော်ရဘဒ္ဒန္တကေသရမဟာထေရ် သရက်အောင်မင်္ဂလာဆရာတော်ထံမှ ရှစ်ပါးသီလခံယူ၍ ဆုတောင်းအမျှပေးကြသည်။ ဘုရားပွဲတော်ကြီးကိုဒီဇင်ဘာ ၂၅ ရက်နေ့မှ ဇန်နဝါရီ ၁ ရက်အထိ ရှစ်ညတိုင်တိုင်အောင်ပင်လယ်ဆပ်ကပ်အဖွဲ့၊ ဖိုးချစ်နိုင်ဇာတ်အဖွဲ့နှင့်အတူ တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်၊ နန္ဒစိုး၊ အောင်ထက်တို့ဖြင့် ဘုရားကြီးပိုင်ယဉ်ကျေးမှုဇာတ်ရုံကြီး၌ ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**



## အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းစီမံချက်ကို ငါးနှစ်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်

**ဘားအံ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ်ဒေသအခြေပြု အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းစီမံချက်ကို ငါးနှစ်စီမံချက်ဖြင့် ပြည်နယ်အတွင်းရှိ ကျေးရွာအားလုံးအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာမေခင်သန်းက ပြောသည်။

ဘားအံမြို့ တော်ဝင်ရတနာဟိုတယ် စည်းဝေးခန်းမ၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသော ပြည်နယ်ဒေသအခြေပြုအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းစီမံချက် (၂၀၁၈ - ၂၀၂၂) အပြီးသတ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ တိုက်ရိုက်အကျိုးသက်ရောက်မှုနှင့် သွယ်ဝိုက်အကျိုးသက်ရောက်မှုတွေနဲ့ ကလေးငယ်များအား အာဟာရဖြည့်တင်းမှုလုပ်ငန်း၊ အာဟာရမြှင့်တင်မှုလုပ်ငန်း၊ အာဟာရချို့တဲ့ကလေးငယ်တွေကို ဖော်ထုတ်ပြီး ကုသမှုလုပ်ငန်း သန့်ရှင်းရေးလုပ်ငန်း၊ အမူအကျင့်မြှင့်တင်မှုလုပ်ငန်းတွေ အပါအဝင်အချက် ၁၂ ချက်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ကရင်ပြည်နယ်ဒေသ အခြေပြုအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများပေါင်းစည်းစီမံချက်ကို ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းစီမံချက်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလက စပြီး ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ယူနီဆပ်၏



နည်းပညာ ငွေကြေးအထောက်အပံ့ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီစီမံချက်ကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကနေ ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကော်သူလေးကျန်းမာရေးနဲ့ ကယ်ဆယ်ရေးဌာနတို့ ပူးပေါင်းပြီးတော့ ၎င်းအဖွဲ့အစည်းမှ နယ်မြေလွှမ်းခြုံနိုင်တဲ့ နေရာတွေအထိ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်တယ်" ဟု ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ခေါင်းဆောင်ဆရာဝန် (အာဟာရ) ဒေါက်တာနိုနိုဇင်သက်ကပြောသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာ တင်ဝင်းကျော်က အမှာစကားပြောကြားပေးခဲ့ပြီး ပြည်နယ်အတွင်းမှာရှိသော အာဟာရအခြေအနေကို မြှင့်တင်နိုင်ရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ရည်ရွယ်ပြီးစီမံချက်ကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ - ၂၀၁၆ ဒီမိုကရက်တစ် ဟတ်စစ်တမ်းများအရ ပြည်နယ်အတွင်းရှိ ငါးနှစ်အောက်ကလေးငယ်နာတာရှည်အာဟာရချို့တဲ့မှုကြောင့် အရပ်ပုနှုန်း ၂၅ ရာခိုင်နှုန်းရှိကာ လူလေးဦးလျှင်တစ်ဦးဖြစ်နေပြီး အာဟာရချို့တဲ့မှုကြောင့် ပိန်လှီမှုမှာ ၁၅ ရာခိုင်နှုန်းဖြစ်နေကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးတင်မြ
### အသက်(၈၃)နှစ်

၂၁-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးတင်မြ၏ နာမကျန်းဖြစ်ခဲ့စဉ်တစ်လျှောက်တွင် ကူညီစောင့်ရှောက်ပေးခဲ့ကြပါသော အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)နှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူးများနှင့် ဒုတိယတပ်မှူးများ၊ ကုသမှု ပါရဂူကြီးများ၊ ပါရဂူများ၊ သူနာပြုအရာရှိများ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်း နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဝမ်းနည်းဆုတောင်းစကားပြောကြားသူများအားလုံးနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ကျင်နု
### အသက်(၈၀)

ဗိုလ်ကြီးအေးမင်း(ငြိမ်း)၏ မိခင်ဖြစ်သူ ဒေါ်ကျင်နုသည် ၂၄-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်းမိသားစုများ**

---

## ဗိုလ်ကြီးပြေငြိမ်း (OTS - 57)
### ဒုတိယရဲမှူးကြီး၊ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး

သူငယ်ချင်း ၂၇-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် သူငယ်ချင်းအားလုံးများစွာ စိတ်မကောင်းဖြစ်ရပြီး မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းမိပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိရောက်ပါစေ။

**OTS (57) သူရတပ်ခွဲ၊ ကျောင်းဆင်းဖက်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းလွင်(ခ)ဦးကျောက်လုံး
### အသက်(၇၈)နှစ်

ဦးထွန်းအောင်နိုင် (ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း- ၄၊ ဆည်/ရေဦးစီးဌာန)-ဒေါ်စိန်မြရွှေတို့၏ဖခင် ဦးသိန်းလွင်(ခ)ဦးကျောက်လုံးသည် ၂၂-၁၂-၂၀၁၇ရက် (သောကြာနေ့) ည ၈း၀၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုလုပ်ငန်းရုံး၊ တည်ဆောက်ရေး(၇)ဝန်ထမ်းများ**
**ဆည်/ရေ ဦးစီးဌာန၊ ဝမ်းတွင်းမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းလွင်(ခ)ဦးကျောက်လုံး
### အသက်(၇၈)နှစ်

ဦးထွန်းအောင်နိုင် (ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း- ၄၊ ဆည်/ရေဦးစီးဌာန)-ဒေါ်စိန်မြရွှေတို့၏ဖခင် ဦးသိန်းလွင်(ခ)ဦးကျောက်လုံးသည် ၂၂-၁၂-၂၀၁၇ ရက်(သောကြာနေ့)ည ၈း၀၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုလုပ်ငန်းရုံး၊ တည်ဆောက်ရေး(၄)ဝန်ထမ်းများ**
**ဆည်/ရေ ဦးစီးဌာန၊ ရွှေဘိုမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းလွင်(ခ)ဦးကျောက်လုံး
### အသက်(၇၈)နှစ်

ဦးထွန်းအောင်နိုင် (ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း ၄၊ ဆည်/ရေဦးစီးဌာန)-ဒေါ်စိန်မြရွှေတို့၏ဖခင် ဦးသိန်းလွင်(ခ)ဦးကျောက်လုံးသည် ၂၂-၁၂-၂၀၁၇ ရက်(သောကြာနေ့) ည ၈း၀၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးမင်းသန်း-ဒေါ်သန်းသန်းအေး (မုံရွာမြို့)**

---

## ဦးဘတင် (ပြင်ဦးလွင်)
### စက်မှုလက်မှုသိပ္ပံနည်းပြ(ငြိမ်း)
### အသက်(၇၆)နှစ်

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ င/၅၇နေ ဒေါ်ခင်ခင်ဦး၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့၊ မီးရထားစက်ခေါင်းရုံဝန်ထမ်းအိမ်ရာနေ ဦးကျော်ခိုင်ဦး(ကြီးကြပ်ရေးမှူး၊ စက်ခေါင်း)-ဒေါ်စန်းစန်းဝင်း၊ မန္တလေးမြို့၊ မင်္ဂလာမန္တလေး၊ ဆက်သွယ်ရေးဝန်ထမ်းအိမ်ရာနေ ဦးထွန်းထွန်းဝင်း(Amtt Co.,Ltd)-ဒေါ်မိုးဖြူ(မြန်မာ့ဆက်သွယ်ရေး)တို့၏ဖခင်၊ မြေး၄ယောက်တို့၏အဘိုးသည် ၂၇-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁း၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာမန္တလေးဆက်သွယ်ရေးဝန်ထမ်းအိမ်ရာမှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်နန်းတီး (မြရတနာရွှေဆိုင်၊ ကျိုင်းတုံမြို့)
### အသက်(၆၄)နှစ်

ဦးကျော်တင့် (သုဓမ္မမဏိဇောတရေဘွဲ့နှင့် လူမှုထူးချွန်ဂုဏ်ထူးဆောင်၊ မြရတနာစေတနာ)၏ဇနီး ဒေါ်နန်းတီးသည် ၂၃-၁၂-၂၀၁၇ ရက် နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းမြင့်-ဒေါ်မြင့်မြင့်စိန် မိသားစု**
**တာချီလိတ်မြို့**

---

## ဒေါ်မြင့်မြင့် (တောင်ငူ)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၄၀နေ (ဦးလှဖြိုး-ဒေါ်သိန်းခင်)တို့၏သမီး၊(ဦးမောင်မောင်လှ-ဒေါ်စံသာ)တို့၏သမီးချွေးမ၊ [တကကလှမောင်ကြီး(ကကန)]၏ဇနီး၊ ဦးမြင့်လွင်-ဒေါ်အေးမိစံ၊ ဦးလှမော်-ဒေါ်ပြုံးပြုံးမော်၊ ဦးဟန်မြင့်-ဒေါ်အေးမြင့်ခိုင်၊ ဦးမြင့်လွင်-ဒေါ်အေးအေးခိုင်၊ ဦးစောအောင် - ဒေါ်သီတာတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏ ဘွားဘွားသည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်မြင့်မြင့် (တောင်ငူ)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်လရောင်လမ်း၊ (၃၀)ရပ်ကွက်၊ အမှတ် ၄၀နေ ဦးမြင့်လွင်(ဥက္ကဋ္ဌ၊ ပုဂံညောင်ဦးမြို့နယ်အသင်း-ရန်ကုန်)-ဒေါ်အေးမိစံတို့၏ မိခင်သည် ၂၆-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

### ပုဂံပြည်သားကုမ္ပဏီလီမိတက်
## ဒေါ်မြင့်မြင့် (တောင်ငူ)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်လရောင်လမ်း၊ (၃၀)ရပ်ကွက်၊ အမှတ် ၄၀နေဦးမြင့်လွင် (MD ပုဂံပြည်သားကုမ္ပဏီလီမိတက်)-ဒေါ်အေးမိစံတို့၏မိခင်သည်၂၆-၁၂-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) ဒါရိုက်တာအဖွဲ့

---

## ဒေါ်ခင်စပယ်အောင်
### (အငယ်တန်းစာရေး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်)
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၆၉ (လေးလွှာ-B)နေ ဦးမြင့်အောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန) - ဒေါ်ယဉ်မေ]တို့၏ သမီးသည် ၂၅-၁၂-၂၀၁၇ရက်(တနင်္လာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

---

## ပါမောက္ခ ဒေါက်တာဒေါ်ခင်ခင်ဖြူ
### သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး
### M.B.,B.S, F.R.C.O.G
### ဆေးတက္ကသိုလ်(မန္တလေး)
### အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးထွန်းမြတ်လမ်း၊ အမှတ် ၃၅နေ (စည်သူ၊ သီရိပျံချီ ဒေါက်တာဦးမောင်ကလေး-ဒေါ်စော)တို့၏သမီး၊ (ဦးကျော်ညိန်း)-ဒေါ်တင်ကြည်၊ (ဦးတင်ထွန်း)-ဒေါက်တာဒေါ်ခင်ခင်နီတို့၏ညီမ၊ ဒေါ်ခင်ခင်တင့်၊ (ဦးထွန်းလှ)-ဒေါက်တာဒေါ်ခင်ခင်ကလေးတို့၏အစ်မ၊ ဒေါက်တာနီလာညိန်း (မေ့ဆေး)၊ ဒေါ်သီတာညိန်း၊ ဦးဇော်ဝင်းညိန်း-ဒေါ်သင်းလှဲ့ထွေး၊ ဦးဇော်မင်းညိန်း၊ ဦးဇော်သင်းညိန်း-ဒေါ်သော်တာခိုင်၊ ဒေါ်ခင်စန္ဒာညိန်း၊ Capt.ဦးဝေလွင်-ဒေါက်တာဒေါ်ခင်ဝင်းသန်း၊ Capt.ဦးဝင်းခိုင်ထွန်း-ဒေါ်လှဲ့လှဲ့ဝင်းတို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွားလေးသည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၅၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်ဆွေ (Rosie Toe)
### ရွှေကျင်
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၅နေ(ဦးတိုး-ဒေါ်စောကြည်)တို့၏သမီး၊ မဟာသရေစည်သူICS (ဦးချမ်းသာ-ဒေါ်သစ်သစ်)တို့၏သမီးချွေးမ၊ ဦးရဲခေါင်ညွှန့်၏ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်မြင့်ရီ Baby Toe)-ဦးနန်းနွယ်၊ (ဦးရဲထွဋ်လှ-ဒေါ်မြင့်မြင့်)တို့၏ညီမ၊ ဦးမျိုးတင့်(George Toe)-ဒေါက်တာရီရီအောင်၊ (ဦးရဲကျော်သူ)-ဒေါ်အေးချို၊ (ဦးရဲအောင်မင်း)-ဒေါ်တင်တင်ဝင်း၊ ဦးရဲစိုးမြင့်-ဒေါ်ကြည်ကြည်နုတို့၏အစ်မ၊ ဒေါ်ခင်ဆွေသစ်-ဗိုလ်မှူးထွန်းမောင်(ငြိမ်း)၊ ဒေါက်တာဝင်းမင်းသစ်-ဦးဝေလွင်တို့၏မိခင်၊ မဝေသစ်လွင်-မောင်ဇော်လတ်၊ မခိုင်သစ်လွင်-မောင်ဥက္ကာငွေ၊ဒေါက်တာရဲဝင်းထွန်း၊ မသစ်နုထွန်းတို့၏အဘွား၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်တို့၏ဘွားဘွားကြီး၊ တူ/တူမ ၁၂ယောက်တို့၏ကြီးတော်သည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၇ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်ဆွေ (Rosie Toe)
### အသက်(၈၂)နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်-ဦးဝေလွင်တို့၏ မွေးသမိခင် ဒေါ်ခင်မြင့်ဆွေ (Rosie Toe)သည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနှောက်နှင့်အာရုံကြောဆေးကုသဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးဝေလွင်နှင့်ပါမောက္ခ ဒေါ်ဝင်းမင်းသစ်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်မြင့်ဆွေ အသက်(၈၂)နှစ်သည် ၂၆-၁၂-၂၀၁၇ရက် ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**သက်မြင့်မောင်၊ စံလှ၊ ဝင်းနိုင်၊ သိန်းမြင့်၊ တင်တင်၊**
**သီသီထွေး၊ လှိုင်မြဝင်း၊ တင့်တင့်ကြည်၊ ခင်သီတာသွင်**
**ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)(၁၉၉၂-၁၉၉၅)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်ဆွေ (ရွှေကျင်)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၅နေ ဦးဝေလွင်-ဒေါက်တာဒေါ်ဝင်းမင်းသစ်တို့၏မိခင်ကြီးသည် ၂၆-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**ကိုကျော်-မသက်**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးဝင်းလှိုင်(ပဲခူး) အသက် (၇၁)နှစ်သည် လက်ပံတန်းမြို့၌ ၁၉-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်ဆေးတက္ကသိုလ်(၁) ၁၉၆၅-၁၉၇၂**
**သူငယ်ချင်းများ-မန္တလေး**
**ခွန်စိုးမိုး၊ ခင်မောင်လွင်၊ ခင်အုန်းဟန်၊ စိုးဝင်း-သန်းသန်းနွယ်၊ ဉာဏ်ထွန်း၊ ထွန်းရွှေ၊ မြတ်ထွန်း၊ မျိုးညွန့်၊ ရဲမင်း၊ လှိုင်မိုး၊ သန်းဆွေ၊ သန်းမြင့်**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ
### ကျူတာ-ကျူဖဲကျေးရွာ၊ ဖျာပုံမြို့နယ်
### သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ကျူတာ-ကျူဖဲကျေးရွာ၊ မဟာမင်္ဂလာရာမတိုက်၊ ရွာလယ်ကျောင်းတိုက်ကြီး၏ဦးစီးပဓာန မဟာနာယက ပဝါရဏာဂိုဏ်းအုပ်၊ ဩဝါဒါစရိယ လဒ္ဓိပေသလ သိက္ခာကာမ၊ ဝိနယဂရုက ဖြစ်တော်မူသော် ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၃ရက်) ၃၀-၁၂-၂၀၁၇ရက်(စနေနေ့)၌ စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်၍ (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ ရဟန်းရှင်လူ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**တပည့်သံဃာတော်များနှင့်**
**ဒါယကာ၊ ဒါယိကာမများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးလှမောင်
### အသက်(၉၁)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးလှထွေး(ငြိမ်း)၏ ချစ်လှစွာသော ဖခင်ကြီး ဦးလှမောင် အသက်(၉၁)နှစ်သည် ၂၅-၁၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေလှိုင် (မုဒုံ၊ တံခွန်တိုင်)
### အသက်(၉၀)

ဗိုလ်မှူးလွင်ဦးမောင်(ငြိမ်း) [ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း]-ဒေါ်ခင်လှလှတို့၏မိခင် ဒေါ်ငွေလှိုင်သည် ၂၄-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေလှိုင် (မုဒုံ/တံခွန်တိုင်)
### အသက်(၉၀)

ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာငြိမ်းငြိမ်းလှိုင်၏မိခင် ဒေါ်ငွေလှိုင်(မုဒုံ/တံခွန်တိုင်)သည် ၂၄-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများ**
**သတ္တဗေဒဌာန**
**ရန်ကုန်တက္ကသိုလ်**

---

## ဒေါ်ဆွေဆွေနွဲ့ အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝေဘာတိုက်ရပ်ကွက်၊ ဓမ္မရက္ခိတလမ်း၊ အမှတ် ၃/၉၅နေ ဦးခင်ငွေ(ရဲမှူး၊ ငြိမ်း)၏ဇနီး၊ (မောင်ဇော်မင်းဦး)၊ မောင်ထွန်းထွန်းခိုင်-မဇာဇာ၊ မနှင်းဝတ်ရည်၊ မချယ်ရီမွန်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၆-၁၂-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နှင်းကြိုင်
### အသက်(၆၄)နှစ်

ဦးထွန်းကျော်ကျော် (ဒုတိယညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏ မိခင်ဖြစ်သူ ဒေါ်နှင်းကြိုင်၊ အသက်(၆၄)နှစ်သည် ပဲခူးတိုင်းဒေသကြီး၊ ပဲနွယ်ကုန်းမြို့ရှိ နေအိမ်၌ ၂၅-၁၂-၂၀၁၇ရက်၊ နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးအမ်ဆင်ရမ်
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၀၉(ခ)နေ ဦးအမ်ဆင်ဆားရ်-ဒေါ်ယုံထန်နန်တို့၏သား၊ ဦးဖေသိန်း(UPT)-ဒေါ်စန်းမြင့်တို့၏သားသမက်၊ ဒေါ်အမ်မာဂရက်၊ (ဦးအမ်ဖုန်ဆားရ်)၊ ဒေါ်အမ်နင်ဆားရ်၊ (ဦးအမ်အားဒီး)၊ ဒေါ်အမ်ဆိုင်းယဉ်၊ (ဦးအမ်အားခင်)၊ ဒေါ်အမ်ဇမီဆားရ်တို့၏ညီ/မောင်၊ ဒေါ်အမ်အားထန်၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုး၊ မောင်အမ်ဖုန်ဇက်အောင်(ခ)ဝင်းခန့်ဖေသိန်း(Grade-8, B, MLA International School)၊ မောင်အမ်ဒီးရမ်(ခ)လင်းခန့်ဖေသိန်း(Grade-6, A, MLA International School)တို့၏ဖခင်၊ ဒေါ်ချိုချိုစန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ဗဟန်းမြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးအမ်ဆင်ရမ်
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၀၉(ခ)နေ ဦးအမ်ဆင်ဆားရ်-ဒေါ်ယုံထန်နန်တို့၏သား၊ ဦးဖေသိန်း(UPT)-ဒေါ်စန်းမြင့်တို့၏သားသမက်၊ ဒေါ်ချိုချိုစန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းခန့်ဖေသိန်း(Grade-8, B, MLA International School)၊ မောင်လင်းခန့်ဖေသိန်း(Grade-6, A, MLA International School)တို့၏ဖခင်၊ ဦးအောင်ဝင်း-ဒေါ်အေးအေးစန်း၊ ဦးအောင်မော်သိန်း-ဒေါ်ကြူကြူသင်း၊ ဦးစံလင်း-ဒေါ်ကြည်ကြည်စန်း၊ ဒေါ်အေးအေးမြင့်တို့၏မောင်သည် ၂၆-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(တောင်ဥက္ကလာပမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဦးပိန်တံတားနှင့် တောင်သမန်အင်း၌ LED မီးလုံး သန်း ၈၀ ကျော်ဖြင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များ ထွန်းညှိအလှဆင်ထား



**မန္တလေး ဒီဇင်ဘာ ၂၇**

ပြည်တွင်း၊ ပြည်ပ ခရီးသွားများနှင့် မန္တလေးဒေသခံပြည်သူများ စိတ်အပန်းဖြေမှုရရှိစေရန် ဦးပိန်တံတားနှင့် တောင်သမန်အင်းတွင် သုံးပန်လှအလှတရားများနှင့် ပေါင်းစပ်၍ Myanmar LED Beautiful world အစီအစဉ်ဖြင့် LED မီးလုံး သန်း ၈၀ ကျော် ချိတ်ဆွဲအလှဆင်ပြသမှုအား နေ့စဉ်လာရောက် ကြည့်ရှုခံစားသူ လေးထောင်နီးပါးရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မီးအလှဆင်ပြသမှုအား LOVE & JOY LED ကမ္ဘာမီးအလှဆင်ကုမ္ပဏီက စီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ ၁၅ ရက်တိုင်တိုင် နေ့စဉ်ညနေ ၅ နာရီမှ ည ၁၂ နာရီအထိ ပြသသွားမည်ဖြစ်ပြီး

*စာမျက်နှာ ၄ ကော်လံ ၂* ◆

## လေဖိအားနည်းရပ်ဝန်းအားပျော့

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ မလေးကျွန်းဆွယ်အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။ **မိုး/ဇလ**

## မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများ ရာသီကြိုခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၁၈ ရာသီအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

ရာသီကြိုခြေစမ်းပွဲများတွင် ဇွဲကပင်၊ မကွေး၊ ရှောဝတီ၊ Southern နှင့် ရန်ကုန်အသင်းတို့ အနိုင်ရခဲ့ပြီး နာမည်ကြီးအသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ရှုံးပွဲ ကြုံတွေ့ခဲ့သည်။ ဇွဲကပင်အသင်းသည် ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားခဲ့ပြီး ပထမဆုံး နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ဇွဲကပင်အတွက်ဂိုးများကို ပြုံးချို၊ မောင်မောင်ဝင်းနှင့် ဆောင်တို့က သွင်းယူခဲ့ပြီး

*စာမျက်နှာ ၄ ကော်လံ ၁* ❊

## သန်လျင်မြို့ဟောင်း အရှေ့ရပ်ကွက် သစ်စက်လမ်းမပေါ်၌ YBS 31 ယာဉ် မီးလောင်မှုဖြစ်ပွား

စာ » ၁၂

## ဆီးရီးယားရှိ အိုင်အက်စ် တိုက်ခိုက်ရေး သမားဟောင်းများကို အမေရိကန်က လေ့ကျင့်ပေးနေသည်ဟု ရုရှားစွပ်စွဲ

စာ » ၁၄

# KBZ Bank Women's League ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား မတိုင်မီ နာမည်ကြီး တေးသံရှင်များဖြစ်သည့် ဖြိုးကြီး၊ အားတီ၊ ပိုပို၊ ဂျင်းနီနှင့် ကာကာတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ်ကော်မတီဥက္ကဋ္ဌ ဦးလှဋ္ဌေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ KBZ Bank Deputy Managing Director ဒေါ်မြင့်မြင့်ချိုတို့က ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပထမနေ့အဖြစ် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။ လက်ရှိ ချန်ပီယံမြဝတီအသင်းသည် ၆၈ မိနစ်တွင် ဝင်းသီရိထွန်း သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နော်အားလိုဝါးဖောက ၈၄ မိနစ်တွင် သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းပြိုင်ပွဲကို လက်ရှိချန်ပီယံ မြဝတီအသင်းအပါအဝင် သစ္စာအားမာန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊

*စာမျက်နှာ ၁၃ ကော်လံ ၆* ❋



မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-စိုးညွန့်

